
www.burmeseclassic.com
ဦးမိုးစာပေ
BURMESE CLASSIC
မိုးသက်လင်းထက်
အလွဲကောင်းလေး လွဲသွားတယ်
Design L လင်း
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

အဖုံးဒီဇိုင်း - ဖိုးဒေါ်သန်း

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်။

အတွင်းဖလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - ကိုသန်းငွေ

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၆၀၀ ကျပ်

မိုးဆက်လင်းထက်
အလွဲကောင်းလေးလွဲသွားတယ် / မိုးဆက်လင်းထက်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၁၄၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) အလွဲတောင်းလေးလွဲသွားတယ်


www.burmeseclassic.com

www.burmeseclassic.com



၆

မနက် (၄)နာရီ ထိုးသည်ဆိုရင်ပဲ ရပ်ကွက်ထိပ် ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်သံ ကြားရသည်။ ခဏအကြာတွင် လင်းအဥ္စ နာရီကို တစ်ချက်ကြည့်၍ Internet သုံးနေရာမှ ထလိုက်၏။ ထို့နောက် ဆိုင်ကောင်တာတွင် ဝမ်းလျားမှောက်ကာ အိပ်နေသော စိုင်းနွံကို နှိုးလိုက်၏။ စိုင်းနွံက အိပ်ချင်မူးတူးနှင့် ခေါင်းမော့ကြည့်ပြီး-

"ကိုအဥ္စ ပြီးပြီလား"

"ပြီးပြီ ပြန်တော့မယ်"

"ခင်ဗျားလည်း ပြန်ဦးမှပဲ မနက် ပဲပြုတ်သည်တောင် ထွက်တော့မယ်"

"အေးပါကွာ မင်းတို့ကလည်း ကိုယ့်ဆိုင်လာသုံးတဲ့ ကာစတန်မာကို ဒီလိုပြောရလား"

"တစ်ညလည်းမဟုတ် နှစ်ညလည်းမဟုတ် နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



ရက်ဆက်ဆိုတော့ ကျွန်တော်လည်း တစ်နေ့တခြား ပိန်ချုံးလာပြီဗျ"

လင်းအဂ္ဂက ရယ်လိုက်၏။ ထို့နောက် ကျသင့်ငွေကိုပေး၍ ဆိုင်ထဲက ထွက်လိုက်သည်။ ဆိုင်အပြင်က ဘာဂျာတံခါးကို စိုင်းနွံက သော့ဖွင့်ပေးလိုက်တော့ လင်းအဂ္ဂ နှုတ်ဆက်ရင်း ထွက်လာခဲ့၏။

မနက်ခင်း (၄)နာရီ လေပြည်နုနုက လင်းအဂ္ဂ မျက်နှာကို ပက်ဖြန်းလိုက်၍ တစ်ချက်လန်းဆန်းသွားသည်။ ထို့နောက် ပုံမှန် ခြေလှမ်းများနဲ့ အိမ်သို့ ပြန်လာခဲ့လိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



၁

"ထောက်... တလောက်... တောက်... တောက်"

ရုတ်တရုတ် သူ့ခြေထောက်ရှေ့ ပြုတ်ကျလာသော ခဲလုံးတစ်လုံး။ လင်းအဂ္ဂ ပြူးကြောင်ကြောင်နဲ့ ကြည့်နေရင်းမှ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ ပတ်ဝန်းကျင်မှာက တိတ်ဆိတ် ငြိမ်သက်လျက် ဘယ်သူမှ မရှိ။

လင်းအဂ္ဂ ကြက်သီးတစ်ချက်ထသွားပြီး ထိုနေရာက ခပ်သွက်သွက် လျှောက်သွားဖို့ ဆုံးဖြတ်လိုက်၏။ ထိုအချိန်မှာ နောက်ခဲလုံးတစ်လုံး ထပ်ကျလာသည်။

ဒီတစ်ခါတော့ လင်းအဂ္ဂ ထိုနေရာမှ လမ်းလျှောက်မနေတော့ဘဲ အိမ်သို့ တစ်ချိုးတည်း သုတ်ခြေတင်ခဲ့လိုက်ပါတော့၏။ မပြေးခံနိုင်ရိုးလား သူရောက်နေတဲ့နေရာက မနေ့တစ်နေ့ကမှ ဆုံးထားသော ဦးဘသစ်ကြီး အိမ်ရှေ့မှာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ တစ်ယောက်ယောက် နောက်တာ ဟုတ်ချင်ဟုတ်၊ မဟုတ်ရင် သရဲခြောက်တာပဲဆိုတာ သေချာသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



လင်းအဂ္ဂကို ဦးဘသစ်က မနက်လေးနာရီတွင် ခဲနဲ့ပစ်ပြီး ခြောက်လိုက်သောကိစ္စသည် နံနက်ခင်းတွင် ပဲပြုတ်သည် ပွားစိန်မကြီး လိုက်ပြော၍ တစ်ရပ်ကွက်လုံးသို့ ပျံ့နှံ့ကာသွား၏။ ထိုကိစ္စကို ပွားစိန်မ ပါးစပ်ထဲ ထည့်ပေးလိုက်သူမှာ လင်းအဂ္ဂတို့ အဒေါ် ဒေါ်ဇင်မာ ဖြစ်၏။

လင်းအဂ္ဂက ညက အူးယားဖားယား ပြန်လာသည်ကို တံခါးထဖွင့်ပေးရသော ဒေါ်ဇင်မာက သူ့တူ ပြောပြတာတွေ နားထောင်ပြီး မနက် ပဲပြုတ်ထွက်ဝယ်ရင်း ပွားစိန်မကို ဖောက်သည်ချခဲ့ခြင်း ဖြစ်သည်။ ပွားစိန်မဆိုတာက ရပ်ကွက်မောင်း၊ သူ့ပါးစပ်ထဲ ရောက်သွားလျှင် BBC၊ VOA ထက်မြန်သည်။ ထို့ကြောင့် ခဏခြင်းပင် ရပ်ကွက်ထဲ ပျံ့သွား၏။

ဒါကို နေ့လယ်တစ်နာရီလောက်မှ အိပ်ရာက ထလာသော လင်းအဂ္ဂက သူ့ကိစ္စ တစ်ရပ်ကွက်လုံး ပျံ့သွားပြီကို မသိ။ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီး လက်ဖက်ရည်ဆိုင် ထွက်လာတော့မှ ပြဿနာ တက်တော့သည်။ လက်ဖက်ရည်ဆိုင်ရောက်တော့ ကွယ်လွန်သူ ဦးဘသစ်ရဲ့ သမီးအကြီးဆုံးမက သူ့ဆီ တန်းတန်းမတ်မတ်ကြီး လာပြီး ခါးထောက်လိုက်ကာ-

"နေစမ်းပါဦး၊ နင်က ငါ့အဖေကို သရဲလို့ စွပ်စွဲရအောင် ငါ့အဖေက ဘုရားနဲ့ တရားနဲ့ ဟဲ့၊ နင့်လို လတ်လျားလတ်လျား အချိန်ဖြုန်းနေတဲ့ကောင် မဟုတ်ဘူး နားလည်လား"

လင်းအဂ္ဂ ခဏတော့ ကြောင်သွား၏။ ပြီးတော့မှ နား မလည်နိုင်သလို တစ်ချက်ကြည့်၍-

"ခင်ဗျား ကျွန်တော့်ကို ဘာလာပြောနေတာလဲ ဟင်"

"ဘာတွေလာပြောရမှာလဲ နင်လုပ်ခဲ့တဲ့ကိစ္စ နင်သိမှာပေါ့"

လင်းအဂ္ဂ တစ်ချက် တွေဝေသွားသည်။ သူ ဘာတွေလုပ်ခဲ့ လို့လည်း၊ သူ့ကိုယ်သူလည်း ဘာမှရေရေရာရာ မသိ။

"အစ်မ ပြောနေတာ ကျွန်တော်တစ်ခုမှ နားမလည်ဘူး ဗျ၊ ကျွန်တော့်ကို နားလည်အောင် ရှင်းပြပါ"

"အေးပေါ့လေ နင်က ရှင်းပြဆိုတော့လည်း ရှင်းပြရတာ ပေါ့။ ညက နင်ငါတို့အိမ်ရှေ့မှာ သရဲခြောက်ခံရတယ်ဆို… အဲဒါ ငါတို့ အဖေက နင့်ကို ခြောက်လိုက်တာလို့ လျှောက်ပြောတယ်ဆို"

ဦးဘသစ် သမီးအကြီးမရဲ့ စကားဆုံးတော့ လင်းအဂ္ဂ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ကျသွား၏။ သူ အဲဒီစကားကို ပြောမိခဲ့တာတော့ အမှန်ပင်ဖြစ်၏။ သို့သော် သူပြောမိခဲ့တာက သူ့အဒေါ် အပျိုကြီးကိုပင် ဖြစ်သည်။ ဘယ်လိုဖြစ်ပြီး ဒီနေ့မနက်တွင် ဦးဘသစ်တို့အိမ်သို့ ထိုစကား ရောက်သွားခဲ့ရသည် မသိ။

သူ့ အဒေါ်ပဲ သွားပြောခဲ့သလား။

ဒါတော့ မဖြစ်နိုင်။ သူ့ အဒေါ်ကတော့ ထူထူထောင် ထောင်လုပ်ပြီး ထိုစကားကို ဦးဘသစ်တို့ အိမ်တိုင်ရာရောက် သွားပြောမှာ မဟုတ်။

ဒါဆို…

"ဟဲ့ ငါမေးနေတယ်လေ၊ နင်ဘာလို့ အဲဒီစကားကို သွား ပြောတာလဲ၊ ငါ့အဖေက သေပြီး သရဲဖြစ်နေရအောင် ဘုရားနဲ့ တရားနဲ့နေတာဟဲ့"

ဦးဘသစ်ရဲ့ သမီးက တော်တော်စိတ်ဆိုးနေသည်။ သူ့အဖေ ကို သေတာမှပဲ ရက်မလည်သေး သရဲဟု အစွပ်အစွဲခံရသော ကြောင့် ဒေါသူပုန်ထနေပုံလည်း ရ၏။

လင်းအဂ္ဂက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက် ကာ-

"အေးအေးဆေးဆေးပြောပါ အစ်မရယ်။ လူတွေလည်း ဝိုင်းကြည့်နေပြီ မသင့်တော်ပါဘူး။ ပြီးတော့ ကျွန်တော်တို့က တစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ကွက်သားချင်းတွေပဲ အေးအေးဆေးဆေးပေါ့ မဟုတ်ဘူးလား"

"အေး ဒါဆို နင်အဲ့ဒီကိစ္စကို ပြန်ရှင်းပေး ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ အစ်မ၊ ကျွန်တော် ပြန်ရှင်းပေးပါ့မယ်၊ ဒါပေမဲ့ အဲဒီကိစ္စက ဘယ်ကဘယ်လို သတင်းထွက်သွားလဲဆိုတာ ကျွန်တော် မသိဘူး"

"ဒါဆို နင်က မပြောခဲ့ဘူးလို့ ဆိုလိုတာပေါ့"

ဦးဘသစ် သမီးအကြီးက ရွဲ့ကာမေးသည့်စကား၊ ပြောရင်း ပြောရင်းနှင့် စကားတွေက ထပ်ရှုပ်လာပြီဖြစ်သဖြင့် လင်းအဂ္ဂ စကားကို အတိအလင်း ဖြတ်ဖို့လုပ်သည်။

"ဟုတ်ပြီ ဟုတ်ပြီ၊ ကျွန်တော် ပြန်ရှင်းပေးမယ်နော် ကျေနပ်ပြီလား"

ဦးဘသစ် သမီးအကြီးမ မျက်စောင်းထိုး၍ ထိုနေရာမှ လှည့်ထွက်သွား၏။ လင်းအဂ္ဂလည်း လက်ဖက်ရည်ဖိုး အမြန်ရှင်း ကာ အိမ်သို့ သုတ်ချေတင်ခဲ့လိုက်ပါတော့သည်။

အိမ်ရောက်တော့ သူ့အဒေါ်ကို ရှာသည်။ သူ့ အဒေါ်ကို မီးဖိုချောင်မှာ အလုပ်ရှုပ်နေတာ တွေ့ရ၏။ သူက တွေ့တွေ့ချင်း-

"ဒေါ်လေး"

"ဘာလဲဟယ်... ပြော"

ဒေါ်ဇင်မာက ဟင်းအိုးတစ်ချက် လှန်ကြည့်ပြီး မွှေနေရာမှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မရှည်သလို လှမ်းပြောသည်။ လင်းအဂ္ဂက-

"ဒေါ်လေး မနက်က ကျွန်တော် ပြောတဲ့ကိစ္စ ဘယ်သူ့ကို သွားပြောလိုက်သေးလဲ"

"ဘာကိစ္စလဲ"

"ဦးဘသစ် အိမ်ရှေ့မှာဖြစ်ခဲ့တဲ့ ကိစ္စလေ"

ဒေါ်ဇင်မာက ဟင်းအပေါ်အငန်ကို တစ်ချက်မြည်းလိုက်သည်။ ထို့နောက် ဟင်းထဲသို့ ဆားအနည်းငယ် ထပ်ထည့်၍ မွှေလိုက်ပြီး-

"နင်ဘာတွေလာ မေးနေတာလဲ၊ ငါဒီမှာ အလုပ်ရှုပ်ရတဲ့ အထဲနော်"

"ဒေါ်လေး အလုပ်ရှုပ်တာနောက်မှထား၊ ဒီမှာ ကျွန်တော် ပြဿနာတက်လာတယ်၊ အဲဒီကိစ္စ ဒေါ်လေးမှာ တာဝန်ရှိတယ်"

ဒေါ်ဇင်မာ ဒီတစ်ခါတော့ ဟင်းအိုးဖုံးကိုပိတ်ကာ လှည့်ကြည့်လိုက်သည်။

"ဘာပြဿနာလဲ ပြောစမ်းပါဦး"

"ကျွန်တော့်ကို ခုန ဦးဘသစ်သမီး အကြီးမက ပြဿနာလာရှာသွားတယ်၊ သူ့အဖေက ကျွန်တော့်ကို ခြောက်လှန့်လိုက်တယ်လို့ တစ်ရပ်ကွက်လုံး လျှောက်ပြောလို့တဲ့။ အဲဒါ မကျေနပ်နိုင်လို့ ဆိုပြီး ပြဿနာလာရှာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ… ဘယ်လို"

"ဟုတ်တယ်၊ ကြားတဲ့အတိုင်းပဲ အဲ့ဒီ့ကိစ္စကို ကျွန်တော် ပြောတာဆိုလို့ ဒေါ်လေးကိုပဲ ပြောဖူးတာ၊ ငြိုးတော့ ကျွန်တော် အိပ်သွားတာလေ၊ ခုန လက်ဖက်ရည်ဆိုင်သွားတော့ ပြဿနာ ရှာခံရတော့တာပဲ"

ဒေါ်ဇင်မာ ငြိမ်သွား၏။ သူ ထိုကိစ္စကို တယောက်ယောက် ကို ပြောမိလိုက်သည်ဟု ခံစားမိ၏။ ဘယ်သူ့ကို လဲဆိုတာ ရုတ် တရက် မမှတ်မိ၊ ခဏကြာတော့မှ မနက်က ဒေါ်ပွားစိန် (ခေါ်) ပွားစိန်မကြီးကို ပြောပြလိုက်တာ သတိရ၍-

"ဒါ… ဒါ ပွားစိန်မ လက်ချက်ပဲ၊ ပွားစိန်မ လက်ချက်"

"ပဲပြုတ်သည် ဒေါ်ပွားစိန်လား"

"ဟုတ်တယ်… ဟုတ်တယ်… ငါ သူ့ကို ပြောပြလိုက် တယ်"

လင်းအဂ္ဂက ကိုယ့်နဖူးကို ဖြန်းခနဲ ရိုက်ချပစ်လိုက်ကာ-

"သေပါတော့ ဒေါ်လေးရယ် ရပ်ကွက်စပီကာကိုမှ သွား ပြောရသလား၊ ဒါ့ကြောင့် ဒီသတင်း ဒီအချိန်လေးနဲ့ တစ်ရပ်ကွက် လုံး ပျံ့သွားတာကိုး"

ဒေါ်ဇင်မာက သက်ပြင်းကို ချ၍-

"ငါလည်း သတင်းထူးဆိုတော့ တစ်ယောက်ယောက်ကို

www.burmeseclassic.com



ပြောချင်စောကြီးသွားတာနဲ့ ပြောလိုက်မိတာပါဟယ်”

“ဒါဆိုလည်း တခြားတစ်ယောက်ယောက်ကို ပြောပေါ့ဗျာ ဘာလို့ ဒီအဘွားကြီးကို သွားပြောရတာလဲ”

“ဟဲ့ ငါနဲ့အရင်ဆုံး စတွေ့တဲ့လူဆိုလို့ သူပဲရှိတာကိုး သူ့ကိုမပြောလို့ ငါ ဘယ်သူ့ကို သွားပြောရမှာလဲ”

“အခုဆို ဒေါ်လေးအပြောကောင်းလို့ ကျွန်တော် ပြဿနာ တက်ပြီ ဘယ်လိုလုပ်မလဲ”

“နင်က သူတို့ကို ဘယ်လိုပြန်ပြောခဲ့လဲ”

“အဲဒီကိစ္စ မဟုတ်ပါဘူးလို့၊ ကျွန်တော် ပြန်ပြင်ပြောပေးမယ်လို့ ကတိပေးခဲ့တယ်”

“ဒါကတော့ မလွယ်ဘူးဟဲ့၊ တစ်ရပ်ကွက်လုံးကို လိုက်ပြောဖို့ဆိုတာ မလွယ်ဘူး”

“ဒါဆိုရင် ရပ်ကွက်ကို သတင်းဖြန့်ခဲ့တဲ့ ပွားစိန်မကြီးကိုပဲ မဟုတ်ဘူးလို့ ပြန်ပြောလိုက်ပေါ့။ သူ့တုတ်နဲ့ သူပြန်ရိုက်ရမှာပဲ”

“အေးပါဟယ်… အေးပါ၊ ငါပဲ ကြည့်ကောင်းအောင် ပြန်ပြောပေးပါ့မယ်။ အဓိကက ဦးဘသစ် သရဲမဟုတ်ရင် ပြီးရော မဟုတ်လား”

“ပြီးရော”

“ဒါဆိုလည်းသွားတော့၊ ငါ ဟင်းအိုးလုပ်လိုက်ဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



နင်တို့ရဲ့ ဘာမဟုတ်တဲ့ ကိစ္စတွေနဲ့ ငါဟင်းအိုးတော့ အတူးမခံနိုင်ဘူး သွား… သွား”

ဒေါ်ဇင်မာက လက်ခါထုတ်ကာ နှင်လိုက်သည်။ လင်းအဂ္ဂ က မီးဖိုခန်းထဲမှ ညှိခန်းသို့ ထွက်လာခဲ့လိုက်ပါတော့၏။ ညှိခန်း မှာထိုင်ရင်း စားပွဲပေါ်တင်ထားသော သတင်းစာကို ကောက်ဖတ်နေ လိုက်တော့သည်။ သတင်းတွေကတော့ ပါနေကျ သတင်းတွေသာ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် တစ်ရပ်ကွက်လုံးသို့ သတင်းတစ်ခု ထပ်မံပျံ့လွင့်သွား၏။ ထိုသတင်းမှာ လင်းအဂ္ဂကို ခြောက်လှန့်ခဲ့သော သရဲမှာ ဦးဘသစ်မဟုတ်။ တခြား သရဲတစ်ကောင်ကောင် သာဖြစ်ကြောင်း ဖြစ်၏။ ယခင်က ထိုနေရာတွင် ဒီလိုအဖြစ်ပျက်မျိုး တွေ မကြုံတွေ့ခဲ့ဘူးသောကြောင့် မယုံကြည်သူများက မယုံကြ။ ယုံကြည်သူများကလည်း နာနာဘာဝ၊ ဝိနာဘာဝများဆိုတာ နေရာတိုင်းတွင် ရှိတတ်သောကြောင့် ဖြစ်နိုင်သည်ဟု ဆိုလာသည်။

ဦးဘသစ်တို့ အိမ်ကတော့ ကိုယ့်အပူနဲ့ကိုယ်မို့ ထိုကိစ္စကို လျစ်လျူရှုထားသည်။ ဦးဘသစ် သမီးတွေကတော့ သူတို့အဖေ သရဲ မဟုတ်တော့၍ နောက်ထွက်လာတဲ့ သတင်းကို ကျေနပ်နေကြ၏။

ဘာပဲဖြစ်ဖြစ် အဲဒီသတင်း ထွက်လာပြီးနောက် ထိုနေရာသို့ ဖြတ်သွားဖြတ်လာ လုပ်သူများ ရင်ထဲ၌ တစ်မျိုးတစ်မည် ဖြစ်လာကြ သည်။ နေ့ခင်းကြောင်တောင် ဖြတ်သွားရင်တောင် ဟိုကြည့်ဒီကြည့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်လာကြ၏။ ထိုနေရာကလည်း ကုက္ကိုလ်ပင်ကြီး တစ်ပင်ရှိနေ၍ ထွက်ရှိနေသော သတင်းနှင့် ပဏာရလှ၏။

နေ့လယ်ခင်းတောင် ဒီလိုဖြစ်နေရင် ညဘက်ဆိုရင်တော့ ဝေလာဝေး၊ ညဘက်အလုပ်လုပ်လေ့ရှိသော မုန့်ဖက်ထုပ်သည် မောင်ပြုး၊ မနက်စောစောထ၍ သွားရလေ့ရှိသော ပဲပြုတ်သည် ပွားစိန်မတို့မှာ ထိုနေရာသို့ လုံးဝဖြတ်မသွားတော့၊ တခြားလမ်းမှ ကွေ့သွားကာ ထိုနေရာကို ရှောင်သွားကြသည်။ ယုတ်စွအဆုံး Internet ကို ညလုံးပေါက်နီးပါး သုံးလေ့ရှိသော လင်းအဂ္ဂကိုယ်တိုင်ပင် ည ဆယ့်နှစ်နာရီ ထိုးတာနဲ့ ပြန်ပြီဖြစ်လေသည်။

ဤသို့ဖြင့် ဦးဘသစ်တို့ အိမ်ရှေ့ထိုနေရာလေးသည် တဖြည်းဖြည်းနှင့် ဖြတ်သွားဖြတ်လာသူတွေ နည်း၍ နေ့ရောညပါ လူရှင်းစ ပြုလာပါတော့သည်။

ဤသို့ဖြင့် အချိန်တွေတဖြည်းဖြည်း ကူးပြောင်း၍ လာသောအခါ…



www.burmeseclassic.com

www.burmeseclassic.com



## 'တစ်လခန့် ကြာသော်'



www.burmeseclassic.com

www.burmeseclassic.com



ဦးဘသစ်တို့ အိမ်နဲ့ခြံက အမွေဆိုင်ဖြစ်သည်။ ထို့ကြောင့် တစ်လလောက်အကြာတွင် ထိုခြံကြီးကိုရောင်းကာ သားသမီးတွေ အမွေခွဲ၍ ထိုနေရာမှ ပြောင်းရွှေ့သွားတော့သည်။ ထိုသို့ အိမ်ရောင်းပြီး တစ်ပတ်ခန့်အကြာတွင် ထိုအိမ်သို့ နောက်ဝယ်လိုက်သောသူများက အိမ်အဟောင်းကိုဖျက်၍ အိမ်အသစ် ပြန်ဆောက်ကြသည်။ ထိုအိမ်အသစ်သည် တိုက်အိမ်ကလေးဖြစ်၏။ နှစ်ထပ်တိုက်မဟုတ်သလို တစ်ထပ်တိုက်လည်းမဟုတ်။ တစ်ထပ်တိုက်အပေါ်မှာ ထပ်ခိုးလေးတစ်ခု ထပ်တင်ထားသော ချစ်စရာကောင်းသည့် တိုက်အိမ်ကလေး ဖြစ်၏။

ထိုတိုက်အိမ်ကလေးဆောက်ပြီး တစ်လလောက်အထိ ပိုင်ရှင်တွေ ပြောင်းမလာသေး။ ပိုင်ရှင်တွေ ပြောင်းမလာသေးသော်လည်း အိမ်ထောင်ပရိဘောဂပစ္စည်းတွေကတော့ အိမ်ဆောက်ပြီးကတည်းက တဖြည်းဖြည်းရွှေ့ပြောင်းနေခဲ့ရာ အခုဆိုရင် အိမ်



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံး အဆင်သင့် တက်နေနိုင်အောင် အဆင့်ပင် ရောက်ရှိနေပြီ ဖြစ်သည်။

"အဲဒီအိမ်ကို နောက်ပြောင်းတဲ့သူတွေက မန္တလေးက သူဌေးတွေလို့ ပြောတယ်ကွ"

နေဦးက ကွပ်ပျစ်လေးမှာ ထိုင်ရင်းဆေးပေါ့လိပ်ကို တစ်ချက်ဖွာရှိုက်လိုက်ကာ ထိုအိမ်လေးဘက်လှမ်းကြည့်ရင်း ဆိုလိုက်၏။ အောင်လေးက ထိုအိမ်လေးဘက်လှမ်းကြည့်ကာ ဆိတ်ဆိတ်နေရင်း နေဦးရဲ့စကားကို ထောက်ခံနေလိုက်၏။ ခဏနေတော့ လင်းအဂ္ဂ သူ့အိမ်ထဲက ထွက်လာသည်။ နေဦးနဲ့ အောင်လေးက သူတို့အိမ်ရှေ့ရှိ မယ်ဇလီပင်ရိပ်အောက်က ကွပ်ပျစ်လေးမှာ ထိုင်နေကြခြင်းဖြစ်သည်။ ဒီလိုပဲ ဒီကောင်နှစ်ကောင် မနက်ဆို ထိုကွပ်ပျစ်လေးမှာ ထိုင်ရင်း ရပ်ကွက်ထဲက ဖြတ်သွားဖြတ်လာ ကောင်မလေးတွေကို ငေးနေကြဖြစ်သောကြောင့် လင်းအဂ္ဂအတွက် မထူးဆန်းတော့။

"ဟေ့ကောင် လင်း ဒီနေ့ နောက်ကျလှချည်လား"

"ငါက နောက်ကျတာ မဟုတ်ပါဘူးကွာ မင်းတို့က စောနေတာပါ"

နေဦးနဲ့ အောင်လေးက ပြုံးလိုက်သည်။ လင်းအဂ္ဂက သူနှို့နားရောက်တော့ ကွပ်ပျစ်ပေါ် တက်ထိုင်ရင်း နေဦးဆီက ဆေးပေါ့လိပ်



www.burmeseclassic.com

www.burmeseclassic.com



ကို ယူဖွာလိုက်၏။

"ငါတို့ ဟိုအိမ်လေးအကြောင်း ပြောနေကြတာကွ၊ ပိုင်ရှင်တွေက အိမ်တောင်ပြီးသွားပြီ၊ အခုထိ ပြောင်းမလာသေးဘူး နော်"

"သူတို့ဟာ သူတို့ လာတာ မလာတာ မင်းတို့နဲ့ ဘာဆိုင်လို့လဲ"

လင်းအဂ္ဂက ပြောလိုက်တော့ နှစ်ယောက်စလုံး ပြုံးလိုက်၍-

"အဲဒီလိုတော့ မပြောပါနဲ့ကွာ။ ကိုယ့်ရပ်ကွက်ထဲ အသစ်ပြောင်းလာမဲ့ မိသားစုကိုတော့ မင်းလည်း စိတ်ဝင်စားနေမှာ အမှန်ပဲ"

"ကျွတ် သွားစမ်းပါကွာ၊ မင်းတို့ပဲ စိတ်ဝင်စား ငါကတော့ လုံးဝပဲ၊ လူဟောင်းတစ်ယောက် ပြောင်းသွားလို့ လူသစ်တစ်ယောက် ပြောင်းလာတာ လောကကြီးမှာ ဘာဆန်းလဲ"

နေဦးနဲ့ အောင်လေးက ဘာမှဆက်မပြောတော့ပါ။ တစ်ခါ တစ်ခါ လင်းအဂ္ဂက ဒီလိုပဲ သူတို့နဲ့ဆန့်ကျင်ဘက်ကို ဝါသနာအရ အရွဲ့တိုက်ပြောတတ်မှန်း သူတို့သိထား၍ဖြစ်၏။

ထို့ကြောင့် တခြားစကား လွှဲပြောသည်။

"မင်း ခုတစ်လော အင်တာနက်မှာ ဘာတွေ့ခြားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မထူးခြားဘူး"

ထိုသို့စကားပိတ်ပြောလိုက်တော့ နှစ်ကောင်စလုံး ဘာဆက်ပြောရမှန်းမသိ၊ ထို့ကြောင့် စကားလမ်းကြောင်းကို အတင်းအစဖော်ရသည်။

"ဟုတ်ဘူးလေကွာ... ဘာသတင်းလေးတွေများထူးလဲ၊ ဘယ်ကောင်မလေးတွေနဲ့ အဆင်ပြေနေလဲလို့မေးတာ"

"ဒီလိုပါပဲ၊ ဘာမှတော့ ထွေထွေထူးထူး မရှိပါဘူး၊ အရင်လိုပါပဲ။ ဒါနဲ့ မင်းတို့ လက်ဖက်ရည်သောက်ပြီးပြီလား"

"ဘယ်လိုလုပ်သောက်ရဦးမှာလဲ၊ မင်းထွက်လာအောင်စောင့်နေတာလေ"

"ဒါနဲ့များ မင်းတို့က စကားရှည်နေသေးတယ် လာသွားမယ် လက်ဖက်ရည်ဆိုင်"

သုံးယောက်သား ကွပ်ပျစ်လေးပေါ်မှ ထထွက်လာကြသည်။ လမ်းရောက်တော့ နေဦးက-

"မင်း ဟိုအပင်ကြီးကကိစ္စ ကြားပြီးပြီလား"

ထင်းအဂ္ဂက တစ်ချက်ကြည့်၍-

"ဘယ်သူက ဘာဖြစ်ပြန်ပြီလဲ"

"ညက ကိုသန်းဦး အခြောက်ခံရလို့တဲ့"

"ဘယ်လိုဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲတော့ အတိအကျမသိဘူး။ ကိုသန်းဦးက ဘယ်ကဘယ်လို ဆေးကြိမ်လုံးရလာလဲ မသိဘူး။ သူက အဲဒီသရဲကို ရအောင်ရှင်းမယ်ဆိုပြီး ဆေးကြိမ်လုံးနဲ့ ညသန်းခေါင်ကျော်တစ်ယောက်တည်း ထွက်သွားတာတဲ့"

"အဲဒီတော့..."

"အဲဒီ အပင်ကြီးအောက်လည်းရောက်ရော သူ့နောက်ကို အပင်ပေါ်က လူတစ်ယောက် ခုန်ချသလို ဖုတ်ခနဲ မြည်လိုက်သံကြားလိုက်တယ်တဲ့။ သူလှည့်ကြည့်ရော ဘယ်သူမှ မတွေ့ဘူး။ ခဏကြာတော့ အပင်ပေါ် အရိပ်မည်းမည်းကြီးတစ်ခု ပြေးတက်သွားသတဲ့"

"အဲဒီတော့ သူက သူ့မှာပါတဲ့ဆေးကြိမ်လုံးနဲ့ ဆော်ထည့်လိုက်တာပေါ့"

"ဘယ်ကလာကွာ၊ ဆေးကြိမ်လုံးတောင် ဘယ်နားကျကျန်ခဲ့မှန်းမသိဘူး၊ အိမ်ကိုပြန်လာတာ ပုဆိုးတောင် မပါဘူးတဲ့"

လင်းအဂ္ဂ အားရပါးရ ရယ်မောပစ်လိုက်သည်။ တခြားရှာတိုင်းတော့ဦး။ ကိုသန်းဦးမို့လို့ တခြားလူထက် အမြင်ကပ်စွာ ပိုပြီးလှောင်ရယ် ရယ်ပစ်လိုက်ခြင်းဖြစ်၏။ ကိုသန်းဦးဆိုတာ သူတို့ရုပ်ထွက်ထဲက လူပျိုကြီး သူ့အဒေါ်အပျိုကြီးကို လာရှုပ်နေသူ။ ဒါပေမဲ့ အဖြစ်တော့သိပ်ရှိလှတာ မဟုတ်ပါ။ လူ့လက်မှ လစ်ရင်

www.burmeseclassic.com



လစ်သလို ပြီတီတီ လိုက်လုပ်ရဲသူ-

စကားကောင်းရင်း လက်ဖက်ရည်ဆိုင် ရောက်လာကြ၏။ လက်ဖက်ရည်ဆိုင်ရောက်တော့ ထုံးစံအတိုင်း ပေါ့စိမ့် သုံးခွက်မှာလိုက်သည်။ ထို့နောက် ရပ်ကွက်ထဲက ဖြစ်ပျက်သမျှ အကြောင်းတွေကို ထွေရာလေးပါးစုကာ သတင်းလုပ်ရင်း စကားပြောကြ၏။ သူတို့ပြောသောအထဲတွင် ထိုကုဋ္ဌိုလ်ပင်မှကိစ္စ ဘယ်ကဘယ်လိုဖြစ်လာသလဲဆိုသည့်ကိစ္စ ထိပ်ဆုံးမှ ပါဝင်ဆွေးနွေးကြပါသည်။

တစ်ပတ်လောက်ကြာတော့ ထိုအိမ်လေးသို့ မိသားစုတွေပြောင်းလာကြသည်။ မိသားစုတွေ ဘယ်နှယောက်ရှိမှန်းတော့ မသိ၊ ကားတစ်စီးနှင့် ပြောင်းလာကြခြင်းဖြစ်၏။ မန္တလေးဘက်က ပြောင်းလာကြသည်ဆိုတာတော့ ကြားမိသည်။ အိမ်ပြောင်းပြီး တစ်ပတ်အကြာတွင် အိမ်တက်မင်္ဂလာ ဆွမ်းကျွေးလုပ်သည်။ ရပ်ကွက်အတွင်းရှိ ရပ်မိရပ်ဖများနှင့် အိမ်နီးချင်းများကို ဖိတ်သည်။ လင်းအဂ္ဂတို့ အမေနဲ့အဖေလည်း ဖိတ်ကြားတဲ့အထဲမှာပါ၍ ထိုအိမ်သို့ သွားကြသည်။ ပြန်လာတော့ လင်းအဂ္ဂအမေက သူ့ယောက်မ ဒေါ်စင်မာကို ဖောက်သည်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ အဲ့ဒီအိမ်က ပိုင်ရှင်လင်မယားက သဘောကောင်း တယ်ဟဲ့။ သူတို့မှာ သမီးလေးတစ်ယောက် ရှိတယ်။ ချစ်စရာလေး။ ဆေးကျောင်းပြီးလို့ ဟောက်ဆာဂျင် ဆင်းနေတယ်တဲ့"

"မသီတာက ကြိုတုန်းစပ်စုခဲ့တယ်ပေါ့"

"စပ်စုတယ်ရယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ ဇင်မာရယ်။ ဒီလိုပဲ တစ်ရပ်ကွက်တည်း နေမဲ့သူတွေဆိုတော့ လေ့လာမိတာပေါ့"

"သူတို့တွေက ဘယ်ကပြောင်းလာတာလဲ မသီတာ"

"မန္တလေးဘက်ကဆိုလား၊ မတ္တရာဘက်က ဆိုလားပဲဟဲ့။ ပြောတော့ပြောတယ် ငါမေ့သွားလို့"

"ဒါနဲ့ ပြောပါဦး၊ သူတို့က ဒီကို ဘာလို့ပြောင်းလာတာလဲ"

"စီးပွားရေးကိစ္စပဲလို့ ပြောတယ်။ အခုလောလောဆယ်တော့ ဒီလောက်ပဲ စပ်စုလို့ ရဦးမှာပေါ့ဟာ။ ဒါပေမဲ့ စိတ်ချပါ။ ပဲပြုတ်သည် ပွားစိန်မကြီးက ဒါမျိုးဆို လွှတ်ပေးမှာ မဟုတ်ပါဘူး။ အချိန်နည်း နည်း ကြာလာရင် ဒီမိန်းမကြီးဆီက အကုန်သိရမှာပါ"

ဒေါ်ဇင်မာက ပြုံးလိုက်သည်။ ထို့နောက် လင်းအဂ္ဂတို့ အမေ ဒေါ်သီတာက အဝတ်အစားလဲရန် အခန်းထဲသို့ ဝင်သွား၏။ ဒေါ်သီတာ ဝင်သွားပြီးနောက် ဒေါ်ဇင်မာလည်း သူ့အလုပ်ကိစ္စများ လုပ်ရန် ဧည့်ခန်းထဲမှ ထွက်သွားပါတော့သည်။ ထိုအချိန်တွင် အခန်းထောင့်တစ်နေရာမှ နားထောင်နေသော လင်းအဂ္ဂ အသာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာ၍ အိမ်ပြင်သို့ လှမ်းထွက်လိုက်ပါတော့သည်။ အိမ်အပြင် ရောက်တော့ ဒီအချိန် ဟိုကောင်တွေ ဘယ်မှာရှိမလဲ တွေးလိုက်မိ၏။ သေချာတာကတော့ ကိုစောရဲ့ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး လေပန်း နေမှာသေချာ၍ လမ်းထိပ်ဘက်ရှိ ကိုစောလက်ဖက်ရည်ဆိုင် ရှိရာဘက်သို့ ထွက်ခဲ့လိုက်ပါတော့၏။

ရာသီဥတုက ဒီရက်ပိုင်းအတွင်း တော်တော် ပူပြင်းလာ သည်။ ဖေဖော်ဝါရီလအကုန် မတ်လအကူးမှာဖြစ်၍ ရန်ကုန်မြို့ရဲ့ အပူချိန်က ထိပ်ဆုံးမှာ ရောက်လျက်-

ဒါတောင် နွေရာသီဆိုပြီး ပီပီပြင်ပြင် ရောက်သေးသည် မဟုတ်။

"ပူလိုက်တာကွာ ဒီလောက်ပူတဲ့နွေ တစ်ခါမှ မကြုံဘူး သေးဘူး"

"မနှစ်ကလည်း ဒီလိုပါပဲ နေဦးရာ၊ ဘာမှမထူးပါဘူး"

အောင်လေးက ပြောလိုက်တော့ နေဦးက-

"ဟုတ်တယ်ကွ ငါတို့ကမ္ဘာကြီးက တစ်နေ့တခြား ပိုပို ပူလာသလားမသိဘူး။ သိပ္ပံပညာရှင်တွေပြောသလို ဖန်လုံအိမ် အာနိသင်ကြောင့်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယောင်းတော်တွေ မင်းတို့ ဘာတွေပြောနေတာလဲ"

ထိုအချိန်တွင် လင်းအဂ္ဂရောက်လာသည်။ ထို့နောက် ကောင်တာဘက်သို့လှမ်း၍ လက်ညှိုးတစ်ချောင်းထောင်ပြလိုက်၏။ ကိုစောက လင်းအဂ္ဂကိုကြည့်၍ ခေါင်းညိတ်လိုက်ကာ-

"ဝမ်းတီးရှယ် ပေါ့စိမ့် ဟေ့"

အောင်လေးက လင်းအဂ္ဂကို ကြည့်ပြီး-

"မင်းက အခုမှ နိုးတာလား"

"နိုးတာတော့ ကြာပါပြီ။ မနက်က မားသားကြီးနဲ့ ဖားသား ကြီး အိမ်တက်အလှူသွားလို့ အိမ်ခဏစောင့်ပေးနေတာ"

"မင်းအဒေါ်က ဘယ်သွားလို့လဲ"

"သူကတော့ ထုံးစံအတိုင်း အတိုးလိုက်သိမ်းနေတာ နေမှာ ပေါ့"

မှာထားတဲ့ လက်ဖက်ရည်ရောက်လာသည်။ လင်းအဂ္ဂက လက်ဖက်ရည်ခွက်ကို လျှာဖျားလေးနဲ့ တစ်ချက်တို့၍ သောက်လိုက်၍ စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ ထို့နောက်-

"မင်းတို့က ရောက်တာကြာပြီလား"

"မကြာသေးပါဘူး၊ ခုနမှ ရောက်တာ ငါတို့အိမ်ကလည်း ဟိုအိမ်ကို အလှူသွားနေရလို့ ငါတို့တွေ မင်းလို အိမ်စောင့်ပဲ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



လင်းအဂ္ဂက ခေါင်းညိတ်ကာ အားမရှိတရှိ ပြုံးလိုက်သည်။

"ဒါနဲ့ အဲဒီအိမ်မှာ ကောင်မလေး တစ်ယောက်ပါတယ်ဆို"

ထိုစကားကို နေဦးက ဝင်ပြောလိုက်ခြင်းဖြစ်၏။ အောင်လေးက သက်ပြင်းတစ်ချက်ချကာ နေဦးကို မျက်စောင်းထိုးပြီး-

"မင်းကတော့ ဒါပဲ… ဒါပဲ လိုက်ချောင်းနေ"

"ဟော့ကောင် ဘာဖြစ်လဲကွ၊ မင်းလို အုံ့မှုန်းမဟုတ်ဘူး။ ငါတို့က ပေါ်တင်ပဲ။ ကောင်မလေးတစ်ယောက် ပါလာလို့ စိတ်ဝင်စားတာ အဲဒါ ဘာဖြစ်လဲ"

"နှာဘူး ဖြစ်တာပေါ့"

"နှခေါင်း… နှာဘူးဟုတ်လား။ ယောက်ျားမှာ နှာဘူးနဲ့ ဂန်ဒူး နှစ်ခုပဲရှိတယ်၊ မင်းက အဲဒီနှစ်ခုမှာ ဘာလဲ"

"ကဲ… တော်ကြပါတော့ကွာ မင်းတို့လုပ်တာနဲ့ ငါ ပြောချင်တဲ့ဟာတွေတောင် ဘယ်ရောက်ကုန်လဲ မသိတော့ဘူး"

တစ်ယောက်နဲ့ တစ်ယောက် စကားနိုင်လုရင်း စကားများကြမည်ဆိုး၍ လင်းအဂ္ဂက စကားဖြတ်ကာ ဝင်ထိန်းလိုက်သည်။ အောင်လေးက လင်းအဂ္ဂကို မေးသည်-

"မင်းက ဘာပြောမလို့လဲ"

"ငါက အဲ… ငါကလည်း အဲဒီကောင်မလေးအကြောင်းပဲ ပြောမလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခွီးပဲ… မင်းတို့တွေ ဒီနေ့ ဘယ်လိုဖြစ်နေကြတာလဲ၊ အဲဒီကောင်မလေးကလွဲပြီး တခြားပြောစရာ စကားမရှိတော့ဘူးလား"

"သြော်… ဒါကတော့ကွာ ကိုယ့်ရပ်ကွက်ထဲ ပြောင်းလာတဲ့ လူသစ်ဆိုတော့ စိတ်ဝင်စားမိတဲ့ကိစ္စပါ"

"တော်စမ်းပါကွာ အလကားသက်သက် ခေါင်းစဉ်တင်တာပါ၊ ဟိုဘက်လမ်းထိပ်က ဘဘဘူကြီးတို့လင်မယား ပြောင်းလာတုန်းက မင်းတို့တွေ ဒီစကားပြောကြလို့လား… ဒီလိုစိတ်ဝင်တစားရှိဖို့နေနေသာသာ စကားကြုံလို့တောင် ထည့်မပြောကြတာ မဟုတ်ဘူး"

ဘဘဘူကြီးဆိုတာ သူတို့ရပ်ကွက် ဟိုဘက်ထိပ်က နွားနို့ပို့တဲ့ ကုလားကြီးဖြစ်သည်။ သူတို့က မနှစ်ကမှ ပျဉ်းမနားဘက် ကျောက်တကားရွာမှ ပြောင်းလာကြခြင်းဖြစ်၏။

ထိုစကားကိုကြားတော့ လင်းအဂ္ဂ ပြုံးမိသည်။ အောင်လေး ပြောတာ တကယ်တမ်း တွေးကြည့်တော့လည်း မှန်သလိုလို-

"အဂ္ဂ"

"ဘာလဲ"

နေဦးက လှမ်းခေါ်လိုက်ခြင်း ဖြစ်၏။ လင်းအဂ္ဂက ထူ… လိုက်တော့-

"မင်းက ဘာသတင်းတွေ ကြားလာလို့လဲ ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှတော့ မဟုတ်ပါဘူး၊ ကောင်မလေးက ချစ်စရာလေးတဲ့၊ ဆေးကျောင်းနောက်ဆုံးနှစ်ပြီးလို့ ဟောက်ဆာကျင်ဆင်းနေတယ် ကြားတယ်"

အောင်လေးက သူတို့နှစ်ယောက်အပြောကို မသိချင်ယောင်ဆောင်၍ ဟိုကြည့်ဒီကြည့် လုပ်နေလိုက်၏။

နေဦးက စိတ်ဝင်တစားမျက်နှာနှင့်-

"ဟုတ်လား ဒါဆို ဒေါက်တာမလေးပေါ့"

"ဒေါက်တာတော့ မဖြစ်သေးပါဘူးကွာ၊ ဟောက်ဆာကျင်အဆင့်ပဲ ရှိသေးတယ်"

"ဘာပဲဖြစ်ဖြစ် တစ်နှစ်ပြီးရင် ဒေါက်တာပဲ ဥပဲ၊ ဒေါက်တာလို့ ခေါ်လို့ရပြီပေါ့ကွ၊ ဟီးဟီး… ငါကလည်း ကျန်းမာရေးလေးချူချာနေတာနဲ့ သူဖွင့်တဲ့ဆေးခန်းမှာ ဆေးသွားကုရမယ်"

"မင်းက သူ့ဆေးခန်းမဖွင့်ခင် အရင်သေမဲ့ကောင်"

ထိုစကားကို အောင်လေးက နှုတ်ခမ်းတလန် ပန်းတလန်နဲ့ ဝင်ပြောသည်။ နေဦး တစ်ချက်တင်းသွားကာ-

"မင်းအပူပါလား၊ မင်းနဲ့ဘာဆိုင်လို့လဲ၊ မင်းသာ ယောကျ်ားစစ်စစ်ဖြစ်ပြီး အပုန်းကြီးဖြစ်နေတဲ့ကောင်"

"ဘာကွ… ငါ့ကို ပုန်းလား မပုန်းလားသိချင်ရင် မင်းညီမနဲ့ မေးစားကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မင်းစကားတော်တော့ ငါ့ညီမကို လုံးဝ မထိနဲ့"

"ဒါဆို မင်း ငါ့ကို ဘာလို့အပုန်းကြီးလို့ ပြောလဲ"

အခြေအနေက သိမ်မကောင်းတော့၊ ဘာမဟုတ်တဲ့ကိစ္စနဲ့ သူငယ်ချင်းအချင်းချင်း စကားများမည့်အရေးတွေ့ပါ ဖြစ်လာ၏။ ထို့ကြောင့် လင်းအဂ္ဂကပဲ ကြားက ဝင်ပြောရသည်။

"ကဲ… တော်ကြပါတော့ကွာ တော်ကြပါတော့၊ မင်းတို့ ပုအအလည်း ကလေးတွေကြနေတာပဲ"

"ဒီကောင် ငါ့ကို ဘာလို့ အပုန်းကြီးလို့ ပြောလဲ"

"မင်းကရော ငါ့ညီမကို ဘာလို့လာထိလဲ"

"မင်း ငါ့ကို အပုန်းကြီးလို့ စပြောတာ။ ဒီကောင် သက်သေရှိတယ်"

"ကဲ… နှစ်ယောက်စလုံး တော်တော့။ မင်းကလည်း သူ မကြိုက်တာ မပြောနဲ့၊ မင်းကလည်း မပြောနဲ့ တော်ကြတော့။ တော်ကြာ ဟိုကောင်မလေးကြားလို့ သူ့ကိုတောင် မမြင်ရသေးဘဲ မင်းတို့တွေ ရန်ဖြစ်နေတာတွေ့ရင် ဘဝင်မြင့်နေဦးမယ်"

သိပ်ကျေနပ်ပုံတော့မရ။ တစ်ယောက်နဲ့တစ်ယောက် မျက်စောင်းထိုးကာ ငြိမ်သွားကြသည်။ ဒီကောင်နှစ်ကောင်က ဒီပုံပါပဲ။ တစ်ခါတစ်ရံ ဘာမဟုတ်တဲ့ကိစ္စနဲ့ ခွေးနဲ့ကြောင်လို ထကိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်နေတတ်သည်။ ပြီးတော့လည်း ဘာမှမဟုတ်၊ တည့်ရှေ့ချင်လည်း သူတို့အပြင် နှစ်ယောက်မရှိ။

ပန်းကလေးတစ်ပွင့်သည် ငွားငွားစွင့်စွင့် ဖူးပွင့်လန်းဆန်း ပြီး ရနံ့များ ကြိုင်ကြိုင်ဝေပြီဆိုလျှင်ဖြင့် လေပြည်လေညင်းလေးတွေ သယ်ဆောင်မှုကြောင့် ထိုပန်းကလေး၏ရနံ့သည် တစ်တောလုံး တစ်တောင်လုံးတိုင်အောင် မွှေးရနံ့သင်းပျံ့ရ၏။ ထို့ကြောင့် ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင် ဆောင်ဆိုသည့် စကားပုံ ပေါ်ထွက်လာရခြင်းဖြစ်သည်။

ယခုလည်း ရပ်ကွက်ထဲသို့ အသစ်ပြောင်းလာသော ထိုကောင်မလေးသတင်းသည် တစ်ပတ်လောက်အကြာတွင် ရပ်ကွက်ထဲရှိ ကာလသားများ နှုတ်ဖျားဌ် ရေပန်းစားလာရ၏။

ကောင်မလေး၏ နာမည်က ဖူးပွင့်ငုံ…

နာမည်လေးနဲ့လိုက်အောင်လည်း ကောင်မလေးက လှပသည်။ ပွင့်လန်းတော့မည့်ဟန် အရိုန်ယူဆဲ ပန်းကလေးတစ်ပွင့် ရှင့်နေသလို အပြစ်ကင်းကင်းနှင့် ငွားငွားစွင့်စွင့် လှပလှ၏။ ထိုကောင်မလေးသည် သူတို့ရပ်ကွက်သို့ ရောက်လာတာ ကြာ



www.burmeseclassic.com

www.burmeseclassic.com



[illegible]သော်လည်း ရွှန်း ရွှန်းပေါ်များလှ၏။ ကာလသားများလည်း [illegible]ကြသည်။ ညညဆို ထိုကောင်မလေး အိမ်ရှေ့မှာ ရင်ထဲက ခံစားချက်တွေကို ဂစ်တာတစ်လက်နှင့် ရင်ဖွင့်သူတွေ ရှိလာသည်။ အများဆုံး သီဆိုကြသော သီချင်းများမှာ 'ငွေသော်တာရောင်ခြည်'၊ ခင်မောင်ထူး၏ 'မောင့်ဆေးကျောင်းသူ' စသည်တို့ဖြစ်ကြသည်။ ထို့အပြင် ထူးထူးခြားခြား ဒီဘက်ခေတ်မှာ လူငယ်တွေ ဂစ်တာတီးပြီး မဆိုဖြစ်တော့သလောက် ရှိလာသော 'မှုံရွှေရည်' ခေတ်ဟောင်းတေးသီချင်းတစ်ပုဒ်ကိုလည်း ဆိုလာကြသည်။ ထိုသီချင်းဆိုသော အခါ-

'ဖူးပွင့်ငုံဝေ ရွှေရွှေနှင်းဆီ ချူချင်သူတွေ ပေါ်လှပေသည်'

စသည့်အပိုဒ်သို့ရောက်လျှင် လိုအပ်တာထက်ပို၍ အော်ကြသည်။ ဟစ်ကြသည်။ ဝိုင်းဝန်းအားပေးကြ၏။

ဘာပဲဖြစ်ဖြစ် ယခင်က သရဲခြောက်၍ နေ့ခင်းကြောင်တောင် လူမသွားရဲသောနေရာတွင် ယခုဆို နေ့ရောညပါ ကာလသားတွေ စည်ကားလာသည်။ လျှောက်ပြန်သံပေး ခြေအေးဝမ်းယောင် လုပ်သူတွေ များပြားလာ၏။

သူတို့စိတ်ထဲတွင် သရဲလည်း မခြောက်တော့၊ သဘက်လည်း မရှိတော့၊ တစ္ဆေဆိုတာလည်း ခေါင်းထဲမထည့်တော့ပေ။

ထူးခြားတာတစ်ခုက အခုရက်ပိုင်း သရဲလည်း မခြောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ခြင်းပင် ဖြစ်သည်။ ဘယ်ကဘယ်လိုဖြစ်ပြီး သရဲမခြောက်တော့သလဲတော့ မသိပေ။ သရဲတောင် ကောင်မလေး အလှအပမှာ နှစ်မျောပြီး ခြောက်ရန် မေ့သွားသလားတော့ မပြောတတ်။

ဒါဆိုရင်တော့ ကောင်မလေး၏ အလှက သရဲတောင် နှစ်မျောသွားရလောက်အောင် လှပသည်ဟု ဆိုကောင်းဆိုနိုင်ပေါ သည်။

ကိုစော လက်ဖက်ရည်ဆိုင်တွင် မနက်ပိုင်း လူစည်ကားနေသည်။ လက်ဖက်ရည်ဆိုင်ဆိုသည့် သဘောကလည်း ခါတိုင်း အချိန်တွေထက် မနက်ပိုင်းကပိုပြီး လူစည်ကားတာထုံးစံ၊ ဈေးသွား၊ ဈေးပြန်များ၊ အလုပ်သွားသူများနှင့် ပြည့်နှက်လျက်ရှိ၏။

သို့သော် ခါတိုင်းအချိန်တွေထက် ဒီရက်ပိုင်းအတွင်း ကိုစော လက်ဖက်ရည်ဆိုင်တွင် လူစည်ကားသည်။ အထူးသဖြင့် ကာလသားတွေ ပို၍စည်ကားလာ၏။ အဓိက အကြောင်းအရင်းကတော့ ဖူးပွင့်နု့က မနက်ဆို ထိုလက်ဖက်ရည်ဆိုင်ရှေ့မှဖြတ်၍ ဈေးသွားတတ်သောကြောင့်ပင်။ ထို့ကြောင့် ကာလသားတစ်သိုက် ဆိုက်မြိုက်စွာ ကိုစောဆိုင်သို့ လာထိုင်ကြ၏။ ပြီးတော့ ဖူးပွင့်နု့ကို ဝိုင်းသိန်း



www.burmeseclassic.com

www.burmeseclassic.com



အားပေးကြသည်။ ထိုအားပေးသည့်အထဲတွင် လင်းအဂ္ဂတို့လည်း ပါ၏။ လင်းအဂ္ဂတို့ဆိုတာ လင်းအဂ္ဂရယ်၊ နေဦးရယ်၊ အောင်လေးရယ် ဖြစ်သည်။ အောင်လေးကတော့ ထုံးစံအတိုင်း တုံဏှိဘာဝေနှင့် သမာဓိရှိ ရှိသည်။ လင်းအဂ္ဂနဲ့ နေဦးကတော့ ကောင်မလေး၏ မနက်ခင်းအလှကို လင်းလင်းပွင့်ပွင့် အားပေးသည်။

ဒီနေ့လည်း လင်းအဂ္ဂတို့ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်သို့ ရောက်လာကြသည်။ ထို့နောက် သူတို့ထိုင်နေကျ ဆိုင်ထောင့်တစ်နေရာတွင်ထိုင်၍ လက်ဖက်ရည် သုံးခွက်မှာကာ ဆေးလိပ်ကိုယ်စီသောက်ပြီး လမ်းမဘက်သို့ မျှော်ကြည့်နေကြသည်။ ခဏကြာတော့ ဖူးပွင့်ငုံက လမ်းမအတိုင်း ခြင်းတောင်းလေးဆွဲ၍ လက်ဖက်ရည်ဆိုင်ရှေ့မှ ဣန္ဒြေရရလေး ဖြတ်သွားသည်။ သူမ ဖြတ်သန်းသွားချိန်တွင် လက်ဖက်ရည်ဆိုင်အတွင်းမှ ကာလသားများ ပြောလက်စ စကားတွေ ခဏရပ်ကာ သူမကို ငေးမောသွားကြ၏။ ထိုအချိန်တွင် လက်ဖက်ရည်ဆိုင်သည် ခဏတိတ်ဆိတ်သွားသည်။

ဖူးပွင့်ငုံကလည်း သူမကို လက်ဖက်ရည်ဆိုင်အတွင်းမှ လူများ မျက်စိကျွတ်မတတ် စိုက်ကြည့်နေမည်ဆိုတာ သိသည်။ ထို့ကြောင့် ခြေလှမ်းကို ခါတိုင်းထက်ပိုပြီး သေသပ်လှပအောင် လျှောက်သည်။ ဒီလိုကိစ္စမျိုးကို အတွေ့အကြုံ ရင့်ကျက်ပြီးသော မိန်းမသားတစ်ယောက်၏ အမူအရာအတိုင်း ပျာယာခတ်မသွားဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အလှကို ရင့်ကျက်တည်ငြိမ်စွာ ဖွင့်လှစ်ပြရင်း အသာအယ္ယာ လျှောက်သွား၏။

"လှလိုက်တာကွာ ဖြစ်နိုင်ရင် အဲ့ဒီအလှကို ထမင်းနဲ့တော်င နယ်စားလိုက်ချင်တယ်"

ဝိုင်းတစ်ဝိုင်းမှ ကာလသားတစ်ယောက်က မချိတင်ကဲ ဖြစ်ပြီး အားမလိုအားမရ ပွင့်ထွက်သွားသော စကား… ထိုစကား အဆုံးမှာ ကြားရသူတို့ ပြုံးလိုက်ကြသည်။ တချို့က ထိုစကားကို ကြားလိုက်ရ၍ ကိုယ့်စိတ်နဲ့ တစ်ထပ်တည်းကျနေသောကြောင့် သက်မကြီးတွေ ချကြသည်။

လင်းအဂ္ဂက သက်ပြင်းတစ်ချက်ချကာ စီးကရက် မီးခိုးများ ကို အားရှိပါးရှိ မှုတ်ထုတ်ပစ်လိုက်၏။

"ဖူး"

စီးကရက် မီးခိုးများသည် အလုံးအရင်းနှင့် ဗိုးခနဲထွက် သွားကာ အောင်လေး မျက်နှာတည့်တည့်ကို ပြေးမှန်၏။ အောင်လေး က စိတ်တိုစွာနှင့် မီးခိုးငွေ့တွေကို လက်နဲ့ ခတ်ထုတ်လိုက်ပြီး…

"ဟေ့ကောင် မီးခိုးငွေ့ ဟိုဘက်မှုတ်ထုတ်ပါလား၊ ဒီမှာ ငါထိုင်နေတာ မတွေ့ဘူးလား"

အောင်လေးစကားကို လင်းအဂ္ဂ အမှုမထား နေဦးဘက် လှည့်၍-



www.burmeseclassic.com

www.burmeseclassic.com



"နေဦး"

နေဦးက ကောင်မလေး ဖြတ်သွားတာကို အကြောင်းသား ငေးကြည့်ရင်းမှ လေကျသံကြီးနှင့်ထူးသည်။

"ဟေ"

လင်းအဂ္ဂက-

"ဖူးပွင့်ငုံလေးက တစ်နေ့တခြား လှလှလာတယ်နော်"

"အေး"

လေကျသံကြီးနဲ့ပဲ အဖြေပေး၏။

"ငါတို့တော့ ကြာရင် မလွယ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

နေဦးက ကောင်မလေး သွားတဲ့ဘက် လှမ်းကြည့်ရင်းနဲ့ပဲ မေးခွန်းပြန်ထုတ်၏။

လင်းအဂ္ဂက လက်ဖက်ရည်တစ်ငုံ သောက်လိုက်၍-

"ဒီလိုလေ . . အခုဆို ဖူးငုံပွင့်လေးက တစ်ရပ်ကွက်လုံး စိတ်ဝင်စားနေတော့ ကြိုးစားရတာ လွယ်မဲ့ပုံမပေါ်ဘူးကွ။ မင်းပဲ စဉ်းစားကြည့်လေ မိန်းကလေးတစ်ယောက်က သူ့ကို လူတွေအကုန် ဝိုင်းပြီး စိတ်ဝင်စားနေရင် မာနကြီးသွားရောကွ၊ ပြီးတော့ သူ့ဘက်က တစ်ယောက်ယောက်ကို ပြန်ပြီးရင်ခုန်မိရင်တောင် သူ့နေသူ ပြန်ထိန်းနေရပြီး အဖြေ ပြန်ပေးမဲ့ပုံမပေါ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောသလိုဆို ဖူးပွင့်ငုံက ရပ်ကွက်ပိုင်ဖြစ်နေပြီပေါ့"

"ဘာလဲကွ ရပ်ကွက်ပိုင်ဆိုတာ"

"ဟုတ်တယ်လေ၊ သူ့ကို တစ်ရပ်ကွက်လုံးမှာရှိတဲ့ ကာလသား တွေဝိုင်းပြီး ပိုင်ဆိုင်ဖို့ကြိုးစားနေတော့ ရပ်ကွက်ပိုင်လို့ ပြောလို့ရ တာပေါ့"

"ဟာ… မင်းစကားကြီးကလဲကွာ"

"ဒါဆို ငါမေးမယ်၊ မင်း သူ့ကို ပိုင်လို့လား"

"ဟင့်အင်း"

"အေး မှတ်ထား၊ မင်း သူ့ကို မပိုင်သေးသရွေ့ ဘယ်သူမဆို သူ့ကို ပိုင်ဆိုင်ခွင့်ရှိတယ်။ ဒါကြောင့် သူဟာ ရပ်ကွက်ပိုင်ပဲ"

တွေးကြည့်တော့လည်း ဟုတ်သလိုလို ဖြစ်နေ၍ လင်းအဂ္ဂ ဘယ်လို ဆက်ပြောရမှန်းမသိ၊ ဘာပဲဖြစ်ဖြစ် ဖူးပွင့်ငုံကိုတော့ သူ အပါအဝင် ရပ်ကွက်ထဲက လူပျိုကာလသားတွေအားလုံး ကိုယ့်နည်း ကိုယ့်ဟန်နဲ့ကိုယ် ကြိုးစားနေကြတာတော့ အမှန်ပင်။

"မင်းတို့ပဲ အဲဒီမိန်းမကို တဆိတ်တစ်အိတ် လုပ်နေကြ တာပါကွာ။ ငါလိုကောင်မျိုးတွေသာရှိရင် အဲဒီလို မိန်းကလေးမျိုး ကြည့်မဲ့လူတောင် ရှိမယ်မထင်ဘူး"

အောင်လေးက သူ့ကို ဘယ်သူမှ အရေးမလုပ်တော့ စကား ဝိုင်းထဲသို့ ဆန့်ကျင်ဘက်ရှုထောင့်မှ ဝင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



လင်းအကြာက နည်းနည်းစိတ်တိုသွားကာ အောင်လေးဘက် လှည့်ကြည့်လိုက်၍-

"နေစမ်းပါဦး၊ မင်းက အသားလွတ်ကြီး ဘာဖြစ်နေရ တာလဲ။ မင်းပဲ အရင်တုန်းက အဲဒီအိမ်ကို ပြောင်းလာမဲ့လူတွေ အကြောင်း စိတ်ဝင်စားနေပြီးတော့ အခုမှ"

"ဟာ… ငါစိတ်ဝင်စားတယ်ဆိုတာ သာမန် စိတ်ဝင်စားတဲ့ ပုံစံမျိုး စိတ်ဝင်စားတာကွ၊ အခုပြောင်းလာပြီးပြီမလား ပြီးရောပေါ့။ နေပါဦး… မင်းက ငါ့ကို ပြောရအောင် အဲဒီတုန်းက ပြောင်းလာမဲ့ လူတွေအကြောင်း ငါတို့ပြောတော့ မင်းပဲ စိတ်မဝင်စားသလိုနေတာ လေ၊ အခုဘာယ်လိုဖြစ်သွားတာလဲ"

"အဲဖြစ်လဲကွ ပြောင်းလာတဲ့အထဲ ကောင်မလေး တစ်ယောက် ပါလာလို့ စိတ်ဝင်စားမိတဲ့ဟာ အမြစ်လား"

"ဟုတ်တယ်လေ မင်း စိတ်မဝင်စားရင်နေပေါ့။ ဘာလို့ လိုက်တိုက်ခိုက်နေရတာလဲ"

နေဦးကပါ ဝင်ပြောတော့ အောင်လေး ငြိမ်ကျသွားသည်။ သူက ဒီအချိန်မှာ အဲဒီစကားတွေ ထပ်ပြောရင်လည်း တစ်ရပ်ကွက် လုံးနဲ့ တစ်ယောက်ဖြစ်နေ၍ ငြိမ်နေလိုက်ရ၏။

ခဏကြာတော့ သူတို့ ပိုက်ဆံရှင်းပြီး လက်ဖက်ရည်ဆိုင်မှ လမ်းခွဲခဲ့လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းအဂ္ဂက အိမ်ပြန်လာသည်။ အပြန်လမ်းမှာ ကောင်မလေးကို ရယူဖို့အရေး ဘယ်လိုကြိုးစားရမလဲ စဉ်းစားလာ၏။ ထိုနည်းတူစွာပင် နေဦးလည်း အကြံထုတ်လာသည်။ အောင်လေးကတော့ အိမ်အပြန်လမ်းမှာ ဘာတွေ တွေးနေလဲမသိ သက်ပြင်းကြီး တချချနှင့်–

ဘာပဲဖြစ်ဖြစ် အခြေအနေအရ သူများထက်ထူးမှ ဦးမည့် ကိန်းစိုက်နေ၍ ကာလသားတွေအားလုံး ကိုယ့်နည်းကိုယ့်ဟန်နှင့် ဉာဏ်နီဉာဏ်နက်တွေ ထုတ်လာကြတာတော့ အဆန်းတကြယ် မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့တွင် ကာလသား လေးငါးယောက်လောက် သီချင်းလာဆိုနေသံကို ဖူးပွင့်ငုံ သူမအိပ်ခန်းဆီမှ ကြားနေရသည်။ တစ်ယောက်က 'မြိုင်နန်းစံပန်းတစ်ပွင့်' ဆိုသည့်သီချင်းကို ကသံပါယူပါ တစာစာအော်နေသည့် သနားစရာ သူတောင်းစားတစ်ယောက်အသံနဲ့ ညှိုးညှိုးငယ်ငယ် သီဆိုပြီးမှာ နောက်တစ်ယောက်က 'မင်းအချစ်ဟာ သေစေနိုင်တယ်' ဆိုသည့် ဖော်ဝင်းထွဋ်သီချင်းကို အတင်း မရမက ဖြကာအော်ပြီး ခပ်ကြမ်းကြမ်း စဖွင့်၏။

သူမ စာကျက်နေရင်းက စိတ်ဓာတ်ကျစွာ သက်ပျင်းချလိုက်မိသည်။ သူမဘဝကလည်း ဒီရပ်ကွက်သို့ပြောင်းလာမှ နေ့ရော ညပါ အလကားမနေရ။ သူမ ဈေးသွား၊ ဈေးပြန်၊ ကျောင်းသွား ကျောင်းပြန် အချိန်များမှာ သူမ လာရာလမ်းကို ပုံစံအမျိုးမျိုးနှင့်

www.burmeseclassic.com

www.burmeseclassic.com



စောင့်ဆိုင်းသူတွေ ရှိသည်။ သူမ ဖြတ်သွားလျှင် မကြားတကြား ရီသွဲ့သွဲ့ ပြောဆိုသူတွေ ရှိ၏။ ညဘက်ကြပြန်တော့လည်း သူမ အိမ်ရှေ့မှာ ဂစ်တာ လာတီးသူတွေအပြည့်၊ အခုလည်း အဖွဲ့တစ်ဖွဲ့က လာတီးနေပြန်သည်။ ဒါပေမဲ့ တစ်ခုတော့ရှိသည်။ သူမကို ယခု အချိန်ထိတော့ ကိုယ်ထိလက်ရောက် လိုက်လံနှောင့်ယှက်သူမျိုး၊ သူမ ကာယိန္ဒြေပျက်ပြားအောင် နောက်ကလိုက်ပြီး စကားပြော သူမျိုးတော့ မရှိသေး။ ယုတ်စွအဆုံး လူပျိုအပျို လမ်းမှာတွေ့လို့ ရိုက်စကားပြောသည့် ပုံစံမျိုးတောင် မကြုံရသေး။ ဒါလေးတစ်ခုတော့ ရပ်ကွက်ထဲရှိ လူငယ်တွေက သူ့အဆင့်တန်းလေးနဲ့သူ ရှိကြသည် ဟုတော့ ပြောလို့ရသည်။ သူတို့ စိတ်ဝင်စားမှုကို တခြားနည်းလမ်း များနှင့် ယဉ်ယဉ်ကလေးသာ အသိပေးတတ်ကြ၏။

ဥပမာ… သူမ ကျောင်းက ပြန်လာလျှင် အုတ်ခုံလေးတွေမှာ ထိုင်ရင်း လွှမ်းလွှမ်းဆွေးဆွေး ကြည့်တတ်တာမျိုး၊ အပင်ရိပ် တစ်ရိပ် အနေ၍ သူမ ကြားလောက်သည့်အသံနှင့် သူမ အလှအပတရား များကို ချီးကျူးပြောဆိုတာမျိုး။

သူမ မနက်ကျောင်းသို့သွားလျှင် ခြံတံခါးထိပ်မှာ ပန်းစည်း လေးတွေ လာချိတ်ထားတတ်တာမျိုး စသည်ဖြင့်…

သူမ အမြဲကြုံတွေ့နေရတာကတော့ မနက်ဈေးအသွား လက်ဖက်ရည်ဆိုင်မှ သူမကိုကြည့်နေသော မျက်ဝန်းများပင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်ဝန်းပေါင်းများစွာက သူမ မနက်ခင်းတိုင်းကြုံတွေ့နေရသော ပြဿနာ။ သို့သော် အရွယ်ရောက်ပြီးသော မိန်းမတစ်ယောက်အနေနှင့် သည်လို ကိစ္စမျိုးများက ကြုံတွေ့နေကြဖြစ်၍ သူမအတွက်တော့ မဆန်းတော့ပါ။ မိန်းကလေးများ၏ အတတ်ပညာများထဲတွင် ယောကျ်ားလေးပေါင်းများစွာ၏ အကြည့်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရမည့် အတတ်ပညာလည်းပါသည်။ ထိုအတတ်ပညာကို မိန်းကလေး တော်တော်များများ မွေးရာပါ အတတ်ပညာတစ်ခုအနေနှင့် တတ်မြောက်ထားတတ်ကြသည်။ သူမလည်း တတ်မြောက်ပါ၏။ ထို့ကြောင့် အရွယ်ရောက်ချိန်မှစ၍ သူမရင်ဆိုင်ခဲ့ရသော မျက်ဝန်းများအောက်မှ သူမ ဣန္ဒြေရရ ရှောင်ထွက်နိုင်ခဲ့သည်။

သူမတွေးနေစဉ် သီချင်းတစ်ပုဒ် ပြောင်းသွားသည်။ ဒီတစ်ခါတော့ အငြိမ်လေး။ သူမ ခြံရှေ့သို့ သီချင်းလာဆိုသူတိုင်း မဆိုမဖြစ် ဆိုကြသည့်သီချင်း-

'ငွေသော်တာရောင်ခြည် ထိန်လင်းတော့သည် ဘုံကြီးမြတ်တဲ့ မိုးနတ်မဒီ သဒ္ဒါကပိုသည် ဆရာမကိုပဲ အသည်းစွဲအောင်ချစ်တော့သည်'

ဘာရည်ရွယ်ချက်လဲဆိုတာ သူမ သိပါသည်။ သူမက ဆရာဝန် ဖြစ်မဲ့လူဆိုတော့ ဆရာမဟုခေါ်ချင်လည်း ခေါ်လို့ရပါ၏။ သူမ ပြုံးလိုက်သည်။ ထိုသီချင်းလေးအပြီး လူငယ်တွေ အဖွဲ့ခွဲကာ



www.burmeseclassic.com

www.burmeseclassic.com



သူမအိမ်ရှေ့မှ ထွက်ခွာသွားတော့၏။

ကောင်းကင်မှာ လမင်းကြီးက ထိန်ထိန်သာလျက်…

ဒီနေ့ည နည်းနည်းပိုအေးသည်။ တအားကြီး အေးလွန်းသည်တော့မဟုတ်၊ ခါတိုင်းညတွေထက် ပိုအေးသည်ကို ဆိုလိုသည်။ လင်းအဂ္ဂက အနွေးထည် ခပ်ပါးပါးလေးဝတ်ပြီး ည (၈)နာရီလောက်တွင် အိမ်ထဲမှ ထွက်လာခဲ့သည်။ ထို့နောက် လမ်းထိပ်ဘက်က အိမ်လေးဆီသို့ တစ်ချက်လှမ်းကြည့်လိုက်သေး၏။

ဖူးပွင့်ငုံတို့ အိမ်ရှေ့မှာ ညတိုင်းတွေ့နေကျ ဖျော်ဖြေရေးအဖွဲ့တွေ မရောက်ကြသေး။

လင်းအဂ္ဂ တစ်ချက်ပြုံးလိုက်ကာ နောက်ဖေးလမ်းဘက်သို့ ထွက်လာခဲ့လိုက်သည်။

သူသည် ဘာမဆို သူများထက် ထူးချင်သည်။ သူများလုပ်သော အရာတိုင်းကိုလည်း လိုက်မလုပ်တတ်။ လုပ်ပြန်ရင်လည်း သူများထက်မတူ တစ်ခုခု အတတ်ဆန်းလိုက်ရမှ ကျေနပ်သူဖြစ်၏။ ထို့ကြောင့် ဒီနေ့ညကို သူများထက်မတူအောင် သူက စီစဉ်လိုက်ခြင်းဖြစ်၏။ အကြောင်းကတော့ ကောင်မလေးအိမ်ရှေ့ သူများတွေက



www.burmeseclassic.com

www.burmeseclassic.com



တွေလို ဖျော်ဖြေရေးသွားလုပ်ဖို့-

တစ်ရပ်ကွက်လုံးရှိ လူငယ်ကာလသားများ ဖူးပွင့်ငုံ အိမ်ရှေ့ ဂစ်တာလာမတီးဘူးသူဆို၍ တစ်ယောက်မှမရှိ။ စေ့စေ့ပေါက်ပေါက် ရေတွက်ကြည့်လျှင် သူတစ်ယောက်တည်းသာ ကျန်သည်ဟုပင်ဆို နိုင်သည်။ နေဦးက သူ့ထက်အရင် ဟိုဘက်လမ်းက ကောင်တွေနဲ့ လိုက်သွားပြီး ရင်တွင်းခံစားချက်တွေကို ဂီတအဖြစ်ဖော်ထုတ်ပြီး ရွှေနားတော် သွပ်သွင်းပြီးပြီ။ အောင်လေးတောင် နေဦး အတင်း ခေါ်၍ တစ်ခါနှစ်ခါ ပါသွားဖူးသည်ဟု သတင်းရ၏။

နေဦးတော့ ဒီလိုကိစ္စမျိုးမှာ သူ့ကိုလာမခေါ်၊ ဘယ်ခေါ်ပါ့မလဲ ကောင်မလေးနဲ့ပတ်သက်လာရင် တစ်ယောက်နဲ့တစ်ယောက် လက်ဦးမှုသာ ရယူနေကြသည်ဆိုတော့ တခြားဟာသာ အတူတကွ တိုင်ပင်ချင် တိုင်ပင်မယ် ဒါမျိုးကတော့ လျှို့ဝှက်လှုပ်ရှားတာ အကောင်း ဆုံးပေါ့---

တွေးနေရင်းနှင့် သူနဲ့ချိန်းထားသော လူရှိသည့်ဆိုင်ရှေ့သို့ ရောက်လာသည်။ ဆိုင်နာမည်ကို တစ်ချက်ဖတ်ပြီး သေချာသွားမှ သူပြုံးလိုက်၏။

'ကိုနီ အမိန့်ရ အရက်ဖြူဆိုင်'

သူဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။ ဆိုင်ထဲတွင် ဟိုတစ်စု ဒီတစ်စု သောက်နေကြသော ယမကာဆရာများကို တွေ့ရ၏။ အချို့



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အခုမှထိုင်ကာစဆိုတော့ မြေစမ်းခရမ်းမျိုးတုန်း။ တချို့ကတော့ အရှိန်ရနေပြီ။

သူမျက်လုံး တစ်ချက်ဝေ့ကြည့်လိုက်သည်။ ဆိုင်ရဲ့ ခပ်မှောင်မှောင်ထောင့်တစ်နေရာတွင် လူတစ်ယောက် စားပွဲတစ်လုံးမှာ ငုတ်တုတ်ထိုင်နေသည်။ ထိုလူရှေ့က စားပွဲပေါ်တင်ထားသော အရက်ပုလင်းလွတ်တွေကို ကြည့်ခြင်းအားဖြင့် ထိုလူတော်တော်ကောင်းနေပြီဆိုတာ ခန့်မှန်းမိလိုက်သည်။

လင်းအဂ္ဂ ထိုလူဘေးက ခုံလွတ်ကလေးတစ်ခုမှာ ငုတ်တုတ်ကလေး ဝင်ထိုင်လိုက်ရင်း ထိုလူကို ပြုံးပြလိုက်သည်။ အခန်းထောင့်က မှောင်ရိပ်ကျနေသောကြောင့် ထိုလူ သူ့ကို ပြန်ပြုံးပြလား၊ မပြလားတော့ သဲသဲကွဲကွဲ မမြင်လိုက်ရသော်လည်း မှောင်ရိပ်ထဲတွင် တလက်လက်တောက်ပနေသော မျက်ဝန်းတစ်စုံကြောင့် ထိုလူသူ့ကို အသိအမှတ်ပြန်ပြုသည်ဆိုတာကိုတော့ နားလည်လိုက်သည်။

"ကောင်လေး မင်းက ကြာလိုက်တာကွာ။ ငါရောက်တာတောင် ကြာလှပြီ"

"ကျွန်တော် အစ်ကိုကြီးနဲ့ ချိန်းထားတာ (၈)နာရီလေ"

ထိုလူက လက်မှနာရီ အစုတ်ကလေးကို တစ်ချက်ကြည့်၍ ခေါင်းတညိတ်ညိတ်လုပ်၏။ ပြီးမှ လင်းအဂ္ဂဘက် ကြည့်၍-



www.burmeseclassic.com

www.burmeseclassic.com



"ကစ်ဦးမလား"

"တော်ပြီ အစ်ကိုကြီး၊ ကျွန်တော် သောက်လေ့သောက်ထ သိပ်မရှိလို့"

"ဒီလိုညမျိုးမှာ သောက်လေ့သောက်ထ ရှိရှိ မရှိရှိ၊ သောက်ချင်တဲ့ စိတ်ကလေးတစ်ခုတော့ ရှိဖို့လိုတယ် ညီလေးရ"

လင်းအဂ္ဂ ဘာမှပြန်မပြောပဲ အသာငြိမ်နေလိုက်သည်။ ထိုလူက ဆတ်ခနဲ လှမ်းခေါ်လိုက်သည်။

"ဒီမှာ ညီလေး"

"ဗျာ..."

လင်းအဂ္ဂ ရုတ်တရုတ်ဆိုတော့ ခန္ဓာကိုယ် တုန့်ခနဲ ဖြစ်သွားပြီး လှမ်းထူးလိုက်၏။

"မင်း ကိုယ့်နာမည်ကို သိလား"

ဘာတွေ လာမေးနေသလဲဆိုပြီး ခေါင်းကုတ်လိုက်၏။ သူနဲ့ ချိန်းထားပါတယ်ဆိုမှ သူ့နာမည်မသိဘဲ နေပါ့မလား။ စိတ်ခတ်တောင် ကျချင်လာပြီ။

"ပြောလေ ကိုယ့်ညီ၊ မင်း မမူးသေးဘူးထင်တယ်၊ မင်း ကိုယ့်နာမည်ကို သိလား"

"ဟာ အစ်ကိုကြီးရာ ဘာတွေလျှောက်မေးနေသလဲ မသိဘဲ နေပါ့မလား အစ်ကိုကြီးရ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘူလဲမြှော၊ အဲ့··· ဘူလေးလဲ ငါ့နာမည် ဘူလေး လဲ"

နည်းနည်းတော့ ပေါက်ကြောက်နေပုံရသည်။ အခုမှတော့ မတတ်နိုင်တော့ ပြောဆိုတော့လည်း ကြောရပါမည်။

"ဦးခန့်"

"ဘာ···"

ထိုလူ ထအော်တော့ တစ်ချက်လန့်သွား၏။ ထို့နောက်-

"ဘာဖြစ်လို့လဲ အစ်ကိုကြီး"

"ငါ့ကို ဦးခန့်လို့ ဘာလို့ခေါ်တာလဲ၊ ငါက ဦးခန့် မဟုတ်ဘူး ကွ၊ ကိုခန့် ကိုခန့်မှတ်ထား။ နာမည်အပြည့်အစုံက အေးခန့်··· ဘယ်သူ ပြန်ပြောစမ်း"

"အေးခန့် ပါ"

"အေး ဟုတ်တယ်၊ ငါ့နာမည် အေးခန့် မင်း ခေါ်ချင်ရင် ငါ့ကို ကိုခန့်လို့ခေါ်၊ ခုန မင်းခေါ်တဲ့ အစ်ကိုကြီးတို့ ကိုကြီးတို့ဆိုတာ လွန်ခဲ့တဲ့ နှစ် (၂၀)က ငါ့ကို ဒီလိုနေရာမျိုး ရောက်အောင်ပို့ခဲ့တဲ့ ကုတ္တိယမ်လေးတွေ ခေါ်ခဲ့တာကွ၊ ငါ့ကို နောက်တစ်ခါ အစ်ကိုကြီးလို့ မခေါ်နဲ့ ကြားလား"

"ဟုတ်"

"ရော့ နည်းနည်းကစ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့က ဖန်ခွက်အလွတ်ထဲသို့ အရက်ဖြူ နည်းနည်း လာလောင်းထည့်ပေးသည်။

လင်းအဂ္ဂက ထိုခွက်ကို မမိုတ်မသုန် ကြည့်နေသည်။

"ကိုခန့် ရှေ့မှာ အရက်ကို အဲဒီလို တွေဝေနေတဲ့ မျက်လုံး တွေနဲ့ ကြည့်နေတာမျိုး လုံးဝမကြိုက်ဘူးနော်"

ခြိမ်းခြောက်တာလား၊ သူ့ကိုယ်သူပဲ အရက်သမားစစ်စစ် ဖြစ်ကြောင်း ဝိသေသပြတာလားတော့ မပြောတတ်-

သူလည်း စကားဖက်ပြိုင် မပြောချင်တော့၍ တစ်ချက် တည်း ဝှပ်ဆို မော့ချပစ်လိုက်သည်။

"ဝမ်းစံမိုး ဒီလိုမှပေါ့ ကောင်လေးရ ရှေ့နောက်တစ်ခွက်"

လင်းအဂ္ဂ လက်ကာပြသေးသည်။ သို့သော် ကျားရိုင်း တစ်ကောင်ကို ဘရိတ်ခားနဲ့ ခြိမ်းခြောက်သလို အချည်းနှီး...

"ဂလု"

နောက်တစ်ခွက်ကို တစ်ချက်တည်း မျိုချလိုက်သ်၊ ရင်ထဲမှာ ပူထူသွားသည်။ ခဏနေတော့ နှာသီးဖျားနှင့် နားရွက်ဖျားလေးတွေ နွေးလာ၍ နေရထိုင်ရတာ ပေါ့ပါးလာ၏။ ပြီးတော့ သူ့ရင်ထဲမှာ အရှင်လာသည်။

"ကိုခန့်"

"ဗျား..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီညအတွက် အရေးကြီးတဲ့ ဟာလေးတော့ ပါပါတယ်နော်"

"ဟား… ဟား… ဟား… ဟား မပါလို့ဖြစ်မလားကွ ဒီမှာကြည့်"

ပြောလည်းပြော သူ့နောက်ကျောဘက်ကို လက်နှိုက်၍ ဆွဲထုတ်လိုက်၏။ ထိုသို့ ဆွဲထုတ်လိုက်ချိန်တွင် သူ့လက်ထဲသို့ မယ်ဒလင်တစ်လက် ပါလာလေသည်။

မယ်ဒလင်…

ထိုမယ်ဒလင်ကြောင့်ပင် ကိုခန့်ဆီ သူလာခဲ့ခြင်း ဖြစ်၏။ ကိုခန့်က တစ်ချိန်တစ်ခါက ရန်ကုန်တက္ကသိုလ်ရဲ့ အဆောင်တွေ ညချမ်းမှာ အဆွေးသမားလေး မယ်ဒလင် ခန့်ကိုကိုဆိုပြီး နာမည်ကြီး ခဲ့သူတစ်ယောက်။

သူ့ခေတ် သူ့အခါတော့ သူလည်း တမူထူးခြားခဲ့သူ တစ်ယောက်ပင်။ သူများတွေ ဂစ်တာတီးပြီး ကြည်နူးနေချိန်တွင် ကိုခန့်က မယ်ဒလင်တီးပြီး တွဲတေးသိန်းတန်တို့ မြို့မငြိမ်းတို့ သီချင်းများနှင့် အဆောင်သူတွေရဲ့ နှလုံးသားဝင်ကို ဆွဲဆောင်ခဲ့ဖူး သည်ဟု ကြားဖူးထား၏။

နောက်တော့ ဘာဖြစ်တယ်မသိ မယ်ဒလင်ကို စွန့်ခွာ၍ သူကိုယ်တိုင်လည်း ရန်ကုန်တက္ကသိုလ်ကြီးကို အပြီးအပိုင် စွန့်ခွာ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေဆိုတာ သူ့အကြောင်းနဲ့သူတော့ ရှိတတ်ကြပါသည်။ ကိုခန့် ဘာဖြစ်ခဲ့သလဲဆိုတာ ဘယ်သူမှ မသိကြ။ နှစ်တွေလည်း ကြာခဲ့ပြီ။ ရန်ကုန်တက္ကသိုလ်၏ အဆွေးသမားကြီး ကိုခန့်လည်း အရက်သမားကြီးလုံးလုံး ဖြစ်ခဲ့ပြီ–

အခုတော့ ကိုခန့်နဲ့ လင်းအဂ္ဂတွေ့ကြပြီ။ လင်းအဂ္ဂက တောင်းဆိုမှုကြောင့် သူတို့ထိုင်နေကျ လက်ဖက်ရည်ဆိုင် ပိုင်ရှင် ကိုစောက ကိုခန့်နဲ့ လင်းအဂ္ဂကို မိတ်ဆက်ပေး၏။

လင်းအဂ္ဂက သူ့အကြံအစည်လေးကို ကိုခန့်ကို ပြောပြ သည်။ သူက သူများတွေထက် တစ်မူထူးခြားစွာ ကောင်မလေး အိမ်ရှေ့သို့ မယ်ဒလင် သွားတီးလိုကြောင်း၊ ယခုခေတ်တွင် မယ်ဒလင် တီးပြီး သီချင်းဆိုသည်ကို အပြင်လောကတွင် နဖူးတွေ့ဒူးတွေ့ တွေ့ရဖို့ဆိုတာ မလွယ်ကူကြောင်း။ ထို့ကြောင့် ကောင်မလေးမှာ သူများထက်မတူ တစ်မူထူးခြားစွာ သူ့အိမ်ရှေ့သို့ မယ်ဒလင်လာတီး သည်ဖြစ်၍ အများတကာထက် သူ့ကိုပို၍ အမှတ်ရသွားစေမှာ ဖြစ်ကြောင်း စသည်ဖြင့် ရှည်လျားစွာ ရှင်းပြလိုက်သည်။

ပထမတော့ ကိုခန့်က လက်မခံ၊ သူ့အနုပညာသည် သူတစ်ပါးကို ဖျော်ဖြေရေးအတွက် မဟုတ်ဟု ချေးကိုင်သည်။ ကိုစောက ကိုခန့်အကြောင်းသိ၍ ကြားက ဝင်ညှိပေး၏။ နောက်ဆုံး တော့ အရက်နဲ့ မြူဆွယ်လိုက်ရာ ကိုခန့် ပါလာသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



မယ်ဒလင်ကိုပေါင်ပြီး အရက်သောက်ထား၍ လင်းအဂ္ဂကပဲ စိုက်ပြီး ရွေးပေးလိုက်ရသည်။

ထိုမယ်ဒလင်ကို သူ မတီးဖြစ်တော့တာ အနှစ် (၂၀) ရှိပြီဆိုပဲ။ ဘာကြောင့်လဲ သူက ဆက်မပြော၍ လင်းအဂ္ဂလဲ မမေး တော့-

ထို့နောက် လင်းအဂ္ဂက ကိုခန့် သုံးလိုရာသုံးဖို့ ပိုက်ဆံ နှစ်သောင်း ဂါရဝပြုလိုက်သည်။

အဲဒီနောက်တော့ သူတို့ ဒီလိုအခြေအနေအထိ ရောက်လာကြ ခြင်းဖြစ်၏။

အခုတော့ မယ်ဒလင်လေး တီးဖို့ ဖူးပွင့်ငုံတို့ အိမ်ရှေ့ကို တက်ကြွသော ခြေလှမ်းများနဲ့ လှမ်းလျက်…

ညဦးလေညင်းသည် အေးအေးလူလူ တိုက်ခတ်လျက်ရှိ သည်။ ကျောင်းကင်၌ လတစ်ခြမ်းက အလွမ်းရောင်တွေ ထနေအောင် လျှမ်းလျှမ်းတောက် လင်းလက်နေရှာ၏။ လင်းအဂ္ဂတို့က ကုက္ကို ပင်ကြီးအောက်က အုတ်ခုံလေးမှာ နေရာယူလိုက်သည်။ ဒီညဉ့် ကံကြမ္မာက သူတို့ဘက်သို့ အပြည့်အဝ ပါပေးသလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



ဖူးပွင့်ငုံအိမ်ရှေ့မှာ ဂစ်တာတီးသူ တစ်ယောက်မှ မတွေ့သေး။

'တင်… တင်… တောင်… တင်… တင်… တောင်… တင်'

ကိုခန့်က မယ်ဒလင်ပေါ်က ကြိုးတန်းများအပေါ် သူ့လက်ကို တစ်ချက်လှုပ်ကာ ပြေးကစားလိုက်သည်။ ထို့နောက် မယ်ဒလင်မှ ထွက်လာသော တေးသွားများကို ရနံ့တစ်ခု ရှူရှိုက်သလို တစ်ချက် ရှိုက်ရှူလိုက်ပြီး…

"ကောင်းလိုက်တဲ့ မယ်ဒလင် ရနံ့ကွာ၊ ဒီလိုရနံ့မျိုး ငါ မရခဲ့တာ နှစ် (၂၀)ရှိပြီကွ"

လင်းအဂ္ဂက နားစွန်နားဖျားကြား၍ နှာခေါင်းတရှုံ့ရှုံ့နဲ့ လိုက်ရှူကြည့်၏။ ကိုခန့်ပြောသလို ဘာရနံ့မှ မခံစားရ။ သို့သော် စကား ရှည်နေမှာစိုး၍ အသာအယာပဲ ငြိမ်နေလိုက်သည်။

ကိုခန့်က ဘာမှမရှိသည့် အနံ့ကို မက်မက်မောမော ရှူရှိုက်ပြီးနောက်-

"ကောင်လေး"

"ဗျာ"

"မင်း ဘယ်သီချင်း စဆိုမှာလဲ ပြော"

လင်းအဂ္ဂ ခဏတော့ ကြောင်တောင်တောင် ဖြစ်သွား၏။ ပြီးတော့မှ ရင်တစ်ချက် ထိတ်သွားမိကာ-



www.burmeseclassic.com

www.burmeseclassic.com



"ကျ···ကျ···ကျွန်တော် ဘယ်သီချင်းဆိုရမှာလဲဟင်"

မျက်လုံးလေး ကလယ်ကလယ်နှင့် သူ့ကို မေးနေသော လင်းအဂ္ဂကို ကြည့်၍ ကိုခန့် စိတ်မရှည်နိုင်စွာနှင့်-

"ဟော့ကောင် မင်းဆိုမဲ့သီချင်း မင်းဘာသာမင်း မသိဘူး လားကွ"

"အဲ···"

လင်းအဂ္ဂ အကြပ်ရိုက်သွား၏။ အခုမှ ဝကျပြီ။ သူသည် ကောင်မလေးအိမ်ရှေ့ မယ်ဒလင်တီးဖို့သာ အစီအစဉ်ရှိ၏။ ဘာ သီချင်းတီးရမယ်ဆိုတာ အစောကြီးကတည်းက စဉ်းစားမလာခဲ့။ ပြီးတော့ သီချင်းတွေကိုလည်း သူ့ခမျာ တစ်ပုဒ်မှ ဟုတ်တိပတ်တိ မရလှ။ ပြဿနာတော့ တက်လေပြီ။

ကိုခန့်က သူ့ကို ဘုကြည့်တစ်ချက်ကြည့်ပြီး ပါဆယ်ဆွဲ လာတဲ့ အရက်ပုလင်းကို ကောက်မော့နေလေသည်။ ထို့နောက် သူ့ဘက်ကိုလည်း ကမ်းပေးလိုက်၏။

"ရော့ နည်းနည်း ထမ်တင်လိုက်။ အဲဒါမှ မေ့နေတဲ့ သီချင်းတွေ ရလာလိမ့်မယ်"

သူ ဘာမှပြန်မပြောတော့ဘဲ အရက်ပုလင်းကိုယူကာ တရှိန်ထိုး မော့ချပစ်လိုက်သည်။ ထို့နောက် ပုလင်းကို ကိုခန့်ဘက် ပြန်ပို့၍-



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ… ဖို့တစ်ပုဒ် တီးမယ်"

"ဘယ် တစ်ပုဒ်လဲ"

ကိုခန့်က မယ်ဒလင်ကို အသင့်ပြင်ရင်း မေးလိုက်၏။ လင်းအဂ္ဂက…

"ချစ်ရက်ရှည်ရှည် အင်းယားမြေ"

"ဘာ…"

ရုတ်တရက် ထအော်လိုက်သော ကိုခန့် အသံကြောင့် လင်းအဂ္ဂ လန့်ပြီး ထခုန်လိုက်ရာ ထိုင်နေသည့် အုတ်ခုံပေါ်မှ အောက်သို့ ပြုတ်ကျသွားသည်။ ထို့နောက် ရုတ်တရက် ဒေါသ ထွက်သွားတဲ့ မျက်နှာကြီးကို နားမလည်နိုင်စွာ မျက်နှာငယ်လေးနဲ့ ကြည့်လိုက်ကာ–

"ဘာ… ဘာဖြစ်လို့လဲ ကိုခန့်ရယ်။ ဟင်… ဘာများ ဖြစ်လို့လဲဗျာ"

"မင်း ပါးစပ်ပိတ်။ မင်း ငါ့ကို ဒါသက်သက်စော်ကားတာ"

"ဗျာ"

"အနှစ်နှစ်ဆယ် အိပ်ပျော်နေတဲ့ ငါ့နှလုံးသားကို ဓားနဲ့ ထိုးပြီး ဆွလိုက်တာ"

"ဟင်"

"ငါ့ရဲ့ ဘဝ၊ ငါ့ရဲ့ဓာန၊ ငါ့ရဲ့သိက္ခာတွေကို မင်း အနုနည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



နှင်းချေပစ်လိုက်တာ”

“အလို”

“မင်း ဘာကောင်လဲ ဟေ့ကောင်”

“ဟာ… ကိုခန့် မလုပ်နဲ့ လွှန်မယ် လွှန်မယ်”

ကိုခန့် ဘာဖြစ်သွားလဲမသိ။ ဘီလူးတစ်ကောင်လို ဖြစ်သွားကာ မြေပြင်ပေါ် ဖင်ထိုင်ရက်ကလေးဖြစ်နေသော လင်းအဂ္ဂကို ဆွဲကာ ထိုးဖို့လုပ်သည်။ လင်းအဂ္ဂက မျက်လုံးကြီး ကြောင်စီစီနှင့် ကိုခန့်ကို ကြောက်လန့်တကြားကြည့်ကာ အော်၏။

သူ့ဘာဝက ဒီနေ့ည သမုဒယနဲ့ အနုအရွလေးတွေ တင်ပြမို့လာတာ။ အခုတော့ ဘာဖြစ်သွားမှန်းမသိသော ဒီလူ့ကြောင့် ကိုယ့်အလောင်း ကိုယ်ထမ်းပြန်ရကိန်းပင် ဆိုက်နေလေပြီ။

“အဲဒီသီချင်း မင်းကို ဘယ်သူတီးခိုင်းလိုက်လဲ ပြော”

“ဘ…ဘ…ဘယ်သူမှ မတီးခိုင်းပါဘူးဗျာ။ ကျ… ကျ… ကျွန်တော် ကိုယ်တိုင် ဆို… ဆိုချင်လို့ပါဗျာ”

“သေချာလား”

“သ…သ… သေချာပါတယ်”

ကိုခန့် နည်းနည်းတော့ မျက်နှာပျော့သွားသည်။ ထို့နောက် သက်မကြီးတစ်ချက်ချ၍ ကောင်းကင်ကြီးကို အတည်ပေါက်ကြီး မော့ကြည့်ပစ်လိုက်၏။ လင်းအဂ္ဂလည်း ယောင်ပြီး လိုက်မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကောင်းကင်က ခါတိုင်းညတွေလိုပင် ဘာမှမထူးခြား၊ ကြယ်တွေရော၊ လတွေရော သူ့ဘာသာသူ ရှိနေကြသည်။

ကိုခန့်က ထိုမပြောင်းလဲသော ကောင်းကင်ကြီးကို ကြည့်၍ ရုပ်တည်ကြီးနှင့် သက်ပြင်းတချချလုပ်ကာ-

"အတည်ပေါက်နဲ့ ရေနေ့ဘက်သွားခဲ့တာ နှစ် (၂၀)ကြာ ပြီး ဒါပေမဲ့ တစ်နေ့မှ မေ့မရခဲ့ပါဘူး အသဲရယ်... အဲဒီ သီချင်းလေးကို ကြားတိုင်း ငါ့ရင်မှာလေ... ငါ့ရင်မှာ... အင့်... အင့်"

လင်းအဂ္ဂ ကြောင်ပြီး ကြည့်နေမိသည်။ သူ့ရှေ့မှာ အသက် လေးဆယ်ကျော်အရွယ် ကျားကျားယားယား ယောက်ျားကြီးတစ် ယောက် ဘာတွေပြောလို့ ပြောနေမှန်းမသိဘဲ ရုတ်တရက် မျက်ရည် ပေါက်တွေ တွေတွေစီးကျလာတော့ ဘာလုပ်လို့ လုပ်ရမှန်းမသိ-

သူ့ဘဝတော့ ဒီည မယ်ဒလင်တီးတဲ့ စခန်းရောက်ဦးမှာ လားမသိ။ ကြည့်ရသလောက်တော့ ဒီမှာတင် လက်စသတ်ပြီ ထင်သည်။

ထိုသို့တွေးနေချိန်မှာတင် ကိုခန့်က သူ့ဘက် ခပ်တွေတွေ လေး လှည့်ကြည့်၍-

"ဓောင်လေး"

"ဗျာ..."

သူ မျက်နှာငယ်လေးနဲ့ ထူးလိုက်သည်။ ကိုခန့်က-



www.burmeseclassic.com

www.burmeseclassic.com



"မင်း အချစ်ဆိုတာကို ငါ့လောက် နားမလည်ပါဘူးကွာ"

"ဟုတ်ကဲ့ပါ ကိုခန့်ရယ်"

"မင်း အချစ်ဆိုတာကို ငါ့လောက် ဘဝကြီးနဲ့ရင်းပြီး မခံစားခဲ့ဖူးပါဘူး"

"ဟုတ်ပါတယ် ကိုခန့်ရယ်"

"မင်း အချစ်ဆိုတာကို ငါ့လောက် ရူးမိုက်စွာ မချစ်ခဲ့ဘူးပါဘူးကွာ"

"မှန်ပါတယ် ကိုခန့်ရယ်"

ကိုခန့် ငြိမ်သွားသည်။ ထို့နောက် သူတို့ရဲ့ ခပ်လှမ်းလှမ်းမှ ထီရောင်းလှည်းတစ်စီး ဖြတ်ကာသွား၏။ ထိုထီလှည်းမှ ဖွင့်ထားသော သီချင်းကိုကြား၍ ကိုခန့်မျက်လုံး တစ်ချက်လက်သွားကာ-

"ကောင်လေး မင်း မွေးမေကျေးဇူး ဆပ်ဖူးလား"

"ခင်ဗျာ"

ရုတ်တရုတ်မို့လို့ လင်းအဂ္ဂ ကြောင်သွားသည်။ ကိုခန့်က ဆက်ပြောသည်။

"အဲ့ဒီ ထီလှည်းက ဖွင့်ထားတဲ့ သီချင်းလေးကို နားထောင်စမ်း နားထောင်စမ်း"

သူနားထောင်ခိုင်းတော့လည်း လင်းအဂ္ဂမှာ လိုက်ပြီးနား ထောင်ရ၏။ အခုထိ ကောင်မလေးကို ကြူဖို့ဇာတ်လမ်းက



www.burmeseclassic.com

www.burmeseclassic.com



မစရသေး။ သူ့ဘဝကတော့ ဒီအသည်းကွဲအရက်သမားနဲ့ ဘဝဆုံးပြီ ထင်ပါသည်။

"မွေးမကျေးဇူး ဆပ်ဖူးချင်တယ်လေ ××× ဟေး တစ်မြေခြားလို့ ဝေးကွာခဲ့ပြီ သားချစ်တဲ့ မွေးမေမေ၊ သားသား ချစ်တဲ့ မွေးမေမေ..........."

ဟာသံတတွန်းရင်ရဲ့ 'မွေးမကျေးဇူး ဆပ်ဖူးချင်တယ်' သီချင်း။ ထိုသီချင်းကိုဖွင့်ရင်း ထီသည်က သူ့ထီလှည်းလေးကို တရွေ့ရွေ့နဲ့ တွန်းကာသွားသည်။ ထီလှည်း အဝေးရောက်သွားပြီး အသံပျောက်သွားတော့ အသည်းကွဲ အရက်သမားကြီးက သူ့ဘက် လှည့်ကြည့်၍-

"အဲဒီသီချင်း ငါတို့ ဆိုရအောင်"

"ဟာ..."

သူ့ရင်ဘတ်ထဲမှ ကြောက်ခမန်းလိလိ အာမေဍိတ်သံကြီး ပါးစပ်မှ ထွက်သွားမိ၏။ ကိုခန့်က မျက်လုံးကြီးပြူးပြီး သူ့ကိုကြည့် ၏။

မဖြစ်... ဒီသီချင်းနဲ့တော့မဖြစ်။ ဘယ့်နှဲ့... ကောင်မလေး အိမ်ရှေ့ အကြူဇယားလေးဆွဲဖို့ ဖိုသံပေး သီချင်းလာဆိုပါတယ်ဆိုမှ ဒီ 'မွေးမကျေးဇူး ဆပ်ဖူးချင်တယ်' နဲ့တော့ ဘယ်လိုမှ မဖြစ်... လုံးဝ မဖြစ်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

ကိုခန့်က မေးသည်။ သူ ဒီတစ်ခါတော့ ရဲဝံ့စွာပင် ကိုခန့်နဲ့ ဆန့်ကျင်ပစ်လိုက်၏။

"ဟာ… ကိုခန့်ကလည်း၊ စဉ်းစားဦးလေဗျာ၊ ကျွန်တော်က ကောင်မလေးကို ကြွေသွားအောင် ဝေသွားအောင် သီချင်းနဲ့လာပြီး ကြူတာလေ။ ကိုခန့်သီချင်းကိုလည်း ကြည့်ဦး။ မွေးမေ့ကျေးဇူး ဒီခြံရှေ့မှာ လာဆပ်နေလို့ ဘာတွေဖြစ်ကုန်မလဲ"

"ဘာဖြစ်လဲကွ အမေ့ကျေးဇူး ဘယ်နေရာမှာပဲ ဆပ်ဆပ် ပေါ့"

"ဟာ ဒုက္ခပါပဲဗျာ၊ ဒီအချိန် ဒီနေရာမှာတော့ မလုပ်ပါနဲ့ ကိုခန့်ရယ်၊ တခြားအကြွေလေးတွေ လုပ်ပါဗျာ ကိုခန့်သိပါတယ်။ ကိုခန့်မကြိုက်တဲ့ ချစ်ရက်ရှည်ရှည် အင်းယားမြေကို မတီးဘူးလေ။ တခြားဟာလေးတွေ ကစ်မယ်နော်"

တော်တော်လေး ချော့ပြောသည်။ သို့သော်မရ။ မျက်ထောင့်နီကြီးနဲ့သူ့ကို ကြည့်ပြီး-

"ချစ်ရက်ရှည်ရှည် အင်းယားမြေက ငါမကြိုက်တာ မဟုတ်ဘူးကွ။ ငါကြိုက်လွန်းလို့၊ ငါ့ အူထဲ၊ အသည်းထဲ၊ နှလုံးသားထဲမှာ စွဲမြဲခိုင်မာစွာ ကြိုက်လွန်းလို့… ကြိုက်လွန်းလို့ မတီးတာ နားလည်လား"ဟု ပြန်အော်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ မျက်နှာကို အတတ်နိုင်ဆုံး ညှိုးညှိုးငယ်ငယ်လေးထား လိုက်ကာ-

"ဟုတ်ပါပြီ ကိုခန့်ရယ်၊ ကိုခန့်ပြောတဲ့ အတိုင်းပါပဲ။ အဲဒီ့သီချင်းကလွဲပြီး ကျန်တဲ့ သမုဒယ၊ အနုအလှလေးတွေ ကစ်မယ် နော်"

အသည်းကွဲ အရက်သမားကြီးက အရက်ပုလင်းကို ကောက် ကိုင်ပြီး တစ်ကျိုက်မော့ချလိုက်ကာ ခေါင်းကို အေးအေးလူလူ ခါပြသည်။

မရဘူးဆိုတဲ့သဘော-

လင်းအဂ္ဂ အရက်ပုလင်းကို ဆွဲယူလိုက်ကာ အားရပါးရ သောက်ပစ်လိုက်၏။ ထို့နောက် သူ့ဘဝမှာ ကိုယ့်ကိုကိုယ် ပထမဆုံး အကြိမ် သနားလာမိသည်။ ထို့နောက် သူဆက်တွေးသည်။

သူ့ဘဝ ဒီညတော့ ပျက်ပြီ-

ထပြန်ရင် ကောင်းမလား စဉ်းစားလိုက်၏။ အဲဒီလိုကျ ပြန်တော့လည်း မပြန်ရဲ။ တော်ကြာကောင်မလေး အိမ်ရှေ့မှာ ဒီလူက ပေါက်မြောက်ပြီး ပေါက်ကရတွေ ရှောက်လုပ်လျှင် ခက်ချေ ဦးမည်။ အခုလောက်ဆို ကောင်မလေးလည်း သူတို့အသံတွေ ကြားပြီး အကဲခတ်ပြီးလောက်ပြီ ထင်၏။ သူ မျက်နှာလွှဲခဲ့ရင်နှင့် ထိုလူကိုတော့ ကောင်မလေး အိမ်ရှေ့ ထားမသွားရဲ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ သီချင်းကို အရင်ဆိုမယ်ဆိုရင် ကျန်တဲ့ သီချင်းတွေ ငါဆက်တီးပေးမယ် ဘယ်လိုလဲ"

ကိုခန့်ဘက်က စကားသံခပ်အေးအေး ထွက်လာ၏။ လင်းအဂ္ဂ ပျော်သွားသည်။

"တကယ်လား"

"တကယ်ပေါ့"

"ကိုခန့်က ဘာတွေ တီးပေးမှာလဲ"

"မင်းကြိုက်တဲ့ သီချင်းတွေပေါ့ကွာ… တွံတေးစိုးအောင်ရဲ့ ဟိုသီချင်းလေ။ ဘာလဲ ညီမလေးလိုလည်း ချစ်ပါတယ် ချစ်သူလိုလည်း ချစ်ပါတယ်။ အဟဲ… ကောင်မလေးက မင်းထက် ငယ်တယ်မလား"

သူ ပျော်သွားသည်။ ခုနစိတ်ညစ်ညစ်နဲ့ အားရပါးရ သောက်ပစ်လိုက်သည့် အရက်က အခုမှ အစွမ်းအစပြပြီး စိတ်ထဲမှာလည်း ခပ်ရဲရဲဖြစ်လာ၏။ ပြီးနောက် ဆိုချင်တီးချင်၊ ကချင်ခုန်ချင်စိတ်တွေ ပေါက်လာသည်။

"ချဗျာ…ကဲ…ကျွန်တော်တို့ မွေးမေကျေးဇူး အရင်ဆပ်လိုက်ရအောင်။ ဘာ့ပဲဖြစ်ဖြစ် ကောင်မလေးကတော့ မယ်ဒလင်နဲ့ဆိုတော့ အထူးအဆန်းလေးဖြစ်ပြီး ကြွေသွားမှာတော့ အသေအချာဒီကောင်တွေ မိဘကျေးဇူးသိတတ်တယ်လို့လည်း ထင်သွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့… ဒါပေါ့ ကောင်လေးရ… ကဲ… ရယ်ဒီ"

"ရယ်ဒီ"

"ဂိုး"

"တင်… တောင်… တောင်… တင်… တောင်… တောင်… တင်း… တောင်… တင်း… တောင်… တင်း… တောင်… တင်းတောင်… တောင်"

ထို့နောက် မယ်ဒလင်သံလေးက ခပ်အေးအေးလေး ပေါ်ထွက်လာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁

သူတောင်းစားသားအဖ သူမအိမ်ရှေ့ ပိုက်ဆံလာတောင်းနေသည်ဟု ထင်လိုက်မိသည်။ ညကြီး အချိန်မတော်ကျမှ လိုက်တောင်းနေသည်ကိုတော့ နည်းနည်းအံ့ဩမိ၏။ သို့သော် သူတို့မန္တလေးဘက်နေတုန်းကလည်း ဒီလိုအချိန်မျိုး သူတို့နေတဲ့ရပ်ကွက်ထဲသို့ ထိုသို့ပင် သူတောင်းစားသားအဖ ဝါးဆစ်ပူးလေးတွေ ခေါက်ပြီး တစ်ခါနှစ်ခါ ဝင်လာဖူး၏။ အခု သူတောင်းစား သားအဖကတော့ မယ်ဒလင်လေးနဲ့။

"မိစိမ်းရေ... မိစိမ်း"

သူမ အခန်းထဲက အိမ်ကခိုင်းတဲ့ ကောင်မလေးကို လှမ်းခေါ်လိုက်၏။ မိစိမ်း ထူးသံ မကြားရ။

"ဟယ် ဒီကောင်မလေး ဘယ်သွားနေလဲ မသိဘူး။ သူတောင်းစား သွားအဖကို ပိုက်ဆံသွားထည့်ခိုင်းပါမယ်ဆိုမှ"

ထို့နောက် သူမ အိပ်ခန်းထဲရှိ ပြတင်းပေါက်မှ လှမ်း၍ အုတ်ခုံရှိရာသို့ လှမ်းကြည့်လိုက်သည်။ အုတ်ခုံလေးနေရာတွင် လ



www.burmeseclassic.com

www.burmeseclassic.com



ရောင်နဲ့ မသဲမကွဲ လှမ်းမြင်နေရသော်လည်း လူနှစ်ယောက် ထိုင်နေသည်ကိုတော့ တွေ့ရ၏။

အဖေဖြစ်သူက မယ်ဒလင်ပိုက်ကာ တီးနေပြီး သားဖြစ်သူဟု ထင်ရသူက အသံအက်ကွဲကွဲနဲ့ နောက်က လိုက်ဆိုနေသည်။ နှစ်ယောက်စလုံးကိုကြည့်ရတာ သန်သန်မာမာ ပုံစံမျိုးတွေပေါက်နေ၍ စိတ်ထဲ ဒေါသစိတ်ကလေး ဝင်လာမိ၏။

"လူတွေကလည်း တကယ်ပဲ၊ ဒီလောက် ခြေကောင်း၊ လက်ကောင်းကြီးတွေနဲ့ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်လို့လည်းရရဲ့သားနဲ့ လုပ်ကိုင်မစားသောက်ချင်ကြဘူး၊ အပျင်းကြီးပြီး အရလွယ်တဲ့ သူတောင်းစားပဲ လုပ်စားချင်ကြတယ်... ဟင်း"

ထိုအချိန်တွင် မိစိမ်း အခန်းထဲသို့ဝင်လာသည်။ ထို့နောက် သူမကို ကြည့်၍-

"မမလေး ခုန မိစိမ်းကို ခေါ်လိုက်လားဟင်"

"ဟုတ်တယ်၊ အခုတော့ ဘာမှမဟုတ်တော့ဘူး၊ သွားတော့"

မိစိမ်းထွက်သွားသည်။ သူမ ခုနတုန်းက ဒုက္ခိတ သားအဖဆိုရင် ပိုက်ဆံလေးဘာလေး ထည့်လိုက်မလို့ ဖြစ်သော်လည်း အခုတော့ သာမန်လူတစ်ယောက်လို အကောင်းကြီးတွေ ဖြစ်နေ၍ ပိုက်ဆံလှူချင်စိတ် မရှိတော့သောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တွေးပြီးနောက် သူမခေါင်းထဲသို့ အတွေးနောက်တစ်ခု ထပ်ဝင်လာသည်။

သူတို့ အနူတွေများ ဖြစ်နေသလား…

ဒါတော့ မပြောတတ်။ သူမက အဝေးက လှမ်းမြင်နေရ တယ်ဆိုတော့ နူတယ် မနူဘူးဆိုတာ ရုတ်တရက် ခွဲခြားလို့ မရ။ တကယ်လို့ သူမတွေးသလို အနူအဝဲ သားအဖဆိုရင်တော့ သနားစရာ ကောင်းပါသည်။ သူတို့ခမျာ နေ့လယ်နေခင်း လူကြားသူကြားထဲ မထွက်ဝံ့၍ ညဘက်လူခြေတိတ်ချိန်ကြမှ ရပ်ကွက်တကာလှည့်ပြီး ထိုသို့ တောင်းစားနေရပုံရ၏။

ထို့ကြောင့် မိစိမ်းကို ပြန်ခေါ်လိုက်သည်။

"မိစိမ်းရေ… မိစိမ်း"

"ရှင်… မမလေး"

မိစိမ်း ရောက်လာသည့် သူမက မိစိမ်းကို အနားခေါ်၍-

"မိစိမ်း"

"ရှင်"

"ခြံရှေ့က မယ်ဒလင်တီးနေတဲ့ သူတောင်းစား သားအဖ ကို တွေ့လား"

မိစိမ်းက ပြတင်းပေါက်မှ လှမ်းကြည့်၍ ခေါင်းညိတ်ပြကာ…

"တွေ့တယ်လေ ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့နှားကို သွားကြည့်စမ်း သူတို့ခန္ဓာကိုယ်မှာ ဘာတွေ ထူးခြားတာ တွေ့လဲလို့"

"ဟာ မမလေးကလဲ မိစိမ်းကြောက်တယ်"

"ဘာမှ မကြောက်နဲ့ အဲဒီနွှစ်ယောက်က နင့်ကိုတွေ့ပြီး ပိုက်ဆံပေးမဲ့လူပဲဆိုပြီး ပျော်တောင်နေဦးမှာ"

"ကျွန်မက ဘာကြည့်ရမှာလဲ"

"သူတို့ကိုယ်ပေါ်မှာ အနာတွေ၊ ဝဲတွေ ရှိလားကြည့်ခဲ့၊ ပြီးတော့ ပတ်တီးတွေ ဘာတွေ ပတ်ထားလား ကြည့်ခဲ့။ ပြောရမယ် ဆိုရင်ဟာ သူတို့နူနေတာလားဆိုတာ ငါသိချင်တာ"

"ဒါလေးများ မမလေးရယ်… ရှင်တို့က အနူတွေလားဟင် လို့ ပေါ်တင်သွားမေးလိုက်မယ်လေ"

"ဟာ ဒီကောင်မလေး၊ အဲလိုသွားမေးလို့ရမလားဟဲ့… ဟိုက ပြောမလား၊ ငါခိုင်းတဲ့အတိုင်းလုပ် သွား"

မိစိမ်း လှစ်ခနဲ ထွက်သွားသည်။ တစ်ခုသတိရ၍ မိစိမ်းကို သူမ လှမ်းခေါ်လိုက်၏။ မိစိမ်း ပြန်ရောက်လာတော့…

"ဒီလိုလုပ်… နင်ဟိုနားက ဆိုင်ကလေးမှာ မရမ်းပြား သွားဝယ်ရင်း လှေ့လာလိုက် ရှော့"

မိစိမ်းက သူမပေးတဲ့ ထောင်တန်တစ်ရွက်ကိုယူပြီး ပျော်ရွှင်စွာ ထွက်သွားလေသည်။ မိစိမ်းထွက်သွားတော့ သူတောင်းစား



www.burmeseclassic.com

www.burmeseclassic.com



သားအဖထံမှ 'မွေးမေကျေးဇူး ဆပ်ဖူးချင်တယ်' သီချင်းက တစ်ဖြည်းဖြည်းလွင့်ပျံ့လာကာ ခဏနေတော့ ပြီးဆုံးသွားလေသည်။

အတော်လေးကြာတော့ နောက်တစ်ပုဒ် ဆက်တီး၏။

"ပန်းကြိုက်တဲ့ ညီမလေးရယ် ××× ညီမလေးလိုလည်း ချစ်ပါတယ် ချစ်သူလိုလည်း ချစ်ပါတယ် ××× ပန်းလှလှ ပန်ဆင်ရဖို့ သည်းဦးပန်းလေး ပန်ပေးလိုက်ချင်တယ်… တူနယ် တက်နယ်… တောင်"

"ချောက်"

"ဟော"

ကောင်မလေးအိမ်ရှေ့ ပေါ်တီကိုအောက်မှ မီးလုံးလေး တစ်ပွင့် လင်းလက်သွားချိန်တွင် လင်းအဂ္ဂရင်ထဲ၌ ဟာခနဲ ဟင်ခနဲ ဖြစ်ကာသွား၏။ တစ်ခုခုတော့ ထူးခြားလေပြီ၊ စိတ်ထဲထင်တဲ့ အတိုင်းပြောရလျှင်ဖြင့် သူတို့ မယ်ဒလင်လက်သံ ပြောင်မြောက်မှုကြောင့် ကောင်မလေးဘက်က သူတို့အပေါ် စိတ်ဝင်စားမှု တစ်စုံတစ်ရာ အချက်ပြပြီထင်၏။ လင်းအဂ္ဂရင်ထဲမှာ ကိုယ့်အတွေးနဲ့ကိုယ် အပျော်လုံးကြီး ခုန်သွား၏။ ကိုခန့်ကလည်း မီးလင်းသွားတာကို တွေ့၍ ဒီလိုပဲ ဖြစ်ရမယ်လေ ဆိုတဲ့သဘောနဲ့ မိန့်မိန့်ကြီး ပြုံးပြီး မယ်ဒလင်ကို ခါတိုင်းထက် ကျယ်လောင်စွာ တီးခတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟော… မိန်းကလေးတစ်ယောက် အိမ်ထဲမှထွက်လာပြီး နောက်တော့ ခြံတံခါးကို ဖွင့်ပြီး အိမ်ရှေ့လမ်းမပေါ်သို့ ရောက်လာ၏။

လင်းအဂ္ဂ ထိုမိန်းကလေးကို သေသေချာချာ အကဲခတ်လိုက်၏။ ဖူးပွင့်ငုံတော့မဟုတ်၊ ပုံစံကြည့်ရတာ သူမတို့အိမ်က ခိုင်းတဲ့ ကောင်မလေး ဖြစ်ပုံရ၏။

ထိုကောင်မလေးသည် အိမ်ရှေ့လမ်းပေါ်ရောက်တော့ သူတို့ ရှေ့က မယောင်မလည် ဖြတ်လျှောက်သွားပြီး သူတို့နှစ်ယောက်လုံး ကို စူးစမ်းသလို တစ်ချက်ကြည့်သွားသည်။ ကြည့်သွားတဲ့ အကြည့် တွေက တစ်စုံတစ်ခုကို လေးလေးနက်နက် စူးစိုက်ကြည့်သွားတဲ့ အကြည့်မျိုးတွေနှင့်၊ ပွင့်ပွင့်လင်းလင်းပြောရရင် တစ်ယောက် ယောက်က သူတို့ကို စူးစမ်းခိုင်းလိုက်တဲ့ မျက်ဝန်းမျိုးတွေ…

"ဒါမရိုးသားဘူး"

လင်းအဂ္ဂစိတ်ထဲမှာ သိချင်းသံကို ဆွဲဆွဲငင်ငင် သီဆိုနေရင်းနှင့် တွေးလိုက်၏။ ဟုတ်ပါပြီ။ ဖူးပွင့်ငုံက သူ့အိမ်က တစ်ယောက်ကို ငါတို့ ဘယ်သူတွေလဲဆိုတာ သိချင်လို့ စုံစမ်းခိုင်းလိုက်တာပဲ ဖြစ်မှာ ပါ။

လင်းအဂ္ဂ ကိုယ့်အတွေးနဲ့ကိုယ် တော်တော်ပျော်ကာသွား၏။ ထို့နောက် ဒီည သူစီစဉ်လိုက်တဲ့ အကွက်ကလေးကသည်း တော်



www.burmeseclassic.com

www.burmeseclassic.com



တော်လှပသွားသည်ဟု ကိုယ့်ကိုကိုယ် ချီးကျူးပစ်လိုက်သည်။

"ငါကွ"

"အမလေး"

လက်သီးကို ကျစ်ကျစ်ပါအောင် တစ်ချက်ဆုပ်ပြီး မချိတင်ကဲနှင့် ကြိတ်ပြီးဂုဏ်ယူလိုက်ချိန်တွင် ဘယ်ဘက်လက်မောင်းနေရာမှ ဖျင်းခနဲ နာသွားရ၏။ လင်းအဂ္ဂ 'အမလေး'ဟု ကြိတ်ပြီးတစ်ချက်အော်လိုက်သည်။

ဘာများဖြစ်တာပါလိမ့်။

ထိုအတွေးနဲ့အတူ သူ့ဘယ်ဘက်လက်မောင်းကို ကြည့်လိုက်စဉ် ခုန အုတ်ခုံပေါ်က ပြုတ်ကျသွားတဲ့ အရှိန်ကြောင့် ဘယ်ဘက်လက်မောင်းနဲ့ တစ်ထောင်ဆစ်တစ်ဝိုက်မှာ အစွန်းတွေထင်ပြီးသွေးတွေ ဆို့တက်နေတာတွေ့ရ၏။

လင်းအဂ္ဂ ပြုံးလိုက်သည်။

အချစ်အတွက် ဒီလောက်ကတော့ (Nothing) အေးဆေး၊တမဖွဲ့။

ဒီ့အပြင် အင်္ကျီနဲ့ ပုဆိုးမှာလည်း ဖုန်တွေဖွေးလို့-ဒါလည်း မပြောပလောက်။ ဒီလောက်လေး ရင်းလိုက်ရတာ ဘာမှမဖြစ်။

ကောင်မလေးသည် ဒီညတော့ ထူးခြားနေတာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခုန သူ 'မွေးမေကျေးဇူး' စဆိုကတည်းက ကောင်မလေး အခန်းမှာ အရိပ်တွေ လှုပ်ရှားနေတာ တွေ့ရ၏။ လိုက်ကာအုပ်ထား သောကြောင့် ထင်ထင်ရှားရှား မတွေ့ရသော်လည်း လှုပ်ရှားနေတဲ့ အရိပ်ကလေးကို မှန်းဆကြည့်ခြင်းအားဖြင့် ကောင်မလေးဆိုတာ သေချာပါသည်။

ဆက်စပ်တွေးကြည့်ရင် ကောင်မလေးသည် သူသီချင်း စဆိုကတည်းက အထူးအဆန်းဖြစ်ပြီး သူတို့ရှိရာသို့ ကန့်လန့်ကာ နောက်ကွယ်က ချောင်းကြည့်နေတာဖြစ်မည်။ နောက်တော့ ဘယ်သူ လဲဆိုတာ သိချင်စိတ်ပြင်းပြလာ၍ သူမအိမ်က ခိုင်းတဲ့ကောင်မလေးကို လွှတ်၍ ကြည့်ခိုင်းလိုက်သည်။ သူတို့ရှေ့က ဖြတ်လျှောက်ရင်း ကြည့်သွားတဲ့ မိန်းကလေး၏ မျက်ဝန်းတွေက ဒါကိုသက်သေ ပြနေ၏။

နိပ်ဟ… လင်းအဂ္ဂ…

တစ်ခါဆို… တစ်ခါဆိုသလောက် ဒီလောက် အောင်မြင်မှု ရရင် နည်းသလား။

ဟော… ပြောရင်းဆိုရင်း ခုနမိန်းကလေးက ခပ်လှမ်းလှမ်း ဆိုင်လေးမှာ ဇီးထုပ်တစ်ထုပ်ဝယ်ရင်း ပြန်လာနေပြီ။ အဲဒီမိန်းကလေး ရဲ့ အမူအရာတွေကလည်း သိပ်မပိရိလှ။ ထိုဆိုင်မှာ ဇီးထုပ်ဝယ်နေ ရင်းနှင့် သူတို့ဆီသို့ ကွက်ကြည့် ကွက်ကြည့်… သူမ သခင်မရဲ့



www.burmeseclassic.com

www.burmeseclassic.com



အလိုကျ သူ့ရဲ့ရုပ်ရည် ရူပကာနှင့် အသားအရည် ဖြူသလား မဲသလားကအစ အတိအကျ စုံစမ်းစစ်ဆေးခဲ့ဖို့ တာဝန်ပေးအပ်ခံရခဲ့ပုံ ရ၏။

လင်းအဂ္ဂ ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် လက်နဲ့ တစ်ချက် သပ်တင်လိုက်သည်။ ထို့နောက် အလင်းရောင်ရှိတဲ့ဘက် မသိမသာရွှေ့ရင်း သူ့ရုပ်ရည်ကို စုံးစမ်းစစ်ဆေးရေးမလေး ကွက်ကွက်ကွင်းကွင်း မြင်ရရန် ဖိုလ်ရှုခံလိုက်ပါတော့သည်။

စုံးစမ်းစစ်ဆေးရေးမလေးမှာလည်း သူတို့ဘက်သို့ အတတ်နိုင်ဆုံးကပ်လျှောက်၍ သူတို့ကို သေသေချာချာ ကြည့်သွားပါတော့သည်။ ထို့နောက် တစ်ချက်တောင် ပြုံးပြသွားသေး၏။ အထူးသဖြင့် သူ့ကို-

"ငါကွ"

လင်းအဂ္ဂရင်ထဲမှာ အပျော်ကြီးပျော်ပြီး အော်ချလိုက်ပါတော့၏။ ထိုအချိန်တွင် တွံတေးစိုးအောင် သီချင်းပြီးသွားပြီး သူနဲ့ အတူလိုက်ဆိုပေးသော ကိုခန့်က အုတ်ခုံနောက်မှာထားသော ပုလင်းအသစ်ကို ဖွင့်လိုက်၏။

"ကိုခန့်ရယ် ကျွန်... ကျွန်... ကျွန်တော့် အောင်မြင်မှုတွေကို တွေ့... တွေ့... တွေ့တယ်မလား"

လင်းအဂ္ဂပျော်လွန်းလို့ စကားတွေတောင် ထစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုခန့်က ဘာမှပြန်မပြောသေးဘဲ ပုလင်းကို တစ်ကျိုက် မော့လိုက်ပြီးမှ-

"တွေ့တယ်... တွေ့တယ်... ရှေ့ပြေးစုံစမ်းမှုတွေတောင် လုပ်ကုန်ပြီ။ ဒါ ပယောဂမှန်လို့ ထုန်ဆင်းလာတယ်လို့ ခေါ်တယ်ကွ... ခေါ်တယ်"

"ဟား... ဟား... ဒါ ကိုခန့်ရဲ့ ကျေးဇူးတွေပါဗျာ၊ ကိုခန့်ရဲ့ ကျေးဇူးတွေပါ"

"ဒါတွေမလိုပါဘူးကွာ This manနဲ့ this man...ရှော မင်းရဲ့ အောင်မြင်မှုအတွက် ထပ်ကစ်လိုက်"

"OK"

ကိုခန့်လှမ်းပေးသော အရက်ပုလင်းကို တစ်ကျိုက်တည်း မော့ချပစ်လိုက်၏။ သူလည်း ဒီနေ့ည သောက်တာ တော်တော်များနေပြီ။ တစ်ခါမှလည်း အရက်ဆိုသည့်အရာကို အဲဒီလောက် လစ်မစ်ရောက်သည်အထိ မသောက်ဘူး။

လူကတော့ မူးနေပြီ၊ ဒါပေမယ့် အပျော်တွေဖုံးလွှမ်းထားတော့ မူးလို့ မူးမှန်းမသိ။

ထိုအချိန်၌ ကိုဆန့်ရဲ့ မယ်ဒလင်လက်သံက နောက်တစ်ပုဒ် စရန် Intro စဝင်လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ် မမလေး အနူတွေပဲ"

"ဟင်··· နင်က ဘယ်လိုလုပ်သိလဲ"

"သိတာပေါ့ မမလေးရဲ့ ဟိုမယ်ဒလင်တီးနေတဲ့ အဘိုးကြီး ကိုတော့ မှောင်ရိပ်ကျနေလို့ မမြင်ရပေမဲ့ သူ့ဘေးနားက သီချင်းဆိုနေ တဲ့ လူကိုတော့ မြင်ခဲ့တယ်"

"ဟုတ်လား ဘာတွေမြင်ခဲ့လဲ"

"အဲဒီ သူတောင်းစား အစ်ကိုကြီးရဲ့ လက်မောင်းမှာ အနာ တွေထင်တယ်။ ပြီးတော့ သွေးတွေပါထွက်နေတယ်။ အင်္ကျီနဲ့ ပုဆိုးတွေကလည်း ဖုန်တွေနဲ့ ညစ်ပတ်နေတာပဲ"

ဖူးပွင့်ငုံ သက်ပြင်းလေးကို ချလိုက်မိသည်။ ထို့နောက် တစ်ယောက်တည်း ညည်းညူသလိုလို လေသံလေးနှင့်–

"ဩ်... လူတွေ··· လူတွေ··· အရင်ဘဝက အကုသိုလ် ကံတွေ မစင်ခဲ့တော့လည်း ဒီဘဝမှာပါလိုက်ပြီး ဝဋ်နာကံနာတွေ ခံစားနေရတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"မမလေး ဝင်္ခနာကံနာ ဆိုတာ ဘာလဲဟင်"

"ကဲပါ… နင့်ကိုပြောပြနေလည်း သိမှာမဟုတ်ပါဘူး။ ရော့… ရော့ ပိုက်ဆံတစ်ထောင်ယူသွား။ သူတို့ကို တစ်ခုခုဝယ်စားလို့ပေးလိုက်။ လျှာရှည်မနေနဲ့နော် ပိုက်ဆံပေးပြီး ပြန်လာခဲ့။ မိုးချုပ်နေပြီ"

"ဟုတ်ကဲ့ပါမမလေးရဲ့ စိတ်ချပါ။ ဒါနဲ့ မိစိမ်းလည်း လှူလို့ရလားဟင်"

"ရတာပေါ့ နင်က ဘယ်လောက် လှူမှာမို့လို့လဲ"

"ခုန ဇီးထုပ်ဝယ်ပြီး ပိုတာရှိတယ်လေ အဲဒီပိုက်ဆံကို မိစိမ်းကို ပေးမလား"

"အေးပါ ပေးပါတယ် ယူယူ"

"အဲဒါဆို ပိုတဲ့ပိုက်ဆံထဲက မိစိမ်းက ငါးရာလှူမယ်"

"ကဲ ဒါဆိုလည်း သွားသွား မြန်မြန်သွားပြီး မြန်မြန်လာ"

"ဟုတ်"

မိစိမ်း ထွက်သွားသည်။ သူမက ပြတင်းပေါက်ကန့်လန့်ကာကို လှပ်ပြီး အသာကြည့်နေလိုက်၏။ ခဏကြာတော့ သူတောင်းစားသားအဖထံ မိစိမ်း ရောက်သွားတာ တွေ့ရ၏။ စကားတစ်ခွန်းနှစ်ခွန်းပြောပြီး ပိုက်ဆံပေးကာ မိစိမ်း အိမ်ဘက်ပြန်လျှောက်လာတာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ သူမ အခန်းထဲ မိစိမ်း ရောက်လာ၍-

"သူတို့ တော်တော်အံ့ဩသွားပုံရတယ် သိလား၊ ဒီလို ပိုက်ဆံမျိုးလည်း တစ်ခါမှ မရဖူးဘူးထင်တယ်"

ဖူးပွင့်ငုံက ပြုံးလိုက်ကာ-

"နင်က ဘယ်လိုပြောပေးလိုက်လဲ"

"မိစိမ်းရဲ့ မမလေးက ရှင်တို့စားချင်တာ စားဖို့ပေးလိုက်တာလို့ ပြောပေးလိုက်တာပေါ့"

"အဲဒီတော့..."

"အဲဒီတော့ သူတောင်းစား အငယ်လေးက"

"သားဖြစ်သူလို့ ပြောစမ်းပါဟယ်... နင့်ကျမှ သူတောင်းစား အကြီးအငယ် ဖြစ်ရသေးတယ်"

"ခစ်... ခစ်... အင်း... အဲ့ဒီသူတောင်းစား သားလေးက ကြောင်တောင်တောင်ကြီး ကြည့်နေတယ်။ ပိုက်ဆံကို မယူသေးဘူး။ နောက်တော့မှ သူ့အဖေကြီးက မယ်ဒလင်တီးတာရပ်ပြီး ဝမ်းသာအားရကြီးနဲ့ ယူလိုက်၊ ယူလိုက်လို့ ပြောတော့မှ ကြောင်တောင်တောင်နဲ့ လှမ်းယူတယ်"

"နင်ဒီည ကုသိုလ်တွေ အများကြီး ရသွားပါပြီ မိစိမ်းရယ်၊ ကဲ သွားတော့ သွားတော့"

ဖူးပွင့်ငုံက ပြုံးပြုံးလေးလုပ်ကာ ပြောလိုက်လေ၏။ မိစိမ်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖူးပွင့်ငုံရေ့က လှည့်ထွက်မလို လုပ်ပြီးမှ တစ်ခုသတိရသွား ဟန်နှင့်–

"ဩော် မမလေး သူတို့က ပြောသေးတယ်"

"ဘာလဲ"

"ဒီညတစ်ညလုံး မမလေးကို ဖျော်ဖြေမှာတဲ့"

"ဘုရား"

"ဟုတ်တယ် သူတောင်းစား အဖေကြီးက ပြောလိုက်တာ"

"ကဲပါ… ဟုတ်ပါပြီ သွားတော့ သွားတော့"

မိစိမ်း ထွက်သွားသည်။ သူတို့လည်း ဒီအချိန်ခဏလေးနဲ့ ငွေလေးမြိုးမြိုးမျက်မျက် ရလိုက်၍ ညကြေးတွက်ခြေကိုက်သွားပြီ ထင်ပါသည်။ ထို့ကြောင့် သူမကို တစ်ညလုံး ဖျော်ဖြေဦးမတဲ့။

ဘာပဲဖြစ်ဖြစ် ဒီညတော့ သူတောင်းစား သားအဖမှ လွဲ၍ သူမ အိမ်ရှေ့ ခါတိုင်းရက်တွေလို လူတစ်ယောက်မှ မရှိ။

သူတောင်းစားတွေနဲ့အပြိုင် ဂစ်တာမတီးချင်ဘူး ထင်ပါ သည်။ ဒီလိုဆိုတော့လည်း သူမအတွက် တစ်မျိုးနားအေးရတာပေါ့။

ပေါက်ကရဈေးဆယ် အော်နေသည့် ဂစ်တာသံတွေထက် စာလျှင် ဒီသားအဖရဲ့ မယ်ဒလင်သံလေးကမှ အေးမြတဲ့ ညချမ်းနဲ့ ကိုက်ညီနေသေးသည်ဟု ထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အောင်မြင်မှုတွေ ရပြီးရင်း ရရင်းပဲ ကောင်လေး ရာ၊ ဂုဏ်ယူပါတယ်ကွာ"

ပိုက်ဆံ ထောင့်ငါးရာကို ကြောင်တောင်တောင်နဲ့ ကိုင်ကြည့်နေရင်း ကိုခန့်ရဲ့ စကားသံကို လင်းအဂ္ဂခမျာ မကြားတစ်ချက် ကြားတစ်ချက်။ ပြီးတော့ ကိုခန့် ဘာကို ဆိုလိုနေသလဲဆိုတာ သူ သဘောမပေါက်သေး။ ဒီပိုက်ဆံ ထောင့်ငါးရာက သူတို့ဆီ ဘာကြောင့် ရောက်လာသလဲဆိုတာလည်း သူ မစဉ်းစားတတ်။

"မင်း အံ့သြနေတယ် မလား ကောင်လေး"

လင်းအဂ္ဂက ခေါင်းညိတ်ပြ၍ 'ဟုတ်တယ်'ဟုပြောလိုက်သည်။ ကိုခန့်က ပြုံးပြုံးကြီးကြည့်ပြီး ဆက်ပြောသည်။

"ဒါ ကောင်မလေးဘက်က မင်းကို အသိအမှတ်ပြုလိုက်တဲ့သဘောပဲကွ၊ မင်းအခြေအနေ လုံးဝကောင်းသွားပြီ ကောင်လေး"

"ဘာဖြစ်လို့လဲ"

"အလိုက်တာ ကောင်လေးရာ၊ တက္ကသိုလ်ကျောင်းသား ဖြစ်ခဲ့ပြီး ဒီလောက်တောင် အရူးသလားကွ၊ ဒါ တက္ကသိုလ်က



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး အဆောင်တွေရဲ့ ထုံးစံကွ၊ တက္ကသိုလ်က မိန်းကလေး အဆောင်တွေမှာဆို ကိုယ့်အတွက် ရည်ရွယ်ပြီး လာဆိုတဲ့ ကျောင်းသားတွေကို အဆောင်သူတွေက သူတို့စိတ်ထဲ လက်ခံရင် ဒီလိုပဲ လက်ဖက်ရည်တို့၊ မုန့်တို့၊ ဆေးလိပ်တို့ ပေးတတ်ကြတယ်"

လင်းအဂ္ဂ ထိုအစဉ်အလာကိုတော့ ကြားဖူးသည်။ ဒီဘက်ခေတ်မှာ ကျောင်းအိပ်ကျောင်းစား အဆောင်တွေ မရှိကြတော့သော်လည်း အရင်ခေတ်က တက္ကသိုလ်ဇာတ်လမ်းတွေမှာသော်လည်းကောင်း၊ ဝတ္ထုတွေထဲမှာသော်လည်းကောင်း ဖတ်ခဲ့ဖူး၏။

သို့သော်...

"ဒါတော့ ကျွန်တော်လည်း ကြားဖူးလို့ ဟုတ်ပါပြီ၊ အဲဒါနဲ့ ဒီပိုက်ဆံနဲ့က ဘာဆိုင်လဲ"

ကိုခန့်က တုံးလိုက်တာဆိုတဲ့အကြည့်နဲ့ လင်းအဂ္ဂကို ကြည့်၏။ ထို့နောက်–

"မင်းကို တုံးလို့ပြောရင်လည်း နာဦးမယ်။ အခုချိန်မှာ ကောင်မလေးက မင်းကို ကော်ဖီဖျော်တိုက်ချင်တယ် ဆိုဦးတော့ သူ့အိမ်က မိဘတွေနဲ့ ဖြစ်မလားကွ။ ဒါ့ကြောင့် သူဖျော်တိုက်တဲ့ ကော်ဖီအစား ငါတို့ကြိုက်ရာဝယ်စားလို့ရအောင် ပိုက်ဆံပေးလိုက်တာ... ပိုက်ဆံပေးလိုက်တာ"

စေ့စေ့တွေးတော့ ရှေးရှေးပေါ်လာသည်။ ကိုခန့်ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



သဘာဝ အလွန်ကျလွန်း၏။ ကောင်မလေးကတော့ သူတို့အပေါ် စော်ကားသည့် သဘောအနေနှင့် မိန်းကလေး တစ်ယောက်အနေဖြင့် ဒီလိုပိုက်ဆံပေးခြင်းမျိုး လုပ်မှာမဟုတ်။ တကယ်လို့လုပ်ခဲ့ရင်လည်း သူ့ရှေ့မှာ ညတိုင်း ဂစ်တာလာတီးနေတဲ့ ကောင်တွေကို လုပ်ပြီးသွား လောက်ပြီ။ သူ့ရှေ့မှာ ဂစ်တာလာတီးတဲ့ ဘယ်အဖွဲ့ကိုမှ ဒါမျိုး လုပ်တယ်လို့လည်း မကြားဘူး။ ထို့ကြောင့် ကိုခန့်ပြောတာ ဖြစ်နိုင် သည်ဟု တွေး၍ ပြုံးပြုံးကြီး ဖြစ်သွားပါတော့၏။

ပြီးတော့ ပေးလိုက်တဲ့ ပိုက်ဆံကလည်း ထောင့်ငါးရာ...

တွေးကြည့်ရင် အဓိပ္ပာယ်တွေအများကြီး ဖွင့်ဆိုလို့ရပါသည်။

"ကဲ ကောင်လေး တွေဝေမနေနဲ့ ဒီမှာ လက်ကျန်လေး လည်း ကုန်တော့မယ်ဆိုတော့ အဲဒီပိုက်ဆံလေးနဲ့ ရသလောက် သွားဆွဲခဲ့ကွာ"

"ဟာ... ဒီပိုက်ဆံလေးတော့ မလုပ်ပါနဲ့ဗျာ... ကိုခန့် သောက်ချင်တယ်ဆို ကျွန်တော့်ဟာကျွန်တော် သပ်သပ်ဝယ်တိုက်ပါ့ မယ်"

"ဒါဆိုလည်း လုပ်ကွာ မင်းဘာသာမင်း ဘယ်ကပိုက်ဆံ နဲ့ပဲဝယ်ဝယ် မြန်မြန်ဝယ်ခဲ့"

"ဟုတ်"

လင်းအဂ္ဂ ထိုနေရာမှ ကိုနီ့အရက်ဆိုင်ဘက်သို့ ပြေးထွက်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ လူရော စိတ်ကော ခန္ဓာပါ ဒီညပေါ့ပါးလန်းဆန်းနေသည်။

လူက မူးနေသော်လည်း တက်ကြွလန်းဆန်းကာ ပျော်နေ၏။ ဒီညတော့ မိုးအလင်းသောက်ပြီး မိုးအလင်း သီဆိုပစ်လိုက်မည်ဟု ရင်ထဲမှာ ကြုံးဝါးပစ်လိုက်၏။

ကောင်မလေးဘက်က ဒီလောက်လိုက်လျှောမှုတွေ ပေးနေမှတော့ သူ့ဘက်က ပြန်လည် မပေးဆပ်နိုင်စရာ ဘာအကြောင်းမှ မရှိ။

ကြမ်းတမ်းသော အောက်ကြမ်းပြင်က အထိအတွေ့နှင့် ကျောပြင်အောက်က ခိုးလိုးခုလုအရာတွေကြောင့် အိပ်ပျော်နေရာမှ ဖျတ်ခနဲ လန့်နိုးသွားရသည်။ နိုးနိုးချင်း မျက်စိနှစ်လုံးကို ဆတ်ခနဲ ဖွင့်ကြည့်လိုက်တော့ ပတ်ဝန်းကျင် အသစ်တစ်ခုကို စတင်ခံစားမိ၏။ ထို့နောက် သူဖက်ထားသောအရာကို ဝိုးတဝါး အလင်းရောင်အောက်မှာ အာရုံစူးစိုက်၍ ကြည့်လိုက်မိသည်။

ခွေးတစ်ကောင်...

ရင်ထဲမှာ ဟာင်ခနဲ ဖြစ်သွား၏။ သူ ခွေးတစ်ကောင်ကို အားရပါးရဖက်ကာ အိပ်မောကျနေခြင်းဖြစ်သည်။ အတွေးတွေ ရှုပ်ထွေးသွားချိန်တွင် စိတ်ကိုတည်ငြိမ်အောင်ထား၍ ဖက်ထားသော လက်ကို နည်းနည်း ဖျစ်ညှစ်ကြည့်လိုက်သည်။ သူညှစ်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အရာက ခွေးရဲ့ နို့အုံ…

"အိ… အိ… အိ"

ညှစ်လိုက်သော အရှိန်ကြောင့် ခွေးက ရုတ်တရုတ် ထအော်သည်။ ထို့နောက် ငုတ်တုတ်ထထိုင်ပြီး သူ့ကို ကြောင်တောင်တောင်နဲ့ ကြည့်၏။

သေချာသွားပြီ။ ဒါဟာ ခွေးတစ်ကောင်မှ ခွေးတစ်ကောင် စစ်စစ်–

ဘုရား… ဘုရား သူဘယ်ရောက်နေတာပါလိမ့်။

သူ ရုတ်တရုတ် ငုတ်တုတ်ထထိုင်လိုက်သည်။ ထို့နောက် သူ့ရှေ့မှာ လူတစ်ယောက် မယ်ဒလင်လေး ဖက်ကာ ကွေးကွေးလေး အိပ်နေတာကိုလည်း တွေ့လိုက်ရ၏။

"ဟင်… ကိုခန့်ပါလား"

သူ့စိတ်ထဲ ရေရွတ်လိုက်ကာ ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်လိုက်တော့ သူတို့ရောက်နေတာ ဖူးပွင့်ငုံတို့အိမ်ရှေ့က အုတ်ခုံလေးဘေးမှာ…

ဒါဆို ညက သူတို့ အိမ်မပြန်ဖြစ်ဘူးပေါ့။ မှတ်ဉာဏ်တွေကို တဖြည်းဖြည်း ပုံဖော်ရင်း စဉ်းစားလိုက်၏။ သူတို့ ညက မယ်ဒလင် တီးရင်း၊ သီချင်းဆိုရင်း၊ အရက်သောက်ရင်းနှင့် အမူးလွန်ကာ ထိုအိမ်ရှေ့မှာတင် အိပ်ပျော်သွားခဲ့သည်။ သူတို့ အိပ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြားသို့ ခွေးတစ်ကောင်က နွေးလို့ လာတိုးအိပ်နေတာ ဖြစ်မည်။

ထိုတော့မှ ခွေးကို သေချာလှမ်းကြည့်မိတော့…

"ဟင် ခွေးမကြီး"

ခွေးတောင်မှ ခွေးမကြီး ဖြစ်နေ၏။ ဒါဆို သူတို့နှစ်ယောက်က ခွေးမတစ်ကောင်ကို အလယ်မှာထားပြီး အိပ်နေတာပါလား။ ဘယ်သူတွေ မြင်သွားကြပါလိမ့်။

ထိုတော့မှ ပတ်ဝန်းကျင်ကို လှေ့လာမိသည်။ မနက်အရုဏ်တက်ခါနီးသာရှိသေး၍ လူသွားလူလာတော့ မရှိသေး။ သို့သော်တော်ကြာ ပဲပြုတ်သည် ဒေါ်ပွားစိန် ထွက်လာတော့မည်ဖြစ်၍ ဒီနေရာမှာ ကြာကြာနေရန် မသင့်တော်။ ထို့ကြောင့် ကိုခန့်ကို နှိုးလိုက်သည်။

ကိုခန့်လည်း သူ့လိုပင် ယောင်ကြောင်ကြောင်နဲ့ နိုးလာ၍ သူက ရှင်းပြလိုက်တော့မှ အူကြောင်ကြောင်နဲ့ ထရပ်ကာ မယ်ဒလင်လေးဆွဲပြီး သူ့အိမ်ရှိရာသို့ ထပြန်သွားတော့၏။

သူလည်း ထိုတော့မှ အိမ်သို့ ပြန်လာခဲ့ရပါတော့သည်။ ဘဝကတော့ သိပ်မလှပ။

ခွေးနဲ့တောင် မကြုံစဖူး ဖက်အိပ်ခဲ့ရလေတော့သည်။

သြော် ဖူးပွင့်ငုံရယ်… အဲဒါ မင်းကြောင့်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)



www.burmeseclassic.com

www.burmeseclassic.com



မနက်အိပ်ရာနိုးတော့ ရေမိုးချိုး အဝတ်စားလဲကာ ဆေးရုံသွားဖို့လုပ်သည်။ ထို့ကြောင့် မနက်ခင်း လုပ်နေကျ ထုံးစံအတိုင်း နားကျပ်၊ ဂျူတီကုတ်၊ ဆရာဝန်သုံးခာတ်မီး စသည်တို့ကို သေချာစုံလင်အောင် ထည့်ရသည်။ ထို့နောက် ထမင်းဘူးထည့်သည်။ ဟင်းက သူမ ကြိုက်သည့် ဝက်သားနီချက်ဟင်း။

သူမ ထမင်းဘူးထည့်ပြီးနောက် လက်မှနာရီကို တစ်ချက်ကြည့်တော့ (၈)နာရီတောင်ထိုးပြီ။ ဒီနေ့ သူမသူငယ်ချင်း မိုးမခလာကြိုမည် ပြောထား၍ အိမ်ရှေ့ဧည့်ခန်းမှာ ထိုင်စောင့်နေလိုက်၏။ ဆယ့်ငါးမိနစ်လောက်ကြာတော့ မိုးမခ ရောက်လာသည်။

"စောင့်နေတာကြာပြီလား ဖူးပွင့်… ဆောရီးဟာ လမ်းမှာ ကားတွေ ပိတ်နေလို့"

"မကြာသေးပါဘူးဟယ်။ ငါလည်း ထမင်းဘူးထည့်ပြီးလို့ အခုပဲ ထိုင်နေတာ"

ထို့နောက် သူတို့ မိုးမခ ကားနဲ့ ရန်ကုန်ဆေးရုံကြီးသို့ ထွက်ခဲ့လိုက်ပါတော့သည်။ ဆေးရုံကြီးရောက်တော့ ဂျူတီအချိန်



www.burmeseclassic.com

www.burmeseclassic.com



စေယာဉ်မှာ လက်မှတ်ထိုးလိုက်၏။ ထို့နောက် တာဝန်ကျရာ ဆေးပညာကုသဆောင် (11+12)သို့ ထွက်ခဲ့လိုက်တော့၏။

ကုသဆောင်ရောက်တော့ လက်ထောက်ဆရာဝန်လေး ကိုကိုမောင်က ပြုံးရွှင်စွာ စောင့်ကြိုနေသည်။ သူမကိုတွေ့တော့ အသာအယာ အနားကပ်လာပြီး…

"ဖူး… လေး ဒီနေ့ စောတယ်နော်"

"မစောပါဘူး ပုံမှန်ပါပဲ"

"ဪ… အင်း… ဟင်း… ဟင်း"

ကိုကိုမောင်က သူ့ပုံစံအတိုင်းပြုံကျဲကျဲလုပ်ပြကာ ဖူးပွင့်ငုံကို ကြည့်နေသည်။ ဖူးပွင့်ငုံက နားနေခန်းဘက် ပါလာတဲ့ ပစ္စည်းတွေ သွားထားရန် ထိုနေရာမှ ထွက်လာခဲ့သည်။ ကိုကိုမောင် သူမကို ငေးကြည့်ရင်း ထိုနေရာမှာတင် ကျန်ခဲ့လေတော့သည်။

ကိုကိုမောင်…

သူက ယခုလက်ရှိ လက်ထောက်ဆရာဝန်တစ်ယောက်၊ ဖူးပွင့်ငုံတို့ထက် လေးနှစ်လောက်ကြီးသည်။ မန္တလေးမှာနေတုန်းက ဖူးပွင့်ငုံတို့နဲ့ တစ်လမ်းတည်း။ အိမ်ကလည်းနီးတော့ တစ်ယောက်နဲ့ တစ်ယောက် သိကျွမ်းကြ၏။ လူကြီးချင်းကလည်း ခင်ကြသည်။

အရွယ်ရောက်လာတော့ ကိုကိုမောင်က ဖူးပွင့်ငုံအပေါ် စိတ်ဝင်စားလာသည်။ သူ့ရင်ထဲက ခံစားချက်ကို ပေါ်ပေါ်တင်တင်

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုး၊ ပုန်းလျှိုးကွယ်လျှိုးတစ်မျိုး ပြသလာ၏။ နောက်တော့ ပေါ်ပေါ်တင်တင်ပဲ ဖူးပွင့်ငုံအပေါ် ချစ်ရေးဆိုလာပါတော့သည်။

ဖူးပွင့်ငုံကတော့ ကိုကိုမောင့်အပေါ် အစ်ကိုတစ်ယောက်လို သံယောဇဉ်မျိုးထက်မပို။ ထို့ကြောင့် အလိမ္မာနဲ့ ငြင်းပယ်ထားသည်။

"ကိုယ့်အပေါ်ကို ဘာများ ငြင်းချက်ထုတ်စရာရှိလို့လဲ ဖူးလေးရယ်၊ ကိုယ်ကလည်း အခုလက်ရှိ ဆရာဝန်တစ်ယောက်ပါ။ ပြီးတော့ လူကြီးချင်းလည်း တစ်ယောက်နဲ့တစ်ယောက် အကြောင်းသိတွေ၊ ပစ္စည်းဥစ္စာဆိုတာကရော ဘာများပြောစရာလိုသေးလဲ"

"ကိုကိုမောင့်ကို ဖူးပွင့်ဘက်က အဲဒါတွေကို လက်မခံနိုင်လို့ ငြင်းပယ်နေတာ မဟုတ်ပါဘူး။ ဖူးပွင့် ကိုကိုမောင့်အပေါ် ငယ်ငယ်လေးကတည်းက ထားရှိခဲ့တဲ့ အစ်ကိုတစ်ယောက်ရဲ့ သံယောဇဉ်ထက် ပိုပြီး ပြောင်းလဲပစ်လို့ မရလို့ပါ"

"အချိန်တွေရှိပါသေးတယ် ဖူးပွင့်ရယ်။ တဖြည်းဖြည်းနဲ့ ပြောင်းလဲယူကြည့်ပါ၊ ကိုကိုမောင် ဖူးပွင့်ကို စောင့်မျှော်နိုင်ပါတယ်"

"ယောကျ်ားတစ်ယောက်ကို ကိုယ်စိတ်မှာရှိတဲ့ ခံစားချက် မပီပြင်မပြတ်သားပဲ ကြိုးရှည်ရှည်နဲ့လှန်မထားချင်ဘူး အစ်ကို။ ဒါကြောင့် ဖူးပွင့်ဘက်က ပြတ်ပြတ်သားသား ပြောထားရတာပါ"

ဩော်... အချစ်ဆိုတာကလည်း အခက်သားလား။ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ ဆိုတဲ့ စကားပုံရှိသလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှာနားကမြက်၊ ရှာနွားမစား ဆိုတဲ့စကားပုံလည်း ရှိတာပဲလေ။

အဲဒီလိုပဲ တွေ့ပါမြင်ပါများတော့လည်း သံယောဇဉ်က တသမတ်တည်း ဖြစ်သွားပြီး မိတ်ဆွေအစ်ကို အဆင့်ထက် ဘယ်လိုမှပိုပြီး အဆင့်တက်လို့မရတဲ့ ဖြစ်ရပ်တွေ တစ်ပုံကြီး။

ဒါ့ကြောင့် ဘဝမှာ ဘယ်အရာမဆို တသမတ်တည်း တွက်လို့ မရဘူးလို့ ပညာရှင်တွေက ဆိုခဲ့တာဖြစ်မှာပါ။

"ဖူးပွင့် ဘာဟင်းပါလဲ။ ငါဒီနေ့ ထမင်းချိုင့် ထည့်မလာလို့ နင့်ဆီက ကပ်စားမလို့ဟ"

မိုးမခရဲ့ အမေးကြောင့် အတွေးစပြတ်ပြီး လှည့်ကြည့်မိသည်။ ထို့နောက် မိုးမခကို ပြုံးပြလိုက်၍-

"ဝက်သားနီချက်ဟဲ့... ငါနဲ့အတူစားလေ"

"ဒါဆို ကျေးဇူး ငါ ဝဒ်ထဲ ဝင်တော့မယ် တစ်ခါတည်း လိုက်မလား"

ဖူးပွင့်ငုံက ခေါင်းညိတ်ပြလိုက်ကာ ဂျူတီကုတ်ဝတ်ပြီး မိုးမခနဲ့အတူ ကုသဆောင်ဘက် ပြန်လျှောက်လာခဲ့တော့သည်။

ကုသဆောင်ရဲ့ထိပ်မှာ ကိုကိုမောင်က မိန့်မိန့်ကြီး ပြုံးကာ သူမကို ကြည့်ရင်း ရပ်စောင့်နေလျက်...

သူမ သက်ပြင်းလေးကို မသိမသာ ခိုးချလိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီရက်ပိုင်းအတွင်း သူမ ကျောင်းသွား ကျောင်းပြန်တွေမှာ သူမကို ပုံမှန်ရပ်စောင့်ကြည့်နေသည့် လူတစ်ယောက်ကို သတိထားမိသည်။ အားလုံးထဲမှာ ထိုလူတစ်ယောက်ကိုပဲ ကွက်ပြီး ဘာကြောင့် သတိထားမိတာလဲဟု မေးစရာရှိ၏။ ဘာမှတော့ ထွေထွေထူးထူး မဟုတ်။ ထိုလူ သူမကို ကြည့်နေသည့် မျက်ဝန်းတွေကြောင့်ပဲ ဖြစ်သည်။

ထိုမျက်ဝန်းတွေက သူမအပေါ် ပိုင်နိုင်စွာ ရှိလှ၏။ ရှင်းရှင်း ပြောရရင် သူမကို ရင်းရင်းနှီးနှီးသိနေသည့် မျက်ဝန်းမျိုးတွေ။ တစ်ခါတစ်ရံ သူမ လှမ်းကြည့်တာနဲ့ဆုံမိရင် သူ့ဘက်ကပဲ စပြီး ပြုံးပြနေတတ်သည်။ ထိုအပြုံးတွေကလည်း အသိမိတ်ဆွေတစ် ယောက် ဒါမှမဟုတ် ရင်းနှီးကျွမ်းဝင်နေသူတစ်ယောက်ကို ပြုံးပြ နေသော အပြုံးမျိုးတွေ…

ထို့အပြင် ထိုလူ သူ့အပေါ် စကားလိုက်ပြောရန် ကြိုးစား နေတယ်ဆိုတာလည်း သူမ သဘောပေါက်ထား၏။ တစ်ခါတစ်ရံ ထိုလူရဲ့ အမူအရာက သူမအပေါ် တရင်းတနှီး အကျွမ်းတဝင် ရှိပြီး စကားလိုက်ပြောရန်အတွက် ပတ်ဝန်းကျင် အခြေအနေကို စောင့်ကြည့်နေပုံရပါသည်။

သူမ အတွေးမှန်တယ်ဟု ဆိုရမည်။ ထိုလူ သူမနားမှာ အသံတိတ် နှစ်ပတ်လောက်နေပြီးမှ လူရှင်းသောအချိန် သူမ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကအပြန် လမ်းမှာလာစောင့်ရင်း သူမနားသို့ ချဉ်းကပ်လာသည်။

ထို့နောက် ယဉ်ကျေးလိမ္မာစွာ စကားကို စဆိုသည်။

"ကျွန်တော့်နာမည် လင်းအဂ္ဂပါ။ ဒီရပ်ကွက်ထဲမှာ နေပါတယ်"

သူ့နာမည်ကို အရင်ဆုံး မိတ်ဆက်၏။ သူမ ဘာမှ ပြန်မပြောဘဲ ပုံမှန်အတိုင်း လမ်းဆက်လျှောက်လာလိုက်သည်။ သူမ ဘေးနားက လင်းအဂ္ဂဆိုတဲ့ လူက ခေါင်းကုတ်လိုက် နားရွက်ပွတ်လိုက်နှင့် ဘေးချင်းယှဉ် လျှောက်လာရင်း နောက်တော့ ယောင်တောင်ပေါင်တောင်နဲ့ ကျန်ခဲ့လေသည်။

သူမလည်း စိတ်ထဲမှာ နည်းနည်းတော့ အံ့ဩသွားမိ၏။ ဒီလူ သူမအနားကို နာမည်နဲ့ နေရပ်လိပ်စာ ပြောဖို့လောက်နဲ့တော့ ကပ်လာမှာမဟုတ်။ ကြည့်ရတာ ဘာဆက်ပြောရမှန်းမသိ၍ ကျန်ရစ်ခဲ့ပုံရ၏။ ပြီးတော့ ဒီလူ့အမူအရာကလည်း ရှက်ကိုရှက်ကန်းနှင့် အူတိအူကြောင်။

သူမ ထိုသို့တွေးလိုက်ရင်း တစ်ချက်ပြုံးလိုက်ကာ လမ်းဆက်လျှောက်လာခဲ့လိုက်ပါတော့သည်။ သူမ အိမ်ရောက်တော့ သူမ အခန်းအပေါက်ဝမှ ခန်းဆီးလိုက်ကာကိုမပြီး အပြင်ဘက်သို့ ကြည့်လိုက်မိသည်။ ခုနလူပဲ သူမတို့ ခြံရှေ့က လမ်းတစ်ဖက်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com



အုတ်ခုံလေးနားမှ ယောင်လည်ယောင်လည်နှင့် သူမအခန်းဆီသို့ လှမ်းကြည့်ပြီး ထိုနေရာမှ ထွက်သွားပါတော့၏။

လူကတော့ လူရည်သန့်ပဲဟု သူမ မှတ်ချက်ချမိသည်။

"အင်း... နောက်နေ့တွေ ဒီလူ စကားလိုက်ပြောရင် ဘာတွေ ဆက်ပြောဦးမလဲ မသိ"

"မင်းကလဲကွာ ဒီလိုအခွင့်အရေးမျိုးဆိုတာ နှစ်ခါမရဘူး ငါ့ကောင်ရ။ ဘာလို့ နာမည်နဲ့ နေတဲ့နေရာပြောပြီး ပြန်ထွက်လာရတာလဲ"

"ကျွန်တော်လည်း ဘာဆက်ပြောရမှန်း မသိဖြစ်သွားတာနဲ့ ကျန်နေရစ်ခဲ့တာဗျ။ အဲဒီအချိန်မှာ ကျွန်တော့်လက်တွေ အေးနေပြီ လူက ဘာကြောင့်မှန်းမသိဘူး ကြောက်နေမိတယ်"

ကိုခန့်က လင်းအာ့ပြောပြတာတွေ နားထောင်ပြီး သက်ပြင်းကို ပုံမှန်လေးချလိုက်သည်။ ပြီးနောက် လင်းအာ့ ရင်ထဲမှာ ဖြစ်ပေါ်နေသည့် ခံစားချက်တွေကို နားလည်နေသည့် အမူအရာနှင့် ခေါင်းတညိတ်ညိတ်လုပ်ပြီး...

"အေးလေ... ဒါတွေက ဖြစ်တတ်ပါတယ်။ ကိုယ်သိကြိုက်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ မိန်းကလေးနောက် စကားလိုက်ပြောရင် ယောကျ်ားလေး တိုင်း မင်းလိုဖြစ်သွားတတ်ကြတာပဲ။ ဒါ အထူးအဆန်းတော့ မဟုတ် ပါဘူး။ ဒါနဲ့ကောင်မလေးရဲ့ အခြေအနေ ဘယ်လိုဖြစ်နေလဲ ပြော ပြပါဦး"

"ထူးထူးခြားခြားတော့ ဘာမှမဖြစ်ဘူးဗျ။ ပုံမှန်အတိုင်းပဲ လမ်းဆက်လျှောက်သွားတယ်"

"ဟ... အဲဒီအချိန်မှာ သူက လမ်းဆက်မလျှောက်လို့ ရပ်နေမလားကွ... ငါပြောတာ သူ့မျက်နှာ အခြေအနေ"

"အဲဒါတော့ မပြောတတ်ဘူး။ ကျွန်တော် သူ့မျက်နှာတောင် စေ့စေ့မကြည့်ဘူး"

"...။ ငါ့ကောင်ရာ၊ မင်းအဲဒီလောက်တော့ ဒူဖို့မကောင်း ဘူး။ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုကိုယ် ယုံကြည်မှုလေးထားပြီး မျက်နှာ လေးဘာလေးတော့ ကြည့်ခဲ့သင့်တာပေါ့ကွ"

လင်းအဂ္ဂ ငြိမ်နေမိသည်။ ကိုခန့်ပြောနေတာလည်း မှန်နေ ၍ ဘာမှပြန်ပြောလို့မရ။

ဒီလိုအချိန်မှာ ကိုခန့်က သူ့ရဲ့ကိုးကွယ်ရာ၊ တိုင်ပင်ရာ၊ ဒီလိုကိစ္စမျိုးကိုလည်း နေဦးတို့ အောင်လေးတို့နဲ့ သွားပြီး တိုင်ပင်လို့ မဖြစ်။ နေဦးကလည်း ဖူးပွင့်ငုံကိုရဖို့ သူ့နည်းသူ့ဟန်နဲ့ ကြိုးစားနေသူ။ အောင်လေး ဆိုတာကကတော့ ဖူးပွင့်ငုံအပေါ် ဘယ်လိုသဘောထား



www.burmeseclassic.com

www.burmeseclassic.com



လဲတော့မသိ။ သူသွားတိုင်ပင်ရင်တော့ ဘုဂလန့်ပြောလွှတ်မှာ သေချာသည်။

"ဒီမှာ ကောင်လေး"

ကိုခန့် လှမ်းခေါ်လိုက်၍ မော့ကြည့်လိုက်သည်။

"မင်း နောက်တစ်ခါဆို ဒီလိုမျိုးတော့ အူကြောင်ကြား လုပ်ပြီး ပြန်မလာနဲ့သိလား။ ဘာပဲဖြစ်ဖြစ် မင်းက ကောင်မလေးနဲ့ ပတ်သက်ရင် အခြေအနေကောင်းပြီးသားပဲ သိပ်လည်းကြောက် မနေပါနဲ့ ငါ့ကောင်ရာ၊ ပြောစရာရှိတာပြော··· ပြောစရာရှိတာပြော ကွ··· တော်ကြာ နောက်ကောက်ကျနေဦးမယ်"

ဟုတ်တော့လည်း ဟုတ်သည်။ သူက အာ [illegible]မှာ အခြေအနေ အကောင်းဆုံးဟု ဆိုလို့ရသည်။ ဘာပဲဖြစ်ဖြ[illegible]င်မလေးက သူ့အပေါ် ပိုက်ဆံတွေ ဘာတွေပေးပြီး မုန့်တွေဘာတွေ ဝယ်စားခိုင်းသဖြင့် အသိအမှတ်ပြုထားတာတော့ သေချာ၏။

ဒါ့ကြောင့် နောက်တစ်ခါတွေ့ရင်တော့ အဲဒီ့ကိစ္စအတွက် ကျေးဇူးတင်စကားဆိုရင်း စကားလမ်းကြောင်း စရမည်ဟု ရင်ထဲမှာ တေးမှတ်ထားလိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မဖူးပွင့်ငုံရယ်"

"ရှင်"

ရုတ်တရက်ပြောချလိုက်သော စကားကြောင့် ဖူးပွင့်ငုံ ကြောင်တောင်တောင် ဖြစ်သွားသည်။ ဟိုနေ့က နာမည်ပြောပြီး အုတ်အုကြောင်နဲ့ ကျန်ခဲ့တဲ့လူပဲ သူမနားဒီနေ့ကပ်လာပြီး ထိုစကား တို ရုတ်တရက် ပြောချလိုက်ခြင်း ဖြစ်၏။

သူမ နှုတ်ဖျားက အာမေဍိတ်သံထွက်သွားကာ ထိုလူ့ကို အကြောင်ကြောင်နဲ့ ပြန်ကြည့်လိုက်မိသည်။ ထိုလူက သူ့စကား လောသွားမှန်းသိ၍ ရယ်ကျဲကျဲ တစ်ချက်လုပ်လိုက်ကာ...

"ဆောရီးဗျာ၊ ကျွန်တော် စကားလောသွားတယ်။ ကျွန်တော် ပြောတာက ဟိုးတစ်နေ့ညက ကိစ္စလေးပါ။ မဖူးပွင့်ငုံကို အဲဒီအတွက် ကျေးဇူးစကားဆိုဖို့ လိုနေလို့ပါ"

ဒီလူ ဘာတွေပြောနေတာပါလိမ့်၊ လောလောဆယ်တော့ ဒီလူပြောနေတဲ့ စကားတွေကို သူမ လုံးလုံးနားမလည်နိုင်သေး။

"မဖူးပွင့်ငုံ အဲဒီ့ညကို မှတ်မိတယ်မလား"

ဖူးပွင့်ငုံ ခေါင်းခါပြလိုက်သည်။ လင်းအဂ္ဂက တစ်ချက် ပြုံး၍ ခေါင်းကို တွန့်ချက်ကုတ်လိုက်ကာ...

"ဟို... ဟိုလေ... ဟိုဟာ... မယ်ဒလင်... မယ်ဒလင် ဘာတီးတဲ့ညလေ... အဲဒါ... ဟီး... ဟီး"



www.burmeseclassic.com

www.burmeseclassic.com



စကားကို ပြောဖို့ တော်တော်အားယူနေရပုံရ၏။ ထို့ကြောင့် ထစ်ထစ်ငေါ့ငေါ့နှင့်ပြောပြီး ရယ်ကျဲကျဲလုပ်နေ၏။

သူမ လင်းအဂ္ဂ ပြောတဲ့စကားတွေကို ဆက်စပ်ပြီး စဉ်းစားကြည့်သည်။ မယ်ဒလင်ဆိုသည့် စကားလုံးပါလာ၍ ဟိုးအရင်လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ညတစ်ညကို ပြန်လည်မှတ်မိသွားသည်။ ထိုညက သူတောင်းစားသားအဖ သူမအိမ်ရှေ့ မယ်ဒလင်တီးရင်း လာတောင်းခဲ့ဖူး၏။ အဲဒါနဲ့ ဒီလူနဲ့ ဘယ်လိုပတ်သက်သလဲ။ ဒီလူက ဘယ်သူလဲ။

"ဟို မဖူးပွင့်ငုံ မှတ်မိသွားပြီလားဟင်"

ထိုလူက မျှော်လင့်ချက်အပြည့်နဲ့ ရှိနေသည့် မျက်ဝန်းများနဲ့မေး၏။ သူမက ဖြည်းလေးစွာ ခေါင်းကိုညိတ်ပြလိုက်တော့ ထိုလူက ဝမ်းသာအားရဖြစ်သွားတာ တွေ့လိုက်ရသည်။ ထို့နောက် သူမကိုလည်း-

"ဟား... ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်ဖြင့် မှတ်မှတ်မိပါ့မလားလို့ စိတ်ပူနေလိုက်ရတာ"

"ဒါ... ဒါ... ဒါနဲ့ ရှင်က"

"အဟဲ... အဲဒီညက သီချင်းဆိုတာ ကျွန်တော်ပဲလေ"

"ဟင်... အဲ... အဲဒါ ရှင်"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်မှ ကျွန်တော် စစ်စစ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



လင်းအဂ္ဂက ဂုဏ်ယူဝံ့ကြွားစွာ ရင်ကိုကော့ပြီး ဝမ်းသာအားရ ပြောချလိုက်၏။ ဖူးပွင့်ငုံက တအံ့တသြကြည့်ပြီး---

"ဒါ… ဒါဆို ရှင်က သူတောင်းစားပေါ့"

"ဗျာ…"

လင်းအဂ္ဂ ရုတ်တရက် ကြားလိုက်ရတဲ့စကားကြောင့် ခံစားချက်တွေ ဝုန်းခနဲပြုတ်ကျသွားကာ ကြက်သေကြီးသေသွား၏။ ထို့နောက် သူပဲ နားကြားလွဲသွားတာလားဆိုပြီး ထပ်မေးလိုက်၏။

"မဖူးပွင့်ငုံ ဘာ… ဘာ ပြောလိုက်တာလဲ ဟင်"

သူ့အမေးကို ပြန်မဖြေသေးဘဲ ဖူးပွင့်ငုံက သူ့ကို သေချာကြည့်သည်။ ထို့နောက် သံသယ မျက်လုံးများနှင့်-

"မဖြစ်နိုင်ဘူး… ဒီလိုပုံစံက ဘယ်လိုမှ မဖြစ်နိုင်ဘူးထင်တယ်နော်၊ ရှင်… ရှင် နောက်နေတာလားဟင်"

"မဖူးပွင့်ငုံ ဘာတွေပြောနေတာလဲဟင်၊ ခုနကျွန်တော့်ကို ဘာ… ဘာပြောလိုက်တာလဲဆိုတာ ပြန်ပြောပါဦးဗျာ"

"ဟို… ဟို… အဲ… အဲဒီညကလေ… ဟိုဟာ ကျွန်မအိမ်ရှေ့ကို… ဟို သူတောင်းစားသားအဖ မယ်ဒလင်တစ်လက်နဲ့ ပိုက်ဆံလာတောင်းတာ သတိထားမိတယ်၊ အဲဒါ… ရှင်… ရှင်… အို… ဟုတ်လောက်ပါဘူး"

လင်းအဂ္ဂ ခေါင်းချွေးတွေ ဘူးသီးလုံးလောက် ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်လျှင် သူမရှေ့မှ ဖြုတ်ခနဲ ပျောက်ကွယ်သွားလိုက်ချင်သည်။ ဘဝမှာ တစ်ကြိမ်တစ်ခါမှ အပြောခံရလိမ့်မည်ဟု ထင်မထားသော စကားလုံးကို ဒီနေ့ အရှင်လတ်လတ်ကြီး ကြားလိုက်ရ၏။

ဘာတဲ့… သူတောင်းစားသားအဖတဲ့… နောက်တစ်ယောက်က ကိုခန့်ကို ပြောတာဖြစ်မည်။ ဒါဆို ကိုခန့်က သူတောင်းစားအဖေကြီးဖြစ်ပြီး သူက သူတောင်းစားသားလေးပေါ့။

သွားပြီ… အားလုံး ငါးပါးတော့မှောက်ပြီ။

ရှက်ကလည်း ရှက်၊ ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိတော့၍ ငူငူကြီးသာရပ်ပြီး ဖူးပွင့်ငုံကို မျက်လုံးအပြူးသားနှင့်သာ ငေးကြည့်နေမိပါတော့၏။

ဖူးပွင့်ငုံက သူမကို မျက်လုံးကြီးပြူးပြီး ကြည့်နေသည့် လင်းအဂ္ဂကို ကြည့်၍-

"ရှင် ကျွန်မကို ဘာကြည့်နေတာလဲ။ ကျွန်မမေးတာ ဖြေဦးလေ"

လင်းအဂ္ဂ ဘာဖြေရမှန်းမသိ။

"ဖြေလေ… အဲဒါ ရှင်လားလို့"

"ဘာ… ဘာလဲဟင်"

"ဟို… သီချင်းဆိုတာလေ အဲဒါ ရှင်လားလို့"

"ဟုတ်… ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို... ဒါဆို ရှင်က သူတောင်းစားမပေါ့ ဟုတ်လား"

ဖူးပွင့်ငုံ၏ အမေးကို မဖြေသေးဘဲ လင်းအဂ္ဂက သူသိချင်တာကို ထမေးလိုက်သည်။

"မ... မဖူးပွင့်ငုံ အဲဒီနေ့က ကျွန်တော်တို့ကို ပိုက်ဆံ ပေးလိုက်တာ ဟုတ်လား"

"ဟုတ်တယ်လေ... ကျွန်မက တစ်ထောင်... ကျွန်မ အိမ်က ကောင်မလေးက ငါးရာ"

"ဘာလို့ ပေးလိုက်တာလဲဟင်"

"ရှင်... ရှင်တို့ကို ပိုက်ဆံ... ပိုက်ဆံ လှူလိုက်တာလေ ဟင်..."

လင်းအဂ္ဂ ခန္ဓာကိုယ် မြောက်ခနဲ ဖြစ်သွားသည်။ သူ့အထင် သူ့ခန္ဓာကိုယ်သည် ကမ္ဘာမြေမှာ မရှိတော့ပဲ စကြဝဠာထဲ လွင့်စင်သွားပြီဟု ထင်လိုက်မိ၏။

သူ့မှာတော့ ကိုခန့်ပြောတဲ့ စကားတွေနဲ့ အဲဒီညက ပျော်လိုက်ရတာ၊ အခုချိန်မတိုင်သည့်အထိ သူ့ရဲ့အပျော်တွေက အားကောင်းနေဆဲ။

လက်စသတ်တော့ ကောင်မလေးက သူတို့ကို သူတောင်းစားတွေလို့ ထင်သွားလိုက်တာကိုး...

သူ ထိုနေရာက ချာခနဲ လှည့်ထွက်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖူးပွင့်ငုံက သူ့ကိုငေးရင်း ကျန်ခဲ့သည်။

သူမစိတ်ထဲမှာလည်း အဖြေတစ်ခုအတွက် နောက်ကျိနေဆဲ။

ဒီလူ့ရုပ်က သူတောင်းစားတစ်ယောက် မဟုတ်တာတော့ သူ ခံစားမိပါသည်။ သို့သော်… ဘာတွေဖြစ်ကုန်တာလဲ။

ကိုခန့်သည် သူ့ကိုကြည့်၍ မျက်လုံးကြီး တဖြည်းဖြည်း ပြူးပြူးလာသည်။ နောက်ဆုံး၌ သူ့စကား အဆုံးသတ်လိုက်ချိန်တွင် ပါးစပ်ကြီး အဟောင်းသားနှင့် သူ့ကို ကြည့်နေလေ၏။

သူက ကိုခန့်ကိုကြည့်၍-

"ခင်ဗျားပြောတော့ တက္ကသိုလ်တွေရဲ့ အဆောင်ညချမ်းမှာ ဒီလိုပဲဆို… ဒီလိုပဲ ကိုယ်ချစ်ခင်တဲ့လူဆို အသိအမှတ်ပြုတတ်ကြတယ်ဆို၊ ပြောပါဦး… ပြောပါဦး… ခင်ဗျားလုပ်တာ အခုတော့ ကျုပ်တို့ သူတောင်းစားလုံးလုံးဖြစ်ပြီ… သူတောင်းစားလုံးလုံး ဖြစ်ပြီဗျ"

ကိုခန့် ဘာပြန်ပြောရမှန်းမသိဘဲ သူ့ကိုသာ ငေးကြောင် ကြည့်နေဆဲ-

"ပြောလေ၊ ခင်ဗျား ဘာမှ မပြောနိုင်တော့ဘူးမလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ဒေါသဖြစ်စွာ အော်၏။ ခန္ဓာကိုယ်တစ်ခုလုံး အရှက်နဲ့ ဒေါသတွေ ဖုံးလွှမ်းနေ၍ စကားသံတွေက မာထန်ကာ တုန်ယင်လှုပ်ခတ်နေဆဲ…

ကိုခန့်လည်း လင်းအဂ္ဂကို ကြည့်၍ ဘယ်လိုပြောလို့ ပြောရမှန်း တကယ်မသိတော့ခြင်းပါ။ သူ့အသိစိတ်မှာလည်း ဒီလိုဖြစ်လာမယ်လို့ လုံးဝ ထင်မထား။

ဘာတဲ့… သူတောင့်းစား သားအဖတဲ့။

သူတောင် အုံ့ညြတကြီးနဲ့ ရင်ထဲမှာ ခံစားသွားရရင် လင်းအဂ္ဂ စိတ်ထဲ ဘယ်လိုဖြစ်နေမယ်ဆိုတာ ကိုယ်ချင်းစာမိပါသည်။

"တောင်းပန်ပါတယ် ကောင်လေးရယ်၊ ဒီလိုဖြစ်လာလိမ့်မယ်လို့ လုံးဝ မထင်လို့ပါ"

"တော်ပါတော့ဗျာ"

လင်းအဂ္ဂ စိတ်ပျက်လက်ပျက်နှင့် ကိုခန့် ရှေ့ကခုံမှာ ငုတ်တုတ်ထိုင်ချလိုက်သည်။ အခု လင်းအဂ္ဂက ကိုခန့်တို့အိမ်မှာ ရောက်နေခြင်းဖြစ်၏။ လင်းအဂ္ဂပြောတာတွေ နားထောင်ပြီး ဘာဆက်လုပ်ရမှန်းမသိတော့။ လင်းအဂ္ဂကိုလည်းကြည့်ပြီး သနားနေမိသည်။

"ကောင်လေး"

ကိုခန့်က လေပြည်လေးနဲ့ ခေါ်လိုက်သည်။ လင်းအဂ္ဂက-

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း မင်းနဲ့အတူတူ အဲဒီညက အတူတူရှိနေတာပဲ ကွာ။ သူတို့ဘက်က ဒီလိုမြူလာမယ်လို့ ဘယ်ထင်မိပါ့မလဲ။ ဒါကိုမှ မင်း မကျေနပ်ဘူးဆို့ရင် ငါ့ကိုကြိုက်တဲ့ အပြစ်ပေးပါတော့ ကျောင်လေးရယ်။ ငါကျ မင်းအတွက် အရာရာ အဆင်ပြေအောင် လိုက်ပြီလုပ်ပေးရတဲ့လူပါ"

လင်းအဂ္ဂ သက်ပြင်းကို ချမိ၏။ တကယ်တမ်း တွေးကြည့်တော့လည်း ကိုခန့်ကို အပြစ်မဆိုသာ။ ဒါတွေက ကိုခန့်စီစဉ်ခဲ့တာ မဟုတ်၊ ကိုခန့်က သူ့ အကူအညီတောင်းလို့သာ လိုက်ခဲ့ရသောသူ။ ပြီးတော့ မယ်ဒလင်တီးဖို့ကိစ္စကို အဆန်းထွင်ခဲ့တာ သူ။

ထို့ကြောင့်...

"အေးပါဗျာ၊ ကိုခန့်ပြောတာလည်း မှန်ပါတယ်။ ကျွန်တော့်ကိုက သူများထက် အဆန်းထွင်ချင်တဲ့သူဆိုတော့ အဲဒီအကျိုးတွေ ခံစားရတာပေါ့၊ ဒီခေတ်ဒီအခါမှာ မယ်ဒလင်တစ်လက်နဲ့ လမ်းဘေးထိုင်မိတော့လည်း သူတောင်းစားထင်ခံရတာ ခံပေါ့။ အခုမှတော့ ဘာယ်တတ်နိုင်တော့မှာလဲ"

"ဒါပေမဲ့ တစ်ခုတော့ ရှိတယ် ကောင်လေး"

"ဘာလဲ"

"သူ့စိတ်ထဲမှာ မင်းကိုတော့ မှတ်မှတ်ရရရှိသွားတာ သေချာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ… ဒီလိုမှတ်မှတ်ရရ ရှိပုံမျိုးတော့ လက်မခံချင်ပါဘူး"

"ငါပြောတဲ့ သဘောက အဲဒီလိုမဟုတ်ဘူးလေ၊ သူက မင်းကို အပြင်မှာ တကယ်တွေ့လိုက်ရတော့ သူ့အထင်နဲ့ အမြင် တက်တက်စင်အောင် လွဲသွားပြီဆိုပြီး အခုချိန်မှာ သူ မင်းအပေါ် အရမ်းအားနာနေမှာ သေချာပါတယ်"

"ခင်ဗျားကို ဘယ်သူပြောလဲ"

"ဘယ်သူမှမပြောဘူး၊ ဒီလိုကိစ္စမျိုးက တွေးကြည့်ရင် လွယ်လွယ်လေးပါ။ သူက မင်းကိုတွေ့တော့ သူထင်သလို မဟုတ်လောက်ဘူး ပြောသွားတယ် မဟုတ်လား"

ငအ ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။ ကောင်မလေးက သူ့ကို 'ရှင်မဟုတ်လောက်ပါဘူး' ဆိုပြီးတော့ တဖွဖွပြောတာ ကြားယောင်နေမိ၏။

"ငါပြောတာ ယုံပါကောင်လေး၊ အခုချိန်မှာ မင်းကို သူ အားနာနေမှာ အမှန်ပဲ။ မိန်းကလေးတွေ စိတ်ထဲမှာ ယောကျ်ားလေး တစ်ယောက်ကို အားနာသွားပြီဆိုရင် အဲဒီယောကျ်ားလေးအတွက် ကံကောင်းတာပဲကွ။ ဒါဟာ မင်းအတွက် အဆိုးထဲက အကောင်းပဲ"

"ခင်ဗျား အတွေးနဲ့ ခင်ဗျားကတော့ ဟုတ်နေတာပဲနော်"

ကိုခန့်က ပြုံးလိုက်သည်။ ထို့နောက် တစ်ချက်ရယ်လိုက်၍-



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ… ဟဲ… ငါပြောတာ မယုံရင် မင်းလုပ်ကြည့်လိုက်"

"ကျုပ်က ဘာကို ဆက်လုပ်ရဦးမှာလဲ၊ ဟိုတစ်ခါ သူတောင်းစား အထင်ခံရပြီး ခွေးနဲ့တောင် ဖက်အိပ်ခဲ့ရပြီးပြီ ဒီတစ်ခါ ဆိုရင်တော့ တွေးတောင် မတွေးဝံ့ဘူး"

"ဒါဆို မင်းက ကောင်မလေးကို ဆက်မကြိုးစားတော့ဘဲ အဆုံးရှုံးခံတော့မယ်ပေါ့ ဟုတ်လား"

ထိုစကားကို ကြားတော့ ရင်ထဲမှာ ဖျင်းခနဲ တစ်ချက် ဖြစ်သွားမိ၏။ သူ… ကောင်မလေးကို ချစ်သည်။ ကိုခန့်ပြောသလို အဆုံးရှုံးတော့ မခံနိုင်။ သူ့ဘက်က ရင်းရတာတွေ များနေပြီ။

"မင်း မဖြေနိုင်တော့ဘူးမလား။ ဒီမှာကော…င်လေး"

ကိုခန့်ကို သူကြည့်လိုက်မိသည်။ ကိုခန့်က-

"အခုချိန်မှတော့ မင်းကိစ္စက နောက်မဆုတ်သင့်တော့ဘူးလို့ ငါထင်တယ်။ ဒီလောက်ကြီး ဖြစ်ပြီးတော့မှတော့ ငါသာ မင်းနေရာမှာဆို ဆက်ကြိုးစားမှာပဲ"

ပေါက်တဲ့နဖူး မထူးတော့ပြီ။ ထို့ကြောင့် ကိုခန့်ကိုသာ စိုက်ကြည့်လိုက်ကာ-

"ကျွန်တော်က ဘာဆက်လုပ်ရမှာလဲ"

"ဟဲ… ဟဲ… ငါပြောသလိုသာ လုပ်ပါ။ မင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေနိုင်မယ်လို့ ငါအာမခံပါတယ်"

"ကဲဗျာ… ဒါဆိုပြော ကျွန်တော် ဘာဆက်လုပ်ရမှာလဲ"

ကိုခန့် သူ့အနားသို့ ကပ်လာသည်။ ထို့နောက် နားနားကပ်၍ သူ့အစီအစဉ်ကို တိုးတိုးတိတ်တိတ် ပြောပြလိုက်ပါတော့၏။

ကိုခန့်အစီအစဉ်ကို နားထောင်၍ သူ ပြုံးလိုက်၏။

အစီအစဉ်လေးက 'ရိုး'သော်လည်း 'မဆိုး'။

ညသည် တိတ်ဆိတ်နေသည်။ သူမ အိမ်ရှေ့ဂစ်တာလာတီးတဲ့လူတွေ အခုမှ ထပြန်သွားကြ၍ ညက ပို၍တိတ်ဆိတ်ငြိမ်သက်သွားသယောင်ယောင် ထင်နေရ၏။

သူမ ကန့်လန့်ကာနောက်မှနေ၍ အုတ်ခုံလေးဆီသို့ လှမ်းကြည့်နေမိ၏။ လွန်ခဲ့သော အချိန်နာရီတွေက လူစည်ကားခဲ့သော အုတ်ခုံလေးသည် အခု သူ မဟုတ်တော့သလိုမျိုး ငြိမ်သက်စွာ လဲလျောင်းလျက်ရှိ၏။ သူမ တိတ်ဆိတ်စွာ အုတ်ခုံလေးဆီကို ငေးမောကြည့်နေမိသည်။ ထို့နောက် မကြာသေးသော အတိတ်ကာလတစ်ခုက အဖြစ်အပျက်လေးတစ်ခုကို ဖျတ်ခနဲ သတိရလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက သူမ လတ်တလော မဆင်မခြင် ဆုံးဖြတ်မှုကြောင့် သူတောင်းစားတွေဟု ထင်ခဲ့မိသော လူနှစ်ယောက် အဲဒီ အုတ်ခုံလေးမှာထိုင်ရင်း သူမကို မယ်ဒလင်တီးပြခဲ့ဖူးသည်။ အခု သူတို့လည်း မရှိတော့။ သူတို့ဆိုသည်မှာမှ သူမကို ထိုနေ့က သီချင်းတွေ ဆိုပြခဲ့သော (သူမက သူတောင်းစားသားလေးဟု ထင်မှတ်ခဲ့သော) ကောင်လေး မရှိတော့။

ကောင်လေး၊ ဒါမှမဟုတ် သူ့ကိုယ်သူ လင်းအဂ္ဂဟု သူမကို မိတ်ဆက်သွားခဲ့သော လူတစ်ယောက်။

သူမ ဆေးရုံအသွားအပြန်အချိန်တိုင်း သူမ လာရာလမ်းတစ်လျှောက် နှစ်လိုဖွယ်ရာ မျက်ဝန်းများနှင့် အမြဲစောင့်ကြည့်နေခဲ့သော သူတစ်ယောက်။ အခု သူမနားမှာ မရှိတော့။ သူ ... နောက်ဆုံးတွေ့ခဲ့ပြီး သူမအနားမှ ချာခနဲ လှည့်ထွက်သွားကတည်းက ထိုမျက်ဝန်းများနှင့် ကောင်လေးကို သူမ မတွေ့ရတော့။ ရင်ထဲမှာ ဘာရယ်မဟုတ်သော်လည်း ခံစားနေရမိသည်။

ပထမတစ်ချက်က သူမ ပြောလိုက်မိတဲ့ စကားတွေကြောင့် သူ တော်တော်ခံစားသွားရမှာပဲဟု ရင်ထဲမှာ ကိုယ်ချင်းစာတရားနဲ့ ခံစားနေမိ၏။

ပြီးတော့… မြင်နေကျ တွေ့နေကျ လူတစ်ယောက်ကို မမြင်မတွေ့ရတော့သောကြောင့် ရင်ထဲမှာ တစ်မျိုးလေးဖြစ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဩော်··· လူဆိုတာကလည်း အခက်သားလား။ သံယောဇဉ်နဲ့ တည်ဆောက်ထားတဲ့ အသွေးအသားတွေနဲ့ဖြစ်နေ၍ ဒါမျိုးဆိုတာကလည်း ပြောရခက်သား။ ဥပမာ ကိုယ်အမြဲမြင်တွေ့နေကျ နေရာတစ်ခုမှာ ရှိနေသည့် ခွေးလေးတစ်ကောင် အကြောင်းတစ်ခုခုကြောင့် မမြင်တွေ့မိတော့ရင်တောင် လွမ်းတသသ ဖြစ်နေတတ်ကြသည်။ အခုလည်း ထိုနည်းလည်းကောင်းပင်ဖြစ်၏။

သို့သော် ယခု သူမ ကြုံတွေ့နေရသော အရာတစ်ခုက ခွေးတစ်ကောင်လို တိရစ္ဆာန်မျိုး မဟုတ်ပါ။ သူမဆီကို မျှော်လင့်တကြီး မျက်ဝန်းများနှင့် အမြဲတမ်းကြည့်ရှုနေတတ်သော သက်ရှိသတ္တဝါ လူတစ်ယောက်။

သူမ သက်ပြင်းရှည်ကြီးကို ချမိ၏။ ထိုနေ့က သူမ ပြောလိုက်မိသော စကားတွေအတွက် အရမ်းကို နောင်တရမိသည်။ ကိုယ်ချင်းလည်း စာမိ၏။ သူတောင်းစားတစ်ယောက်ဟု အစွပ်စွဲခံလိုက်ရသည့် လူတစ်ယောက်အတွက် ဘယ်လိုခံစားနေရမလဲဆိုတာ သူမ နားလည်မိပါသည်။

"ဘယ်ဆီများရောက်နေလဲ ကောင်လေးရယ်··· ဒီတစ်ခါတွေ့ရင် ကိုယ့်ဘက်က တောင်းပန်ဖို့ အဆင်သင့်ပါ"

ကောင်လေး··· သူမအနားက ပျောက်သွားတာ နှစ်ပတ်လောက်ရှိပြီ ဒီနှစ်ပတ်အတွင်း သူမစိတ်က ကောင်လေးကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှာနေမိ၏။ ကောင်လေး သူမကို စောင့်နေကျ နေရာတွေ ရောက်ရင် သူမဘက်က ဣန္ဒြေမဆောင်နိုင်စွာ လိုက်ကြည့်နေမိတာ အမော။

သို့သော်… ကောင်လေးက ဆုတ်စမြုပ်စ ပျောက်ကွယ်နေသည်။

"ဘယ်ဆီကို မင်းရောက်နေလဲ ××× ဘာတွေကို မင်းလုပ်နေလဲ ××× ဘယ်သူနဲ့ မင်းရှိနေမယ် ××× ငါ တွေးမိပါတယ်××× လွမ်းမောရင်းနဲ့ ငါတမ်းတရင်းနဲ့ တစ်ခါတလေ ငါသတိရပါတယ်"

မရည်ရွယ်ပါဘဲနှင့် လေးဖြူသီချင်း တစ်ပုဒ်ကို စိတ်ထဲမှာ ညည်းညူလိုက်မိ၏။

"တောင်းပန်ပါတယ် ကောင်လေးရယ်"

ညသည် တိတ်ဆိတ်သည်ထက် တိတ်ဆိတ်လာသည်။ ညဥ့်ငှက်များနှင့် ပိုးကောင်လေးများအော်သံကို တစ်ချက်တစ်ချက် ကျယ်လောင်စွာ ကြားလာရ၏။

သူမ ရင်ထဲမှာတော့ စိတ်မကောင်းမှုတွေနဲ့ အုတ်ခဲလေးကို ငေးမောနေဆဲ…



www.burmeseclassic.com

www.burmeseclassic.com



တစ်နေကုန်တစ်နေခမ်း အိမ်ထဲကအိမ်ပြင်မထွက်ဘဲ နှစ်ပတ်လောက် အိမ်တွင်းအောင်းပြီး နေလိုက်သောကြောင့် အမေကတော်င် သံသယဖြစ်လာလေသည်။ ဖြစ်ချင်လည်း ဖြစ်ချင်စရာ၊ သူဆိုတဲ့ကောင်က အရင်က အိမ်စောင့်နတ်နဲ့ ရန်ဖြစ်ထားသလား ထင်ရလောက်အောင် အိမ်ထဲမှာ ဖင်ပူအောင်တောင်နေသူ မဟုတ်။ အခုတော့ ထိုလိုကောင်မျိုးက အိမ်ရှေ့တောင်, မထွက်ဘူးဆိုတော့။

"ဟဲ့ အဂ္ဂ၊ နင်အခုတစ်လော ဘာဖြစ်နေတာလဲ မှန်မှန်ပြောစမ်း။ နင် ရပ်ကွက်ထဲမှာ မဟုတ်တာတစ်ခုခု လုပ်လာတယ်မလား"

"ဟာ… ဒုက္ခပါပဲ အမေတို့ကလည်း သားကဘာဖြစ်နေလို့လဲ"

"ဘာဖြစ်ရမှာလဲ နင်အိမ်မြဲနေတာ နှစ်ပတ်ရှိပြီ"

"အဲဒါဘာဖြစ်လဲအမေရာ၊ ကိုယ့်အိမ်ကိုယ်နေတာပဲ မနေရဘူးလား"

"ငါ့ကို စကားကပ်ပြီးမပြောနဲ့ အရင်ကဆို မနက်မိုးလင်းတာနဲ့ နင့်အရိပ်တောင် မြင်ရတာမဟုတ်ဘူး။ အခုတော့ အိမ်ရှေ့တောင် မထွက်ဘူးဆိုတော့ နင်ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူးဆို ဘယ်မှမသွားချင်လို့"

သူ့အဖြေစကားကို အမေကတော့ သိပ်မကျေနပ်လှ။ သူလည်း ထိုစကားပြောပြီးတာနဲ့ အမေ့ရှေ့က လှစ်ခနဲထွက်ခဲ့ပြီး အခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ဝင်လာခဲ့သည်။ အခန်းထဲရောက်တော့ နံရံမှာချိတ်ထားသည့် ပြက္ခဒိန်ကို လှမ်းကြည့်လိုက်၏။

"အမေပြောလည်း ပြောချင်စရာ… ဘာလိုလိုနဲ့ သူ အိမ်ထဲက အိမ်ပြင်မထွက်တာ နှစ်ပတ်တောင် ရှိသွားပြီပဲ"

သူ့စိတ်ထဲမှာ ရေရွတ်ရင်း ပြုံးလိုက်မိ၏။ ဒါဆို ဒီနေ့ ကိုခန့်ဆီ သူသွားလို့ ရပြီပေါ့။ ရင်ထဲမှာတွေးရင်း ပျော်သွားမိ၏။ အိမ်ထဲမှာ နေရလွန်းလို့ လူလည်း ပျင်းလွန်းလို့ သေတော့မည်။ ကိုခန့်က နှစ်ပတ်လောက် ဘယ်သူမှမတွေ့အောင် အိမ်တွင်းအောင်း နေဟုဆိုလို့သာ နေနေရသည်။ စိတ်က ဖူးပွင့်ငုံဆီမှာ…

ကျွန်တော် သူ မမြင်အောင် တိတ်တိတ်ကလေး သွား ချောင်းပါရစေဆိုတော့လည်း မရ။

"မရဘူးကောင်လေး လက်ဖက်ကေခင်းစားချင်ရင် ပလောင် တောင်တက်တော့ နှေးရတယ်ကွ၊ မင်းကို ဘယ်လိုနည်း နဲ့မှ သူမြင်သွားလို့ မဖြစ်ဘူး။ ပြီးတော့ မင်းကို တခြားသူတွေလည်း မြင်သွားလို့ မဖြစ်ဘူး။ သူက မင်းကို မတွေ့ရင် တခြားလူတွေဆီမှာ စုံစမ်းရင် စုံစမ်းလာနိုင်တယ်"

ထို့ကြောင့် သူ အိမ်တွင်းအောင်းနေရသည်။ သူ ပြောသလို သာလုပ် အာလုံးအဆင်ပြေစေရမည်ဟုလည်း ကိုခန့်က တစ်ခါ အာမခံသည်။ ကိုခန့်ပြောသည့် ဇာတ်လမ်းလေးကလည်း အခု



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိ သူ့အနေအထားနှင့် အကိုက်ဆုံးဖြစ်နေ၍ သူလက်ခံမိ၏။

ကိုခန့်ပြောတာ ရိုးရိုးလေး…

ကောင်မလေးကို သူက နှစ်ပတ်လောက် အသွားအပြန် တစ်ရက်မှ မလွတ်ရအောင် စောင့်ကြည့်ထားသည်။ ထို့ကြောင့် ကောင်မလေးနဲ့ သူက စကားတစ်စုံတစ်ရာ မပြောဖြစ်သော်လည်း တစ်ယောက်နဲ့တစ်ယောက် စိတ်ချင်းရင်းနှီးပြီးသား ဖြစ်နေကြပြီဟု ကိုခန့်က သူ့အတွေ့အကြုံအရ ဆို၏။ ဟုတ်သလား မဟုတ်သလား တော့ ကောင်မလေးရဲ့စိတ်ထဲ သူ ဝင်ခံစားကြည့်လို့မရ၍ တပ်အပ် တော့ မပြောတတ်။ သို့သော် အချစ်နဲ့ပတ်သတ်ရင် သူ့ထက် အသက်ရော၊ ဝါရော၊ ခံစားချက်ရော ကြီးမားသည့် ကိုခန့် စကား ကိုတော့ လက်ခံလိုက်မိသည်။

ဒီနေ့ ကိုခန့်ပြောသလို နှစ်ပတ်ပြည့်သည့်နေ့။ ဒီနေ့သည် သူ့အတွက် အရေးအကြီးဆုံး ဖြစ်သည်။ ထိုနှစ်ပတ်အတွင်း ကောင်မလေးက တွေ့နေမြင်နေကျ သူ့ကိုမတွေ့ရ၍ တစ်စုံတစ်ရာ ခံစားသွားရမည်ဟု ကိုခန့်က တွက်ထား၏။ သူ တွက်ထားသလို လည်း ဖြစ်လာလိမ့်မည်ဟု ဆို၏။

ဒါပြီးရင် ဘာဆက်လုပ်ရမလဲ။

ထိုကိစ္စအတွက် ကိုခန့်ဆီသို့ သူသွားရလိမ့်မည်။ ထို့ကြောင့် ရေမိုးချိုး အဝတ်အစားလဲ၍ ကိုခန့်ရှိရာသို့ သူထွက်လာခဲ့လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

နှစ်ပတ်အတွင်း အပြင်လောကနှင့် အဆက်ဖြတ်နေရာမှ ပထမဆုံး ခြံပြင်ထွက်လိုက်ရသောကြောင့် ရင်ထဲမှာ ရုတ်တရုတ် ပေါ့ပါးလန်းဆန်းသွားရ၏။ ထို့ကြောင့် အပြင်လေကို မက်မောစွာ တစ်ချက်ရှူရှိုက်လိုက်ကာ-

"အား... လား... ရင်ထဲကို ပေါ့သွားတာပဲ... ငါ့အတွက် ကံကောင်းခြင်းတွေ အားလုံးဖြစ်ပါစေ"

သူ... ရင်ထဲမှာ ပေါ့ပါးစွာ ဆုတောင်းလိုက်ရင်း ကိုခန့်ဆီ သို့ ပေါ့ပါးသောခြေလှမ်းများနှင့်...

"ကိုခန့်"

"ဟာ... ကောင်လေး လာ... လာ၊ မင်းဒီနေ့ ငါ့ဆီ ရောက်လာမယ်ဆိုတာ ငါခန့်မှန်းပြီးသားပါ။ ငါလည်း မင်းကို မျှော်နေတာကွ"

လင်းအဂ္ဂ၊ ကိုခန့်အိမ် ရောက်သွားတော့ အိမ်ရှေ့ ညှော်ခန်း မှာ ဂျာနယ်တစ်စောင်ဖတ်ရင်း ထိုင်နေသည့် ကိုခန့်ကို တွေ့ရ၏။ ကိုခန့်က လင်းအဂ္ဂကိုတွေ့တော့ ပြုံးပြုံးရယ်ရယ်နှင့် နှုတ်ဆက်၍



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်ကို စားပွဲအောက်သို့ ထိုးထည့်လိုက်၏။ လင်းအဋ္ဌက ကိုခန့် ထိုင်နေတဲ့ ရှေ့တည့်တည့်ကခုံမှာ ဝင်ထိုင်လိုက်ရင်း–

"ကျွန်တော်လည်း ကိုခန့်ဆီကို လာချင်နေတာပါဗျာ၊ ကိုခန့်က နှစ်ပတ်လောက် အိမ်တွင်းအောင်းဆိုလို့ အောင်းနေရတာ"

"ဒါပေါ့ကွာ… ဒီလိုလုပ်လိုက်တဲ့အတွက် အဲဒီအကျိုးတွေ မင်း ခံစားလာရမှာပါ"

"ကိုခန့်ကတော့ အပိုင်တွက်နေတာပဲ။ ဘယ်လိုအကျိုးတွေ ခံစားရမှာလဲ ပြောစမ်းပါဦး"

"ဟဲ… ဟဲ… နောက်တော့ မင်းသိရမှာပေါ့ကွာ။ ကိုခန့်တို့က မပိုင်ရင် ခြင်တောင်မရိုက်ဘူး လက်နာလို့။ မင်းခဏစောင့်တော်ကြာဆို မင်းရဲ့တိုးတက်မှုတွေ သိရမှာပါ"

"ကျွန်တော်က ဘယ်သူ့ကို စောင့်ရမှာလဲ"

"မင်း ချစ်တီးကိုသိလား"

ကိုခန့်က ပြုံးပြုံးလေး မေးလိုက်သည်။ လင်းအဋ္ဌက တစ်ချက်စဉ်းစား၍–

"ဂျာနယ်ရောင်းတဲ့ ချစ်တီးလား"

"ဟုတ်ပကွာ… အဲဒီ ကုလားလေး ချစ်တီးကို ပြောတာပေါ့"

"ကျွန်တော့်ကိစ္စက ချစ်တီးနဲ့ ဘာများသက်ဆိုင်လို့လဲ"

"သက်ဆိုင်ပါပကောလား၊ ချစ်တီးက ဒီ[illegible]မှာ

www.burmeseclassic.com



အကောင်းဆုံး ဇာတ်ပို့တစ်ယောက်ပဲကွ၊ ဟဲ… ဟဲ… ဘာလို့လဲ သိလား”

“ဟင့်အင်း မသိဘူး”

“မသိရင် သေသေချာချာ နားထောင် ချစ်တီးက မင်းကောင်မလေးအိမ်က အိမ်ဖော်မလေး မိစိမ်းနဲ့ ကြိုက်နေတာကွ”

“အဲဒါနဲ့”

“အဲဒါဆို သဘောပေါက်တော့ပေါ့ ငါ့ကောင်ရာ၊ မင်းနဲ့ မင်းကောင်မလေးကြားမှာ ချစ်တီးတို့စုံတွဲက အကောင်းဆုံး ပံ့ပိုးမှုတွေ ပေးနိုင်တယ်လေ”

လင်းအဂ္ဂ သဘောပေါက်သလိုလိုတော့ ရှိလာသည်။ သူနဲ့ မတွေ့ခဲ့သည့် နှစ်ပတ်အတွင်း ကိုခန့်က အကွက်စေ့အောင် အားလုံး စီစဉ်ထားသည်ပဲ။ အဲဒီအတွက်တော့ ကိုခန့်ကို ကျေးဇူးတင်မိ၏။

“ကောင်လေး”

“ဗျာ”

“မင်း အဖွဲ့အနွဲ့လေးတွေနဲ့ ရည်းစားစာလေးတစ်စောင်တော့ ရေးဖို့လိုပြီ”

“ရည်းစားစာ ဟုတ်လား”

“ဟုတ်တယ် ကောင်လေး မင်းဖူးပွင့်ငုံကို ရည်းစားစာ ပေးရမယ်၊ အဲဒီအတွက်လည်း ချစ်တီးက သူ့ကောင်မလေး မိစိမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ပေးပေးပို့ ပြောပြီးသွားပြီ"

"ဟာ… ကိုခန့် ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ ကောင်လေးရာ။ လောကမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး။ ကိုယ့်ကိုကိုယ်သာ ယုံကြည်မှု အပြည့် ထားစမ်းပါ"

"ဒါနဲ့ ကောင်မလေးက ကျွန်တော့်အပေါ်ကိုရော…"

"မပူနဲ့ ကောင်လေး အဲဒီ့အတွက် ချစ်တီးဆီက သတင်းရ ပြီးပြီ။ မိစိမ်းပြောပြချက်အရ ဖူးပွင့်ငုံက ဒီရက်ပိုင်းတွေမှာ တမှိုင်မှိုင် တတွေတွေနဲ့တဲ့။ ပြီးတော့ ညဘက်တွေဆို သူ့အခန်းထဲကနေ အုတ် ခုံကြီးကို ကြည့်ကြည့်ပြီး သက်ပြင်းတွေ ချနေတယ်လို့ ပြောတယ်"

"အဲဒါက"

"အဲဒါက မင်းကြောင့်ပေါ့ ကောင်လေးရာ၊ တခြား အကြောင်း ဘယ်ရှိမှာလဲ၊ လတ်တလော မင်းနဲ့ဖြစ်ထားတဲ့ စာတ်လမ်းတွေကြောင့် သူ့စိတ်မှာ အားလည်းနာ ကိုယ်ချင်းလည်းစာ ဖြစ်နေတာပေါ့၊ ဒီကြားထဲ မင်းကို မတွေ့ရတော့ ပိုဆိုးတယ်"

ဟုတ်တာ မဟုတ်တာတော့ မသိ။ ကိုခန့်ကတော့ သူ့ အတွေးနဲ့သူ ဟုဖော်နေသည်။

"ကောင်လေး"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် သိမ်မွေ့လှပတဲ့ ရည်းစားစာတစ်စောင် လိုချင်တယ်နော်"

"ဟုတ်ကဲ့... ဒါပေမဲ့ ကျွန်တော် တစ်ခါမှ ရည်းစားစာ မရေးဖူးဘူးဗျ"

"ဘာခက်လဲကွာ၊ မင်းနှလုံးသားထဲက ထွက်လာတဲ့ စကားလုံးလေးတွေကို စာစီချလိုက်ပေါ့"

ဤသို့ဖြင့် ကိုခန့်နှင့်သူ စကားကောင်းနေစဉ် ချစ်တီးရောက်လာသည်။ ကိုခန့်ကပဲ ချစ်တီးကို အိမ်ကိုလာရန် ခေါ်ထားခြင်းဖြစ်၏။ ချစ်တီးကိုတွေ့တော့ ကိုခန့်က မိစိမ်းဆီက သတင်းကြားရသမျှတွေ ပြောပြနိုင်း၏။ ချစ်တီးက လင်းအဂ္ဂကို သူကြားခဲ့သမျှ ပြောကာ ပြသည်။ ချစ်တီးပြောပြတဲ့စကားတွေက ခုန ကိုခန့် ပြောခဲ့တဲ့ စကားတွေပင် ဖြစ်၏။

အခုတစ်လော ဖူးပွင့်ငုံ မှိုင်မှိုင်နေကြောင်း။

ညဘက်တွေဆိုရင်လည်း အုတ်ခုံကြီးကို ကြည့်ပြီး တွေဝေးမောနေကြောင်း စသည်ဖြင့်...

ချစ်တီး စကားဆုံးသွားတော့ သူတို့နှစ်ယောက်လုံးကို ကြည့်၍-

"အစ်ကိုတို့ကို ကျွန်တော်နဲ့ မိစိမ်းက အစွမ်းကုန် ကူညီပါ့မယ်။ ဒါပေမဲ့ ကျွန်တော်တို့ကို ကတိတစ်ခုလောက်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ"

လင်းအဂ္ဂက မေးလိုက်တော့ ချစ်တီးက ရယ်ကျဲကျဲနှင့်...

"တခြားတော့ မဟုတ်ပါဘူး အစ်ကိုတို့ရယ်၊ ကျွန်တော်နဲ့ မိစိမ်းကိစ္စလေးကို ဘယ်သူမှ မသိအောင် လျှို့ဝှက်ထားပေးပါလို့ ပြောချင်လို့ပါ"

"ဒါလေးများကွာ စိတ်ချစမ်းပါ။ ငါတို့ဘက်က မင်းတို့ ကိစ္စ သတင်းမပေါက်ကြားစေရဘူး စိတ်ချ"

ချစ်တီး ပျော်သွား၏။

"ကျေးဇူးတင်ပါတယ် အစ်ကိုတို့ရယ်၊ မိစိမ်းကလည်း အဲဒီကိစ္စ သူတို့အိမ်ကသိသွားမှာ တော်တော်ကြောက်နေတာ"

"စိတ်ချလို့ပြောလိုက်"

"ဟုတ်ကဲ့"

ထို့နောက် ချစ်တီး ပြန်သွားသည်။ မပြန်ခင် မနက်ဖြန် နေ့လယ်ပိုင်း ကိုခန့်အိမ်သို့ ရည်းစားစာလာယူရန် အချိန်းအချက် ပြုလုပ်သွား၏။

ချစ်တီးပြန်ပြီး ခဏကြာတော့ လင်းအဂ္ဂပါ ကိုခန့်အိမ်က ထပြန်လာခဲ့ပါတော့သည်။ သူ့ရင်ထဲမှာ ရည်းစားစာအတွက် ရင်တွေ ခုန်လို့...



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ ရည်းစားစာတစ်စောင်ကို ဖြစ်ဖြစ် မြောက်မြောက် ရေးပြီးဖို့ဆိုတာ လွယ်လှသည့်ကိစ္စတော့ မဟုတ်။ သူများတွေအတွက်တော့ မသိ။ သူကတော့ တော်တော်တိုင်ပတ်နေသည်။ ဘယ်ကဘယ်လို စရေးရမှန်းလည်း မသိ၍ ကြားဖူးနားဝ စာကြောင်းတချို့နှင့် စမိသည်။

သို့/-

အကြောင်းအရာ။ ကျွန်တော် လင်းအဂ္ဂမှာ ဖူးပွင့်ငုံထံသို့ ချစ်သဝဏ်လွှာတင်ပြ၍ မေတ္တာအစစ်မှန် ပြန်လည်တောင်းခံခြင်း။

ကိုယ့်စာကိုယ်ကြည့်ပြီး စိတ်တိုင်းမကျ၊ အလုပ်လျှောက်လွှာလိုလို၊ ချိတ်ပိတ်တင်ဒါလိုလို ဖြစ်နေသည်။ ထို့ကြောင့် စာရွက်ကို လုံးခြေ၍ အမှိုက်တောင်းထဲ လွှင့်ပစ်လိုက်ရသည်။ ထို့နောက် နောက် တစ်ရွက်မှာ ထပ်ရေးဖြစ်သည်။

ဖူးပွင့်ငုံရယ် မင်းကို ကိုချစ်တယ်။

ကိုယ့်ရဲ့မေတ္တာဟာ အလျားအနံမရှိပေမဲ့ အသွားအပြန် တော့ရှိပါတယ်။ အဲဒါကြောင့် ပြာမလိုလိုနဲ့စိမ်း လာမလိုလိုနဲ့ မယိမ်း လိုက်ပါနဲ့နော်…

သိပ်မကြိုက်၊ ကာရံတွေ နဘေတွေနဲ့ဆိုတော့ နားရှုပ်သွား နိုင်သည်။ ထို့ကြောင့် ပထမတစ်ရွက်လိုပင် အမှိုက်တောင်းထဲသို့…



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရွက်မှာတော့ မရေးခင်ကတည်းက ခေါင်းထဲမှာ စာစီကြည့်သည်။ ကျေနပ်ပြီဆိုတော့မှ ချရေးမိ၏။

ဖူးပွင့်…

နာမည်သုံးလုံးထဲက ရှေ့နှစ်လုံးကို အဖျားဆွတ်ပြီး ဖူးပွင့်လို့ ခေါ်ပါရစေနော်။ အဲဒီ့အတွက် ဖူးပွင့် ခွင့်လွှတ်ပေးပါလို့ အရင်ဆုံး တောင်းပန်အပ်ပါတယ်။

ဖူးပွင့်ကို ကိုယ်စတင် သတိထားမိတာ ကိုယ်တို့ရပ်ကွက် ထဲကို ပြောင်းလာတဲ့ အချိန်ကတည်းက ဆိုပါတော့။ ဖူးပွင့်ကို တခြားလူတွေနည်းတူ ကိုယ်လည်း နေ့စဉ်နဲ့အမျှ စောင့်ကြည့်နေခဲ့ တာပါ ဖူးပွင့်ရယ်… အမှန်တိုင်းဝန်ခံရရင် ကိုယ်က မမီတဲ့ပန်းကို တုံးခုလှမ်းတဲ့ လူတစ်ယောက်လို့ ဆိုချင်ဆို… ဖူးပွင့်ကို ကိုယ် အရမ်းချစ်တယ်…

အဲ့ဒီနေရာမှာ စာကို ခဏရပ်လိုက်သည်။ ထို့နောက် ရင်ထဲ က နောက်ထပ်ထွက်ကျလာတဲ့ စကားလုံးတွေကို စာစီ၍ တစ်လုံး ချင်းဆက်၍ ရေးချလိုက်၏။ စာရေးရတာ အရင်ကလောက် အခက် မတွေ့တော့။ ကိုယ့်ကိုကိုယ် ဒီလိုစကားလုံးလှလှတွေ တစ်သက်လုံး မထွက်တော့ဘူးဟု ထင်ထားသည့် စကားလုံးတွေ ထွက်ကျလာ၏။

စာက ရေးရင်းရေးရင်နှင့်လည်း ဗီလင်တွေ တက်လာ သည်။ ဖူးပွင့်ငုံတော့ မသိ။ သူ့စာသူပြန်ဖတ်ပြီး တော်တော်တောင်



www.burmeseclassic.com

www.burmeseclassic.com



ကြွေသွားပြီ။

ထို့နောက် လျှောက်လွှာစာရွက် နှစ်မျက်နှာတိတိ ရေးပြီး သည့်နောက် သူ့အရေးအသားတွေကိုရပ်လိုက်ကာ စာရွက်ကို သုံး ခေါက် အညီအညာခေါက်၍ အသင့်ထုတ်ထားသော စာအိတ်လေး ထဲသို့ထည့်ပြီး ပိတ်လိုက်ပါတော့၏။

ထို့နောက် စာအိတ်ကလေးကို ကြည့်၍-

ချစ်တယ် ဖူးပွင့်ငုံရယ်ဟု ရင်ထဲမှ တိုးတိုးလေး ရေရွတ် လိုက်ပါတော့သည်။

ဒါ သူ့ဘဝအတွက် ပထမဆုံး ရည်းစားစာ…

ဒါ သူ့ဘဝအတွက် ပထမဆုံး အချစ်…

စာအိတ်ကလေးကို ကိုင်ထားရင်း ရင်ထဲမှာ သွေးလှည့်ပတ် မှုတွေ မြန်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)



www.burmeseclassic.com

www.burmeseclassic.com



မိစိမ်း သူ့မမလေးနားသို့ ဘယ်လို ချဉ်းကပ်ရမလဲဆိုတာ ချောင်းနေမိသည်။ ဒီနေ့ကျမှ မင်္ဂလာဆောင် တစ်ခုသွားရန်ရှိနေ၍ အိမ်မှာ အလုပ်ရှုပ်နေကြ၏။ သွားမှာက ဖူးပွင့်ငုံရဲ့ အဖေနဲ့ အမေ ဖြစ်သည်။ ထို့ကြောင့် ဖူးပွင့်ငုံက သူမအမေကို အဝတ်အစား ဝတ်ရာမှာ ပါဝင်ကူညီပြီး ကူလုပ်ပေးနေ၏။ ထို့ကြောင့် မိစိမ်းခမျာ သူ့မမလေးအခန်းသို့ဝင်ပြီး စာအိတ်ကိုထားရန် အခွင့်မသာသေး။ အဘယ့်ကြောင့်ဆိုသော် သူ့မမလေးက အခန်းတံခါးကို သော့ခတ် ထားသောကြောင့် ဖြစ်၏။ သူမကတော့ သူ့အမေအခန်းထဲမှာ…

ဖူးပွင့်ငုံ၏အမေ ဒေါ်ခင်သစ်သည် သူ့သမီး လှမ်းပေးလိုက်သော စိန်နားကပ်ကို နားမှာတပ်ရင်း မှန်တင်ခုံမှ တစ်ဆင့်သူ့သမီး ကိုကြည့်၍…

"လိုက်ခဲ့ပါလား သမီးရယ်၊ ဟိုက သမီးပါမလာရင် တဖွဖွမေးနေမှာ… မအေးစိန်တို့ဆိုတာလည်း ကိုယ်နဲ့ ရပ်ဆွေရပ်မျိုး တွေလို နေလာကြတာလေ"

"သွားပါမေမေရယ်၊ သမီးက နှိုက်ဂျူတီဆင်းထားလို့



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းနေလို့ပါ။ သူတို့ကိုလည်း ကြည့်ကောင်းအောင် ပြောလိုက်ပါ"

"အေးပါ၊ ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ သတို့သမီးကတော့ ငါ့သမီးမပါလို့ စိတ်ဆိုးမှာ မြင်ယောင်သေးတယ်"

"လွှဲလွဲကို သမီးနောက်မှ ဖုန်းဆက်ပြီး တောင်းပန်လိုက်ပါ့မယ်။ ဒါနဲ့ လက်ဖွဲ့ကိုတော့ ပိုက်ဆံပဲဖွဲ့မှာလား"

"ဟုတ်တယ်သမီး၊ သူတို့က ဒီမင်္ဂလာဆောင်မှာ လက်ဖွဲ့ရတဲ့ ပိုက်ဆံတွေ အကုန်လုံးကို ကုသိုလ်ဖြစ် နေရာတစ်ခုခုကို လှူမယ်လို့ ပြောနေတယ်။ အဲဒါကြောင့် မေမေလည်း ကုသိုလ်ရအောင် ပိုက်ဆံပဲ လက်ဖွဲ့လိုက်တာကွဲ့"

"ကောင်းပါတယ်မေမေရယ်၊ ပစ္စည်းဥစ္စာဆိုတာလည်း သူတို့မှာ ပေါများနေတာပဲဟာ"

ယနေ့ မင်္ဂလာဆောင်သည့် လွဲလွဲတို့က သူတို့နှင့် ယခင်ကတည်းက မန္တလေးမှာ ခင်မင်လာကြသော မိတ်ဆွေများ ဖြစ်ကြသည်။ ဖူးပွင့်ငုံနဲ့လည်း ညီအစ်မတွေလို ရင်းနှီး၏။

ဒေါ်ခင်သစ်က စိန်နားကပ်တပ်ပြီးနောက် သူ့ကိုယ်သူ မှန်ထဲမှာကြည့်ပြီး ကျေနပ်နေ၏။ ထို့နောက် မတ်တတ်ရပ်လိုက်ကာ အင်္ကျီကို တစ်ချက်ဆွဲချပြီး…

"သွား… သမီးအဖေကို သွားပြော၊ အမေ ပြီးပြီလို့၊



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အဆင်သင့်လုပ်ထားလို့"

"အမလေး၊ အဖေက အစောကြီးကတည်းကပြီးလို့ ကားရေဖြည့်နေတယ်၊ မေမေသာ ကြာနေတာ"

ဒေါ်ခင်သစ်က ပြုံး၍ အခန်းထဲမှ ထွက်လိုက်၏။ ထို့နောက် ဧည့်ခန်းကိုရောက်တော့ သူတို့ကို အူကြောင်ကြောင်နဲ့ ကြည့်နေသော မိစိမ်းကို တွေ့လိုက်ရသည်။ မိစိမ်းက ဖူးပွင့်ငုံအခန်းကို ဝင်ဖို့ ချောင်းနေရင်း သူတို့ကိုတွေ့တော့ လက်ထဲမှာ ကိုင်ထားသည့် စာအိတ်လေးကို ဘယ်နားဝှက်လို့ ဝှက်ရမှန်းမသိ ဖြစ်သွားစဉ် ဒေါ်ခင်သစ်က လှမ်းကြည့်၍-

"ဟဲ့ မိစမ်း ပေးစမ်း လက်ဖွဲ့စာအိတ်၊ နင့်ဦးလေး ပေးသွားတာမလား"

မိစိမ်း ကြောင်တောင်တောင်ဖြစ်နေစဉ် ဒေါ်ခင်သစ်က စိတ်မြန်လက်မြန်နှင့် မိစိမ်းလက်ထဲမှ စာအိတ်ကို ဖျတ်ခနဲ ဆွဲယူလိုက်သည်။

"အဲ... အာ.. မေမေကြီး... အဲ... အဲဒါ"

ဒေါ်ခင်သစ်က ကယောင်ချောက်ချားဖြစ်နေသော မိစိမ်းကို ကြည့်၍...

"နင် ဘာဖြစ်နေတာလဲ၊ ဒါ နင့်ဦးလေး ပေးခိုင်းလိုက်တဲ့ စာအိတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သစ်က မိစိမ်းလက်ထဲမှ စာအိတ်ကို လက်ဖွဲ့စာအိတ်ဟု ထင်နေသည်။ မိစိမ်း ဘာလုပ်ရမှန်းမသိတော့ သူသိတာ ဒီအချိန်မှာ ကြောက်လွန်းလို့ ဒူးတွေတောင် တုန်နေသည်။ အဲ့ဒီစာအိတ်ကိုလည်း ရည်းစားစာဟု ပါးစပ်က ဘယ်လိုမှ ပြောမထွက်တော့။ ထို့ကြောင့် ကြောက်လန့်တကြားနဲ့ပဲ ခေါင်းညိတ်ပြလိုက်မိ၏။

ဒေါ်ခင်သစ်က စာအိတ်ကိုကြည့်၍-

"နင်တို့ဦးလေးကလေ နမော်နမဲ့နဲ့ စာအိတ်မှာ နာမည်မရေးရသေးဘူး ကြည့်ဦး။ အဲဒါကြောင့် ဘယ်နေရာမှာမှ ငါ စိတ်မချတာ။ သမီးရော့ စာအိတ်မှာ နာမည်ရေးစမ်း"

ဖူးပွင့်ငုံက သူမကို လှမ်းပေးသော စာအိတ်ကိုယူ၍ သူ့အဖေနဲ့အမေနာမည် ရေးပေးလိုက်သည်။ မိစိမ်း မျက်စိ၊ မျက်နှာတွေပျက်ပြီး ထိုရှေ့မှ လစ်ထွက်ဖို့လုပ်၏။ ဒေါ်ခင်သစ်က မိစိမ်းကို ကြည့်၍-

"ဟဲ့… နင်တို့ဦးလေးရော"

"က… က… ကားထဲမှာ စောင့်… စောင့်နေတယ် မမကြီး"

"အေး… ဒါဆို ငါတို့သွားမယ်၊ မနေ့က ကျန်တဲ့ဟင်းတွေ ရေခဲသေတ္တာထဲကထုတ်ပြီး နွေးထားလိုက် ကြားလား"

"ဟုတ်… ဟုတ်… ဟုတ်ကဲ့ မမကြီး"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခင်သစ် ထွက်သွားသည်။ ဖူးပွင့်ငုံက သူမအခန်းထဲသို့ အနားယူရန် ဝင်သွားတော့သည်။ မိစိမ်းတစ်ယောက်သာ ဧည့်ခန်းထဲတွင် သွေးပျက်ချောက်ချားစွာ ကျန်ခဲ့၏။

ရည်းစားစာ၊ အဲဒီရည်းစားစာကိုသာ မင်္ဂလာဆောင်တဲ့ လူတွေ တွေ့သွားကြလျှင်…

မိစိမ်း ဆက်မတွေးရဲတော့၊ အားလုံး ဒုက္ခရောက်ကုန်တော့မည်ဟုတွေးရင်း ဇောချွေးတွေ ပြန်လာမိပါတော့၏။

သူ ဘာလုပ်ရမလဲ။

အချိန်တွေသည် စက္ကန့်တံလေး ရွေ့လျားနေတာနဲ့အမျှ တရွေ့ရွေ့ ကုန်လာပါတော့၏။ မိစိမ်းတစ်ယောက် ဧည့်ခန်းထဲမှာ ဟိုလျှောက်လိုက် ဒီလျှောက်လိုက်နှင့် တစ်နာရီကျော်ကျော် ကြာသွားသည်။

နောက်ဆုံးတော့ သူမ ခိုင်မာတဲ့ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါတော့၏။

သူ့ အလုပ်ပြုတ်ချင် ပြုတ်ပါစေတော့။ သူမအပေါ် အမြဲတမ်းကောင်းခဲ့သည့် မမလေး၏ ဂုဏ်သိက္ခာအတွက် သူမ ဖူးပွင့်ငုံထံသွား၍ အားလုံး ဖွင့်ပြောရန် ဆုံးဖြတ်လိုက်ပါတော့၏။ ထို့ကြောင့် ဖူးပွင့်ငုံအခန်းသို့ သူမ လှမ်းသွားလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိစိမ်းက ဖူးပွင့်ငုံအခန်းကိုဖွင့်ကာ ဝင်လာလိုက်သည်။ အခန်း ထဲရောက်တော့ ဖူးပွင့်ငုံကို ခုတင်ပေါ်မှာ လှဲနေတာ တွေ့လိုက်ရ၏။ သူမ ဖူးပွင့်ငုံအနားသို့ မဝံ့မရဲလေး တိုးကပ်သွားကာ…

"မမလေး"

ဖူးပွင့်ငုံက လှဲနေရာမှ တစ်ချက်လှည့်ကြည့်ပြီး မေးငေါ့ကာ ပြ၏။ ဘာလဲဆိုသည့်သဘော။

မိစိမ်းက သူမအိပ်နေသည့်ဘေးမှာ ထိုင်ချလိုက်ကာ…

"မမလေးကို မိစိမ်း ပြောစရာရှိလို့"

"ဘာပြောမလို့လဲ"

"ဟိုလေ… ဟိုဟာ… ဟိုဒင်း"

"အမလေး မိစိမ်းရယ်၊ ပြောစရာရှိတာသာ ပြောစမ်းပါ၊ နင့်ကြည့်ရတာ အူတိအူကြောင်နဲ့ ဘာလဲပြော"

"ဟို… ဟိုဟာ… ခု… ခုနက မင်္ဂလာဆောင် လက်ဖွဲ့ လေ… အဲဒါ"

"အေး… အဲဒါ ဘာဖြစ်လဲပြော"

"အဲ… အဲဒါ လက်ဖွဲ့ပိုက်ဆံအိတ် မဟုတ်ဘူး"

"ဟင်… လက်ဖွဲ့ပိုက်ဆံအိတ် မဟုတ်လို့ အဲဒါ ဘာလဲ"

"အဲ… အဲဒါ ဟိုအစ်ကိုကြီးက မမလေးကို ပေးတဲ့ ရည်းစား စာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဖူးပွင့်ငုံ လဲလျောင်းနေရာမှ ရုတ်တရက် ထထိုင်လိုက်သည်။ ပြီးနောက် မျက်လုံးပြူး၊ မျက်စံပြူးနှင့်-

"နင် ငါ့ကို ဘာပြောလိုက်တာလဲ ပြန်ပြောစမ်း"

"အဲ... အဲဒါ ဟိုအစ်ကိုကြီးပေးတဲ့ ရည်းစားစာလို့"

"ဘာ... ဘယ်လို... ဘယ်အစ်ကိုကြီးလဲ"

"ဟို... ဟိုအစ်ကိုကြီးလေ... ဟိုတစ်ခါ အိမ်ရှေ့မှာ လာပြီး မယ်ဒလင်လာတီးတဲ့ အစ်ကိုကြီး"

"အမလေး... ဘုရား... အဲဒါကို နင် ငါ့ကို အစက ဘာလို့ မပြောတာလဲ၊ နင်နဲ့ အဲဒီလူနဲ့ ဘယ်လိုတွေ့တာလဲ"

မိစိမ်းလည်း အခုမှတော့ မထူးတော့ပြီမို့ ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြလိုက်ရတော့သည်။ မပြောပြလို့လည်း မရတော့။ ကိစ္စတွေက အားလုံး ရှုပ်ထွေးကုန်လေပြီ။

မိစိမ်း ရှင်းပြတာကို ဖူးပွင့်ငုံက နားထောင်ပြီး သူ့ရင်ဘတ်လေး သူ ဖိလိုက်ကာ...

"ဘုရား... ဘုရား... အားလုံးတော့ ဒုက္ခရောက်ကုန်တော့မှာပဲ၊ ငါတော့ သေသာ သေလိုက်ချင်တော့တယ် မိစိမ်းရယ်"

"မိစိမ်း တောင်းပန်ပါတယ် မမလေးရယ်၊ မိစိမ်းကို ကြိုက်တဲ့အပြစ်သာ ပေးပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို အပြစ်ပေးတာနောက်၊ အခု ပြဿနာတွေ အကြီးအကျယ်တက်တော့မယ် ဘယ်လိုလုပ်မလဲ"

"ဟို… ဟိုဟာလေ၊ အဲဒီစာအိတ်ကို သွားပြန်ယူလိုက်ပါလား"

"နင်ပြောတော့ လွယ်တယ်၊ ဟိုမှာ မဂ်လာဆောင်ကပြီးပဲ ပြီးတော့မယ်၊ ကဲ အဲဒါဆို နင့် ဟိုတစ်ယောက်ကို ငါ့ဆီခေါ်ခဲ့"

"ဘယ်တစ်ယောက်လဲဟင်"

"ဘယ်တစ်ယောက်ရှိရမှာလဲ၊ ငါ့ကို စာပေးတဲ့တစ်ယောက်ကို ပြောတာပေါ့။ သူ့မှာလည်း ဒီကိစ္စ တာဝန်ရှိတယ်၊ အမြန်သွားခေါ်ခဲ့"

မိစိမ်း သူမ အခန်းထဲက ပြေးထွက်သွားသည်။ ထို့နောက် လင်းအဂ္ဂကို အဆင်သင့် တွေ့ရ၏။ မိစိမ်းကိုတွေ့တော့ လင်းအဂ္ဂ ပြုံးပြလိုက်ကာ အခြေအနေကို မေးသည်။ မိစိမ်းပြောပြတာကို နားထောင်လိုက်တော့ လင်းအဂ္ဂ မျက်စိနှစ်လုံး ပြူးထွက်သွားကာ…

"ဟာ… အဲဒါဆို ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုမှ လုပ်မနေနဲ့၊ အဲဒါ မမလေးက အစ်ကို့ကို ခေါ်ခိုင်းလိုက်တယ်"

"ဟင်… သူက ငါ့ကိုခေါ်ပြီး ဘာလုပ်မလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မသိဘူး နောက်မှမေး၊ လာ မြန်မြန်လိုက်ခဲ့"

လင်းအဂ္ဂလည်း ဘာမှစဉ်းစားမနေတော့ဘဲ မိစိမ်းခေါ်ရာ နောက်သို့သာ လိုက်လာခဲ့ရတော့သည်။ ဟိုရောက်တော့ ဖူးပွင့်ငုံကို အဝတ်အစားလဲပြီး အိမ်ရှေ့ဧည့်ခန်းမှာ အဆင်သင့် ထိုင်စောင့်နေတာ တွေ့ရ၏။ လင်းအဂ္ဂကိုတွေ့တော့ ဖူးပွင့်ငုံက-

"ကဲ… ပြောစရာရှိတာ နောက်မှပြော၊ ရှင် အခု ကျွန်မနဲ့ လိုက်ခဲ့၊ ကျွန်မတို့ မင်္ဂလာဆောင်ကို မီဖို့လိုတယ်"

"သွားလေ… ကျွန်တော်လည်း မိစိမ်းပြောပြလို့ သိသင့်သလောက် သိပြီးပါပြီ၊ ဒါနဲ့ မင်္ဂလာဆောင်က ဘယ်မှာလဲ"

"ယုဇနဂါးဒင်းမှာ"

"ဒါဆို မြန်မြန်သွားရအောင်"

ဖူးပွင့်ငုံနဲ့ လင်းအဂ္ဂတို့ အိမ်ထဲမှ အမြန်ထွက်လာခဲ့၏။ လမ်းရောက်တော့ Taxi တစ်စီး အမြန်ငှားကာ ယုဇနဂါးဒင်း ဟိုတယ်သို့ ထွက်လာခဲ့လိုက်ပါတော့သည်။

နှစ်ယောက်စလုံး၏ ရင်ထဲမှာတော့ ရင်ခုန်သံတွေ ဗလောင်ဆူလျက်။

❤

ဟိုတယ်ကိုရောက်တော့ မင်္ဂလာဆောင်က ပြီးသွားပြီ။ သူတို့ ရောက်သွားချိန်မှာ သတို့သား၊ သတို့သမီးက ဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com



တွေကိုတောင် နှုတ်ဆက်နေပြီ။

ဖူးပွင့်ငုံကိုတွေ့တော့ သတို့သမီးက…

"ဟယ်… ဖူးပွင့်၊ အခုချိန်ကြီးကျမှ နင်က ဘယ်လို ရောက်လာ တာလဲ၊ အန်တီနဲ့ အန်ကယ်ပြောတော့ နင် နေမကောင်းဘူးဆို"

"လဲ့လဲ့ အဲဒါတွေ ငါ နောက်မှ ရှင်းပြမယ်၊ အခုချိန်က ငါ့အတွက် အရမ်းအရေးကြီးနေတယ်၊ နင်… နင်တို့လက်ဖွဲ့ငွေတွေ ထားတဲ့နေရာ ငါ့ကို လိုက်ပို့စမ်း"

လဲ့လဲ့က ဖူးပွင့်ငုံစကားကို နားမလည်နိုင်သလို ကြောင်တောင်တောင်လေး ဖြစ်နေသည်။ ဖူးပွင့်ငုံက လဲ့လဲ့ ယောင်ကြောင်ကြောင်ဖြစ်နေတာကိုကြည့်၍ စိတ်မရှည်နိုင်တော့ဘဲ လေသံနဲ့ ထပ်ပြီး….

"ဟဲ့… လဲ့လဲ့ ငါပြောနေတာ ကြားလား၊ ငါ့ကို အဲဒီနေရာ လိုက်ပို့လို့ ပြောနေတယ်လေ၊ ဒါနဲ့ ဖေဖေနဲ့ မေမေရော"

"အန်တီနဲ့ အန်ကယ် အခုလေးတင် ပြန်သွားတယ်၊ ဒါနဲ့ နင်က လက်ဖွဲ့ငွေကို ဘာလုပ်မလို့လဲ"

"လျှာရှာ ရှည်လိုက်တာဟယ်၊ ငါ နင့်ကို လက်ဖွဲ့တဲ့ လက်ဖွဲ့ ငွေစာအိတ် မှားသွားလို့ဟဲ့၊ အဲဒီ စာအိတ်က ငါ့အတွက် အရေးကြီး တယ်၊ အဲဒါကြောင့် ပြန်ယူမလို့ မေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"မာယဲ... အဲဒါမှ ဒုက္ခပဲ"

လှဲ့လှဲ့က မျက်လုံးလေးပြူးကာပြောတော့ ဖူးပွင့်ငုံက...

"ဘာ... ဘာဖြစ်လို့လဲဟင်"

"အဲဒါတွေအကုန်လုံး ငါ့အိမ်က သိမ်းသွားပြီဟဲ့"

"ဒါ... ဒါဆို အဲဒါတွေက နင့်အိမ်မှာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမဲ့ အိမ်မှာတောင် ရှိချင်မှ ရှိတော့မှာ၊ အမေတို့က ဗီဝိတာဒါနဆေးရုံကို တစ်ခါတည်း ဝင်လှူလိုက်မယ်လို့ ပြောသံကြားတယ်"

ဘုရား... ဘုရား၊ ရင်ထဲမှာ ဘုရားသာ တလိုက်မိပါတော့၏။ လင်းအဂ္ဂလည်း အဲဒီစကားကိုကြားတော့ မျက်စိမျက်နှာ အတော်ပျက်သွားလေသည်။

ဖူးပွင့်ငုံက လှဲ့လှဲ့ကို ကြည့်၍...

"ကဲ... ဒါဆို နင် ဖုန်းဆက်ပေးလို့ ရမလား၊ ဗီဝိတာဒါန ဆေးရုံကို သူတို့ သွားနေပြီလားလို့ မေးပေးစမ်းပါ"

"ဒါဆို ခဏ"

လှဲ့လှဲ့က လက်ကာပြ၍ ဟန်းဖုန်းတစ်လုံးကိုယူကာ သူ့ အမေတွေထံ ဖုန်းဆက်လိုက်သည်။ ခဏကြာတော့ ဖုန်းချလိုက်ပြီး ဖူးပွင့်ငုံထံ လှမ်းလာလိုက်ကာ...

"ရောက်တောင်နေပြီဟဲ့၊ ပိုက်ဆံအိတ်တွေကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်တွေကို လှူနေပြီလို့ ပြောတယ်”

ဖူးပွင့်ငုံနဲ့ လင်းအဂ္ဂ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။ ဘာဆက်လုပ်မလဲဆိုသည့် သဘော။

လင်းအဂ္ဂလည်း ဘာလုပ်လို့ လုပ်ရမှန်းမသိအောင် ဖြစ်နေချိန်တွင် ဖူးပွင့်ငုံက…

“ကဲ… ငါတို့လိုက်သွားရင်တော့ မီနိုင်သေးတယ်၊ ဒါဆိုလဲ့လဲ့ နောက်မှ အဲ့ဒီအကြောင်း ရှင်းပြမယ်၊ ငါတို့ကို ခွင့်ပြုဦး”

ဖူးပွင့်ငုံက လင်းအဂ္ဂလက်ကိုဆွဲကာ ဟိုတယ်ထဲမှ ခပ်သွက်သွက်လှမ်းထွက်လိုက်သည်။ လင်းအဂ္ဂလည်း ဖူးပွင့်ငုံ ဆွဲရာနောက် ကန့်လန့် ကန့်လန့်နဲ့ ပါသွား၏။ ဟိုတယ်အပြင်ရောက်တော့ ကားတစ်စီး အမြန်ငှားကာ ဓိဝိတဒါနဆေးရုံသို့ လှမ်းထွက်ခဲ့လိုက်ပါတော့သည်။ ဆေးရုံရောက်တော့ တာဝန်ကျဆရာဝန်အနေနှင့် တိုက်တိုက်ဆိုင်ဆိုင် ကိုကိုမောင့်ကို တွေ့ရ၏။

ကိုကိုမောင့်ကိုတွေ့တော့ ဖူးပွင့်ငုံ ပျော်သွားကာ လှမ်းခေါ်လိုက်ပြီး အလှူကိစ္စ အကျိုးအကြောင်းမေးသည်။ ကိုကိုမောင်က အခုလေးတင်ပဲ ဆေးရုံမှ ဆင်းသွားသည့် သံဃာတော်တချို့ကို လက်ဖွဲ့ငွေ ပိုက်ဆံအိတ်တွေ လှူလိုက်ကြောင်း ပြောပြသည်။ တချို့အိတ်တွေကိုတော့ ဆေးရုံမှာ ယခုလက်ရှိ တက်နေသည့် သူတွေကို လှူဒါန်းထားကြောင်း ရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမောင့် စကားဆုံးတော့ ဖူးပွင့်ငုံက…

"ဖူးပွင့်အတွက် အရေးကြီးတဲ့ စာတစ်စောင် အဲဒီလက်ဖွဲ့စာအိတ်ထဲမှာ ပါသွားတယ်။ အဲဒါကြောင့် ဖူးပွင့် ဒီအထိ လိုက်လာရတာပါ၊ ဖြစ်နိုင်မယ်ဆို အခု လက်ရှိ ရှိနေတဲ့ သံဃာတော်တွေဆီမှာ မေးကြည့်ပေးပါလား"

ကိုကိုမောင်ကလည်း ဖူးပွင့်ငုံကိစ္စဆိုတော့ လျှောလျှောရှူရှူပင် သဘောတူလိုက်သည်။ ထို့နောက် လက်ရှိသံဃာတော်တွေဆီက စာအိတ်တွေကို အကူအညီတောင်းကာ လိုက်ကြည့်သည်။ ကံမကောင်းစွာဘဲ ဖူးပွင့်ငုံ၏ စာအိတ်ကို မတွေ့ရ။

ကိုကိုမောင် သက်ပြင်းတစ်ချက် ချလိုက်၍…

"စိတ်မကောင်းပါဘူး ဖူးပွင့်ရယ်၊ ဖူးပွင့်လည်း မြင်တဲ့အတိုင်း စာအိတ်က ဒီမှာ မရှိတော့ဘူး"

"ဒါဆို ဘယ်ရောက်သွားလဲဟင်"

"တစ်ခုပဲ ရှိတော့တယ်၊ ဆေးရုံကဆင်းသွားတဲ့ သံဃာတော် တစ်ပါးပါးဆီကို စာအိတ် ရောက်သွားပြီလား မသိဘူး"

"ဒုက္ခပါပဲ"

လင်းအဂ္ဂရော ဖူးပွင့်ငုံပါ ထိုစကားကို ပြိုင်တူ ရေရွတ်လိုက်၍ သူတို့အနားမှာရှိသည့် ခုံတန်းလျားလေးမှာ ခြေပစ်လက်ပစ် ထိုင်ချ လိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမောင်လည်း စိတ်မကောင်းစွာ ခေါင်းခါလိုက်၍ ထိုနေရာမှ လှည့်ထွက်လာခဲ့တော့သည်။

"အဲဒါ ရှင့်ကြောင့်"

ဖူးပွင့်ငုံက ရုတ်တရက် ထပြောလိုက်သည်။ လင်းအဠ္ဌက သက်ပြင်းချလိုက်၍…

"ဖူးပွင့် အပြစ်တင်လည်း ခံရမှာပါပဲ၊ ကျွန်တော် မှားတာပါ"

"ဒီခေတ် ဒီအခါကြီးမှာ မိန်းကလေးတစ်ယောက်ကို ရည်းစားစာ ပေးရတယ်လို့ရှင်၊ အဲဒီခေတ်က ကုန်သွားပြီရှင့် နားလည်လား"

"ဟုတ်ကဲ့ ကျွန်တော် မှားပါတယ်"

"ရှင်ကတော့ မှားပါတယ်လုပ်နေ၊ အခု အဲဒီစာက ဘယ်က မှန်းမသိတဲ့ သံဃာတော်တစ်ပါးဆီ ရောက်သွားပြီ၊ ဘယ်လိုလုပ်မလဲ"

"ကျွန်တော် အမှားပါပဲဗျာ"

"ရှင် ဒီစကားပဲ ပြောတတ်လား"

"မှားတာကို မှားတယ်လို့ ဝန်ခံနေတာပါဗျာ၊ ကျွန်တော် နောက် မမှားစေရတော့ပါဘူး"

"ကျွတ်… ကွိုင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖူးပွင့်ႏု စိတ်ပျက်လက်ပျက် စုတ်သပ်ပစ်လိုက်၏။ ထို အချိန်တွင် ဆေးရုံအတွင်းသို့ သံဃာတစ်ပါး စိတ်ဆိုးမာန်ဆိုးနှင့် ရှူးရှူးရှဲရှဲ ဝင်ချလာသည်။ ထို့နောက် တာဝန်ကျ ဆရာဝန်ကို မေး၏။

"ခုန ဒီစာအိတ်တွေ လိုက်လှူတဲ့ ဒကာဆရာဝန်ရော၊ အဲဒီ ဒကာ ဆရာဝန်ကို ခေါ်ပေးစမ်း"

ဆေးရုံမှ သူနာပြုဆရာမလေးများက ကိုကိုမောင့်ကို ပြေး ခေါ်သည်။ ကိုကိုမောင်လည်း ဘုမသိ ဘမသိနဲ့ ပါလာပြီး...

"အရှင်ဘုရား ဘာများ ဖြစ်လို့ပါလဲ ဘုရား"

ထိုဆရာတော်ဘုရားက သူ့လက်ထဲက စာအိတ်ကို တစ်ချက် ထောင်ပြလိုက်ကာ...

"ဒကာတို့ ဒီလိုလုပ်ဖို့တော့ မကောင်းပါဘူး၊ လှူတယ် တန်းတယ်ဆိုရင်လည်း စာအိတ်လေး၊ ဘာလေး သေသေချာချာ စိစစ်ပြီးမှ လှူပေါ့ကွဲ... အခုဟာက"

"အရှင်ဘုရား ဒီစာအိတ်က ဘာဖြစ်လို့လဲ ဘုရား"

"သိချင်ရင် ဖွင့်ကြည့်... ရော့"

ကိုကိုမောင်က သူ့လက်ထဲရောက်လာသော စာအိတ်ကို ကြောင်တောင်တောင်နဲ့ကြည့်ကာ ဖွင့်ကြည့်လိုက်သည်။ စာအိတ် ထဲမှာ စာတစ်စောင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစာကို ဖတ်ကြည့်လိုက်ပြီးနောက်–

"ဟာင်… ရည်းစားစာကြီး"

"အေး… ဟုတ်တယ်၊ တို့လိုသံဃာတော်တွေဆိုတာ ဒီလို လောကီရေးရာကိစ္စနဲ့ ကင်းကင်းနေတာကွဲ၊ အဲဒီလို လူမျိုးတွေကိုမှ ဒီလိုလာပေးရသလား"

"အရှင်…၊ အရှင်ဘုရား ဒီကိစ္စ ဘယ်လို ဖြစ်သွားသလဲ ဆိုတာ တပည့်တော် မသိပါဘူးဘုရား"

"အေး… သိတာ မသိတာ နောက်မှထား၊ အခု ဘုန်းကြီး က Taxi ငှားလာတယ်၊ ပေးစရာဝတ္ထုငွေမရှိတော့ အဲဒီစာအိတ်ကိုပဲ ဖောက်ပြီးပေးဖို့လုပ်တော့ စာအိတ်က ဝတ္ထုငွေမပါဘဲ အဲဒီစာ ပါလာတယ်၊ အခု ဘယ်လိုလုပ်မလဲ"

ကိုကိုမောင်နဲ့ ဆရာတော်နားသို့ လင်းအဂ္ဂနဲ့ ဖူးပွင့်ငုံ ရောက်လာသည်။ ဖူးပွင့်ငုံက ကိုကိုမောင့်လက်ထဲမှ စာကို ဆက်ခနဲ ဆွဲယူလိုက်ကာ…

"တောင်းပန်ပါတယ် ဘုရား၊ တောင်းပန်ပါတယ် ဘုရား၊ တပည့်တော်မရဲ့ သူငယ်ချင်း မင်္ဂလာဆောင်ကို တစ်ယောက်ယောက် နောက်ပြီး ဒီစာအိတ်ကို လက်ဖွဲ့လိုက်တာပါ၊ အခု အရှင်ဘုရား အတွက် ဝတ္ထုငွေကိုလည်း တပည့်တော်ပဲ လှူပါရစေဘုရား"

ဖူးပွင့်ငုံက ပြောလည်းပြော၊ ပိုက်ဆံအိတ်ကိုနှိုက်၍ ဝတ္ထုငွေ



www.burmeseclassic.com

www.burmeseclassic.com



လှူလိုက်သည်။ ဆရာတော်ဘုရားလည်း ဝတ္ထုငွေယူ၍ ဆေးရုံထဲမှ ထွက်သွား၏။

ဖူးပွင့်ငုံက လင်းအငှကို မျက်ရိပ်ပြ၍ ကိုကိုမောင့်ကို နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ ကိုကိုမောင်တစ်ယောက် အူကြောင်ကြောင်နဲ့ ကျန်ခဲ့၏။ ပြီးနောက် ခုနစာထဲမှာပါသည့် စာသားတချို့ကို ရေရွတ်၍…

"ဟင်… ဒါ ဖူးလေးကို ပေးတဲ့ ရည်းစားစာပဲ၊ သွားပြီ… သွားပြီ လုံးဝသွားပြီ"

ကိုကိုမောင်တစ်ယောက် ကြက်ကြီး လည်လိမ်ထားသလို အော်ရင်း ကျန်ရစ်ခဲ့ပါတော့၏။ ဖူးပွင့်ငုံတို့ကတော့ ထွက်သွားပြီ ဖြစ်လေသည်။

"ဖူးပွင့်"

"ဘာလဲ"

"အခု ဖူးပွင့်လက်ထဲကို စာပြန်ရောက်လာပြီဆိုတော့ ဥစ္စာရှင်းမှန်လို့ပေါ့နော်"

"သွားပါ… ကံကောင်းလို့ ပြန်ရောက်လာတာ၊ နောက်ဆိုအရှက်ကွဲပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဖူးပွင့်က ဘာလို့ အဲဒီစာကို လိုက်ရှာတာဟင်"

"ကြော်... မရှာလို့ ရမလား၊ ဒါ ကျွန်မရဲ့ ဂုဏ်သိက္ခာလေ၊ တခြားသူတွေဆီ ရောက်သွားရင် ဘယ်လိုလုပ်မလဲ"

ဧဝိတာဒါနဆေးရုံရှေ့မှာ Taxi ငှားမလို့ စောင့်နေရင်း သူတို့ စကားပြောနေကြခြင်း ဖြစ်၏။

လင်းအဂ္ဂက ဖူးပွင့်မျက်နှာလေးကို ကြည့်လိုက်ရင်း...

"ဖူးပွင့်"

"ဘာလဲ... ခဏခဏပဲ ခေါ်နေတာပဲ"

"မှာလေး ဖတ်ကြည့်နော်"

"မဖတ်ဘူး ဖြဲပစ်လိုက်မှာ"

BURMESE CLASSIC

"ရတယ်လေ၊ ဒါဆို စာထဲမှာ ဘာတွေ ရေးထားလဲဆိုတာ တစ်ခါတည်း ရွတ်ပြလိုက်မယ်"

"ဟွန်း... လမ်းလယ်ကြီးမှာ မရှက်ဘူးလား"

"မရှက်ပါဘူး၊ ကျွန်တော်က ဖူးပွင့်ကို ချစ်နေတာကိုး"

ထိုအချိန်မှာ Taxi တစ်စီး ထိုးဆိုက်လာသည်။ ဖူးပွင့်ငုံက ကားပေါ် အမြန်တက်၍ Taxi ဒရိုင်ဘာကို မောင်းခိုင်းလိုက်၏။ လင်းအဂ္ဂတစ်ယောက်တည်း လမ်းဘေးမှာ ကျန်ခဲ့သည်။

သို့သော် ဘာပဲဖြစ်ဖြစ် လင်းအဂ္ဂပျော်သည်။ ဖူးပွင့်ငုံက သူ့ရဲ့စာလေးကို လိုလိုချင်ချင် ယူသွားသည်။ မကြာခင်သော



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလတစ်ခုတွင် သူနဲ့ ဖူးပွင့်ငုံသည်····

လေပြည်လေညင်းလေးတွေ တိုက်ခတ်နေပါ၏။

ထိုနေ့ညက အရက်တစ်လုံးပိုက်ကာ သူ့ကျေးဇူးရှင်ကြီး ကိုခန့်ထံသို့ သူ ပြေးသွားလိုက်သည်။ ကိုခန့်အိမ်ရောက်တော့ အိမ်ရှေ့ကြမ်းပြင်မှာ သတင်းစာတစ်စောင် ဆုပ်ကိုင်ထားရင်း ဆန့်ငင်ဆန့်ငင်နဲ့ အကြောဆွဲနေသော ကိုခန့်ကို တွေ့လိုက်ရ၏။

ကြည့်ရတာ ရုတ်တရက် လေဖြတ်သွားပုံ။

သူ ကိုခန့်ကို ပွေ့ချီရင်း သတင်းစာကို လှမ်းကြည့်လိုက်သည်။ သတင်းစာထဲတွင် 'ယွန်း' ဟုခေါ်သော အမျိုးသမီး တစ်ယောက်က သူ့သမီးလေးအတွက် မွေးနေ့ဆုတောင်း ထည့်ထားသော စာတစ်စု ဖတ်လိုက်ရ၏။ လင်းအဂ္ဂက -

"ယွန်းဆိုတာ ကိုခန့်ရဲ့ ကျောင်းတုန်းက ချစ်သူလား"

ကိုခန့် အကြောဆွဲနေရာမှ ကြိုးစားပြီး ခေါင်းညိတ်ပြရှာသည်။ ခဏနေတော့ သတိလစ်သွားသည်။ လင်းအဂ္ဂလည်း ဆေးရုံကား ခေါ်ပေးလိုက်ရ၏။ ကိုခန့် မကြာခင် သက်သာလာမည် ထင်မိ၏။ ကိုခန့်သက်သာရင်တောင် ရင်ထဲက ဝေဒနာတော့ ဘယ်သောအခါမှ ပုံမှန်ပြန်ဖြစ်တော့မှာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဩော်… လောကကြီးတွင် ကိုခန့်လို လေဖြတ်သွားသည် အထိ အချစ်ကို ခံစားတတ်သူတွေလည်း ရှိပါသည်။ သူလည်း ဖူးပွင့်ငုံအပေါ်တွင် ကိုခန့်ရဲ့အချစ်ကဲ့သို့ တစ်ပိုင်းသေအောင် သေတယန် သက်တစ်ဆုံး ချစ်ခင်သွားတော့မည်ဟု ရင်ထဲမှာ ခံစားလျှက်…

ကြိုးစားလျှက်

မိုးဆက်လင်းထက်

BURMESE CLASSIC



www.burmeseclassic.com